www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## ပန်းပေမို့..ကြွေမှာနိုးတယ်လေ...



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း (၀၉၉၇၃၉၂၈၃၇၇)

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချေး** - ၁၆၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

ပန်းပေမို့…ကြွေမှာစိုးတယ်လေ
မိုးစက်ပွင့်
ရွှေပဒေသာစာပေ၊ ၂၀၁၆၊ ရန်ကုန်။
၂၄၂-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ပန်းပေမို့…ကြွေမှာစိုးတယ်လေ




# ပန်းပေမို့ ကြွေမှာစိုးတယ်လေ



မိုးစက်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



ခွန်းက ကိုယ့်ရင်ထဲက အမြတ်နိုးဆုံး တော်ဝင်ပန်းကလေးတစ်ပွင့်ပါ။ ဒီပန်းကလေး ညှိုးနွမ်းသွားမှာစိုးလို့ ကိုယ်က အမြဲကာကွယ်နေခဲ့တဲ့ ပန်းကာဆူးပါ။ ဒါပေမဲ့ အဲဒီပန်းကို ခိုးချင်လို့ ဒီဆူးက အချိုးခံလိုက်ရတာပါ။

သရနောင်



နောက်ဆို ခွန်း ဘယ်တော့မှ နှင်းဆီပန်းမပန်တော့ဘူး။ သိမ်းထားစရာ ပန်းပွင့်တွေများလာရင် တယုတယ တန်ဖိုးမထားတော့မှာစိုးလို့။ အဲဒါကြောင့် ဒီပန်းက ခွန်းခေါင်းမှာ နောက်ဆုံးအကြိမ်ခစားခွင့်ရတဲ့ပန်းပဲ။ ပထမဦးဆုံးပန်တဲ့ နှင်းဆီနဲ့ နောက်ဆုံးပန်တဲ့နှင်းဆီ...နှစ်ပွင့်စလုံး 'ကို'ပဲ ပိုင်တယ်။

ခွန်းဆင့်ချို



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

"ဘာ…နင်က မိန်းမယူတော့မယ် ဟုတ်လား ခွန်း…အဲဒီစကားကို ပြန်ပြောလိုက်စမ်း။ နောက်ထပ် ပြန်ပြောလိုက်စမ်း"

"ဟုတ်တယ် ဖေဖေ… သား ယုယနဲ့ လက်ထပ်တော့မယ်။ ဖေဖေတို့ သဘောမတူတာသိလို့ တိုင်ပင်တာတော့ မဟုတ်ဘူး။ အသိပေးတာပါ"

"တောက်…ကွာ"

"ဖေကြီး"

ခင်ပွန်းသည် ခွန်းဆီကိုသွားမယ်လုပ်တော့ ဒေါ်ကေခိုင်ဦးလက်မောင်းကို ဆွဲထားလိုက်ရသည်။ ဆွဲမထားလို့ မရဘူးလေ။ ခွန်းအနားရောက်သွားရင် နားရင်းအုပ်မလား၊ ပါးရိုက်မလား။ တစ်ခုခုက အသေအချာပဲဉစ္စာ။ ရိုက်ရင် သက်သာမှာမဟုတ်ဘူးလေ။





ဦးမြင့်လွင်က စိတ်တိုပါဘိသနဲ့။

ခွန်းကလည်း ခွန်းပါပဲ။ မဖြစ်နိုင်တာကိုမှ ဇွတ်တိုးလုပ်ချင်တော့ ဖအေက ဒေါသထွက်တာပေါ့။

"မင်း…ဖယ်စမ်းပါ၊ သူ့ကို ငါ ခြေထောက်ရိုက်ချိုးပြီး ပေါက်နေတဲ့ခြေဖွဲကို ဖျက်ရမယ်"

"ရှင် ခြေထောက်ရိုက်ချိုးတော့ ကျိုးရုံပဲရှိမှာပေါ့။ ကိုယ့်သားသမီးကို အဲဒီလောက်အထိလုပ်ပြီး ဆုံးမစရာမှ မလိုတာ"

"ဆုံးမရမယ်ကွ…မိဘက မသင့်တော်လို့ ဒီလောက်တားနေတဲ့ကြားက ဇွတ်မိုက်ချင်တာ။ ဥပဒေသာ မရှိရင် သတ်ပစ်ဖို့တောင် ကောင်းတာ…တောက်"

"သတ်လေ…ဖေဖေ သတ်ရက်ရင် သတ်လိုက်ပါ။ မိဘက သားသမီးကို သတ်မယ်ဆို ကျွန်တော် အသေခံရဲတယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

ခွန်းကလည်း အလျှော့မပေးပေ။ ဖြစ်ချင်တာကို ဖြစ်ရမှ ကျေနပ်တတ်သူပီပီ ဆုံးဖြတ်ချက်ကိုပြင်မယ့်သူ မဟုတ်ပေ။ သူ ယုယကို ချစ်သည်။ လက်ထပ်ဖို့လည်း ပြောခဲ့ပြီးပြီလေ။ ယုယကလည်း ကိုယ့်ကို ချစ်တာပဲဟာ။ ချစ်သူနှစ်ယောက် တစ်ကမ္ဘာ တည်ဆောက်ကြမယ်ပေါ့။

စိတ်ကူးက ဒီလိုလေ။

သူ့ကို ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်တည်နိုင်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ထင်နေပုံပါပဲ။ ယောကျ်ားပဲဥစ္စာ၊ ဘာလို့မရပ်တည်နိုင် ရမှာလဲ။ မိန်းမယူပြီးရင် ကိုယ့်မိန်းမကိုယ်မငတ်အောင် ရှာကျွေး ရမှာပဲ။ ကိုယ်ရှာကျွေးနိုင်လို့ ကိုယ်ယူတာ ဘာဖြစ်လဲ။

ဒါကြောင့်…

"ဖေဖေ သတ်လို့ ကျွန်တော် သေသွားလည်း ကျွန်တော့် အရိုးက ထောင်ထပြီး ယုယဆီကိုသွားမှာ"

"ဘာ…ငါကွာ…တောက်"

"ဖေကြီး"

"မင်း ဖယ်စမ်းပါ…ဒင်းကို ငါ သတ်ကိုသတ်မယ်"

"ကိုမြင့်လွင်…မလုပ်နဲ့လို့ ကျွန်မ ပြောနေတယ်နော်။ သူ့ ကို သတ်ချင်ရင် ကျွန်မကို အရင်သတ်"

ဇနီးသည်က အတင်းဆွဲနေသဖြင့် သူမကိုညှာပြီး ဦးမြင့်လွင် ရဲ့ခြေလှမ်းတွေက ရှေ့မတိုးတော့ပေ။ ဒါကြောင့် ခွန်းကို လက်ညှိုးငေါက်ငေါက်ထိုးပြီး…

"မိဘ စေတနာမေတ္တာကို နားမလည်ဘူး…· ဒင်းက အေကိုက်ပြီး အသေခံချင်တာ။ သွား…ငါ့စေတနာကို နားမလည်ရင် ထွက်သွား…ခလုတ်ထိမှတော့ အမိတပြီး ပြန်မလာနဲ့။ ဒီအိမ်မှာ နင့်အတွက် နေရာမရှိဘူး"

ခွန်း နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ဘာမှမပြောသေးပေ။ ဒေါ်ကေခိုင်ဦး မျက်ရည်လည်ရွဲနှင့် ခွန်းအနားသို့ကပ်ပြီး…





"သား"

"…………"

"မေမေ တောင်းပန်ပါတယ် သားရယ်…ယုယဆိုတဲ့ မိန်းကလေးကို လက်မထပ်ပါနဲ့နော်။ အဲဒီမိန်းကလေး အကြောင်းကို သား ဘယ်လောက်များသိလို့လဲ။ သား ဖေဖေက အဲဒီမိန်းကလေးအကြောင်း စုံစမ်းပြီးပြီ။ သား ဒုက္ခရောက်မှာစိုးလို့ သားဖေဖေက ပြောနေတာပါကွယ်။ အဲဒီမိန်းကလေးကလေ"

"တော်တော့ မေမေ"

"ဟင်"

ပြောရင်း ခွန်း ထရပ်လိုက်ကာ…

"ဘယ်သူတွေ ဘယ်လောက်ပဲတားတား နောက်မဆုတ်တဲ့ အချစ်မျိုးနဲ့ သား ယုယကို ချစ်တယ်။ ယုယကလည်း သားကို ချစ်တယ်။ အဲဒါကြောင့် သား သူ့ကို လက်ထပ် မယ်။ သားမှာ မိန်းမတစ်ယောက်ကို မငတ်အောင် ရှာကျွေးနိုင်တဲ့ အရည်အချင်းရှိပါတယ်"

"သား"

"အေး…အဲဒါဆိုလည်း မြန်မြန်လေးသာကြွ…ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တယ်လို့ ယုံကြည်မှု ရှိရင် မိဘပိုင်တဲ့ပစ္စည်း ဘာတစ်ခုမှ ယူမသွားနဲ့"

"ဖေဖေတို့ပိုင်တာ ဘာမှမယူပါဘူး။ သား…ဘိုးဘိုး



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတဲ့ သားပိုင်ပစ္စည်းတွေပဲယူမှာ''

''ဘာ''

''ကိုမြင့်လွင်''

လင်ကတစ်ဖက်၊ သားကတစ်ဖက်နှင့် ဒေါ်ကေခိုင်ဦး ကြားထဲမှာ ပျာယာခတ်နေရပြီ။

''မိဘစကားကို နားမထောင်ဘဲ ဒီလောက်မိုက်တွင်းနက်ချင်တာ၊ ငါတို့သေရင် နင် ပြန်မလာနဲ့ ခွန်း…နင်သေလည်း တို့…မလာဘူး''

''သားသေရင် ဖေဖေတို့ မလာပါနဲ့။ သေပြီးမှတော့ သားရောက်နေတဲ့အရပ်ကလူတွေ အပုပ်ခံပြီး ဘယ်သူမှထားမှာမဟုတ်တဲ့အတွက် သားရဲ့အလောင်းက မဖြစ်မနေ မြေကျသွားမှာပါ''

''တောက်''

ပြောပြောဆိုဆိုနှင့် ခွန်း အပေါ်ထပ်သို့ ပြေးတက်လာခဲ့တော့သည်။ ဖေဖေ ဘယ်လောက်ဒေါသဖြစ်ကျန်ခဲ့မလဲဆိုတာထက် ချစ်သူယုယရဲ့ ညှိုးငယ်နေတဲ့ မျက်နှာလေးကိုပဲ မြင်ယောင်နေမိသည်လေ။ ယုယက မိဘမဲ့လေးပါ။

အားကိုးစရာ ညီအစ်ကိုမောင်နှမ မရှိ။

သူမဘဝအတွက် ဖြစ်သလိုရှန်းကန်ပြီး ရပ်တည်နေရသူ။ ကိုယ့်ကို အားကိုးနေရှာတာ ဒီလက်ကို ဘယ်လိုခွန်အားမျိုးနဲ့ဖြုတ်ချခဲ့ပါ့မလဲ။ ဒါကြောင့် ချစ်သူအတွက် စွန့်စားရတော့မှာ





ပေါ့လေ။

ခွန်း…

အဝတ်တွေကို အိတ်ထဲကာသလောက်ထည့်ပြီး ဘိုးဘိုးပေးထားတဲ့ ကိုယ့်လက်ဝတ်လက်စားတွေကို ယူလာခဲ့သည်။

''သား''

အပေါ်ထပ်က ပြန်ဆင်းအလာ မေမေက အနားရောက်လာပြီး…

''တကယ်ပဲ သွားတော့မှာလား သားရယ်…မေမေ့ကို မသနားတော့ဘူးလား။ မေမေတို့ကို တကယ်ပဲ ထားခဲ့တော့မှာလား သားရယ်''

''မေမေတို့ကမှ ယုယကို လက်မခံနိုင်တာ''

''မဖြစ်နိုင်လို့ပါ သားရယ်''

မျက်ရည်လည်ရွဲနှင့် ကိုယ်မွေးထားတဲ့သားသမီးကို ပြန်တောင်းပန်နေရတဲ့ မိခင်တစ်ယောက်ရဲ့အဖြစ်။ ဒီအဖြစ်ကိုကြည့်ပြီး ဦးမြင့်လွင် အံတကြိတ်ကြိတ်နှင့်ပါ။ မိဘစေတနာကို စော်ကားတဲ့ သားသမီး…ဘေးတွေဦးမယ်လို့ စိတ်ထဲမှသာ ပြောလိုက်မိတော့၏။

''သား''

''…………''

''သား အိမ်ထောင်ပြုရမယ့်အရွယ်ကို ရောက်နေပြီဆိုတာကို မေမေတို့ သိပါတယ်ကွယ်…သားနဲ့ လက်ထပ်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



သဘောတူထားတာလည်း ရှိတယ်”

“ကျွန်တော်…ယုယကိုပဲ လက်ထပ်မယ် မေမေ။ သူ့ဘဝမှာ ကျွန်တော်မရှိလို့ မဖြစ်ဘူး။ ကျွန်တော်က ယုယရဲ့ အားကိုးရာတစ်ယောက်တည်းသောသူပါ မေမေ”

“အေး…သူက နင့်ကို အားကိုးမှာပေါ့။ နင်က သူ့အတွက် ဘယ်အချိန်ပဲ ရေညှစ်ညှစ် ထွက်လာတဲ့ ရေတွင်း၊ ငွေတွင်း၊ ရွှေတွင်း ဖြစ်နေတာလေ။ သူ့ကို နင် ဘယ်လောက်တောင် ပေးထားပြီလဲ။ နင့်ဝတ်ထားတဲ့ လက်စွပ်ပျောက်တယ်…ဟန်းချိန်း ဘယ်နေရာပြုတ်ကျကျန်ခဲ့မှန်း မသိလို့ဆိုတာတွေ။ ဘယ်တုန်းကမှ အိမ်မှာ ပိုက်ဆံမပျောက်တာ အခု ခဏခဏ ပျောက်တယ်။ နင်က မိဘရှာဖွေစုဆောင်းထားတဲ့ ချွေးနည်းစာကို အဲ့ဒီကောင်မ ပါးစပ်ထဲ ပါးဖောင်းအောင် ခွံ့ကျွေးနေတာ ငါ မသိဘူး မှတ်နေလား”

“ကိုမြင့်လွင်…ရှင် မပြောပါနဲ့တော့”

ဒီတစ်ခါတော့ ခွန်း ငြိမ်နေလိုက်သည်။ ဟုတ်နေလို့လေ။ ဒါ…ကိုယ့်ချစ်သူကို ချစ်လို့ပေးခဲ့တာ။ ကိုယ့်ချစ်သူမှာ ငွေရေးကြေးရေး အဆင်မပြေလို့ စိတ်ညစ်နေတာ ဘယ်ကောင်က လျစ်လျူရှုထားနိုင်မှာလဲ။ ဒါကြောင့်ပဲ သူ ကူညီခဲ့တာပါ။

“ကေနိုင်”

“ရှင်”





“မင်း ကာဆီးကာဆီး လုပ်မနေနဲ့။ တားမရတာကို လွှတ်ပေးလိုက်။ ဒီလောက်တောင် မိဘရင်ဝကို စုံကန်ချင်တာ သွားပစေ…ဒင်း…ဒုက္ခလှလှကြီးကို တွေ့ဦးမှာ”

ခွန်း မေမေ့လက်ကို ဖယ်ချလိုက်ကာ…

“သား…နှုတ်ဆက်ခဲ့ပါတယ် မေမေ”

ဒါပဲပြောပြီး ခွန်း ထွက်လာခဲ့တော့သည်။ ဒီအချိန်မှာ သူ့အတွက် ယုယမျက်နှာကသာ တစ်ကမ္ဘာ။

“သား”



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

အိမ်ငှားဖို့၊ စားစရာသောက်စရာတွေဝယ်ဖို့ဆိုတဲ့ ဗာဟီရတွေကြောင့် ခွန်း ဆွဲကြိုးကို ရောင်းလိုက်ရသည်။ မိန်းမယူလိုက်ပြီဆိုကတည်းက ကိုယ်က အိမ်ထောင်ဦးစီးတာဝန် ကျေရမည်လေ။ ဒီအတိုင်း ထိုင်စားနေလို့မရတော့ ပိုက်ဆံရမယ့်အလုပ်တစ်ခုတော့ လုပ်ရမှာပေါ့။

လောလောဆယ်တော့…

ဘာလုပ်ရမယ်မှန်း မသိသေးပါဘူး။ ဒါကြောင့် ချစ်စခင်စဇနီးမောင်နှံဆိုတဲ့ ခေါင်းစဉ်အောက်မှာ နှစ်ယောက်သား တွဲ့လိုက်ဆိတ်လိုက်၊ ရယ်လိုက်မောလိုက်နှင့် ခွန်းတစ်ယောက် ပျော်လို့မဆုံး တပြုံးပြုံးနှင့်ပါ။ ဇနီးမောင်နှံလို့ အများအမြင် အမည်ခံထားပေမယ့် တကယ်တော့…





"ခွန်း"

"ဟင်"

"ခွန်း…ယုယကို အရမ်းချစ်တာပဲလား…ဟင်"

"ချစ်တာပေါ့…ချစ်တာမှ ပြောမပြတတ်အောင်ကို ချစ်တာ။ အဲဒါကြောင့် ယုယမျက်နှာ တစ်ကမ္ဘာထင်ပြီး ကိုယ် အိမ်ပေါ်က ဆင်းလာခဲ့တာပေါ့"

"အဟွန်း"

ယုယက ခွန်း မေးဖျားလေးကို မော့နမ်းလိုက်တော့ ခွန်း ရင်ထဲမှာ ဝမ်းသာပီတိ ဝှမ်းဆီထိလို့ပေါ့။

"ဒါပဲနော် ခွန်း…ယုယကိုချစ်ရင် အလိုလိုက်ရမယ်။ ယုယက ထမင်းဟင်းမချက်တတ်ဘူး။ ချက်မကျွေးနိုင်ဘူးနော်"

"အင်းပါ…ကိုယ်သိပါတယ် ယုယရဲ့။ ကိုယ်ရှိနေတာပဲဥစ္စာ။ ယုယ ဘာမှလုပ်စရာမလိုဘူး။ ထမင်းလည်း အပြင်မှာပဲ ဝယ်စားကြတာပေါ့။ ယုယက အိမ်မှာပဲ လှလှပပလေး ပြင်ပြီးနေ"

"တကယ်နော်"

"တကယ်ပေါ့"

"အဲဒါကြောင့် ခွန်းကို အရမ်းချစ်တာ…သိလား"

ယုယက ခွန်းခါးကို ခပ်တင်းတင်းလေးဖက်ထားတော့ ခွန်းက ယုယရဲ့ဆံနွယ်စလေးတွေကို ငုံ့နမ်းလေသည်။ အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ယုယ ဘယ်လိုခံစားလည်းမသိ။ ခွန်းကတော့ ယုယကို ချစ်လို့ ပြည့်စုံတဲ့ဘဝကနေ ရုန်းထွက်လာခဲ့ပြီ။ ရှေ့ဆက် ဘယ်လို ရပ်တည်ရဦးမှာလဲ။

"ဩော်…ခွန်း"

"ဟင်"

"ဟိုစကားကိုတော့ ယုယ မကြိုက်ဘူးနော်"

"ဘယ်စကားလဲ ယုယရဲ့"

"လှလှပပလေးပြင်ပြီး အိမ်မှာပဲနေဆိုတာလေ"

"အင်းလေ…ခွန်းက ယုယကို ချစ်လို့ ဘာမှမလုပ်ခိုင်းတာကို"

"ဘာမှမလုပ်ခိုင်းတာက ဟုတ်ပါပြီ…အိမ်မှာချည်းပဲတော့ အိမ်တွင်းပုန်းမနေနိုင်ဘူးလေ။ သွားတာလာတာတော့ ရှိမှာပေါ့…အဲဒါကိုပြောတာ"

"ဩော်…ကိုယ်ကလည်း စကားအဖြစ် ပြောပြတာပါ ယုယရဲ့…အပြင်သွားတာလာတာတော့ ကိုယ်လည်း နားလည်တာပေါ့"

ဒါလည်း ယုယ သိပ်တော့ဘဝင်ကျလှသေးသည်မဟုတ်ပေ။ ဒီလိုချည်းပဲ ထိုင်စားနေကြရင် ခွန်းမှာပါတာတွေ ကုန်သွားမှာပေါ့။ အဲဒါတွေကုန်တာက အရေးမကြီးဘူး။ ယုယ လက်ဝတ်လက်စားလေးတွေဘက် လှည့်လာရင် ယုယ အထိမခံနိုင်ဘူးလေ။





ခွန်း ဆင်ပေးထားတာတွေဆိုပေမယ့် ဒါတွေကို မက်လို့မှ ဒီလိုဘဝကို ဖန်တီးခဲ့မိတာ။ ဘယ်လိုအကြောင်းမျိုးနဲ့မှ ကိုယ့်လက်ထဲရောက်ပြီးသားကို အပွန်းအပဲ့ မခံနိုင်ပေ။

"ခွန်းကို ပြောရဦးမယ်"

"အင်း…ပြောလေ"

"ဒီလိုပဲ ထိုင်စားနေကြလို့တော့ မဖြစ်ဘူးနော် ခွန်း… ခွန်းမှာ ပါလာတာတွေ ကုန်သွားရင် ခွန်းမိဘတွေက ယုယအပေါ် ပိုပြီး ငြိုငြင်သွားကြလိမ့်မယ်။ အသုံးမကျတဲ့မိန်းမ…အသုံးအဖြုန်းကြီးတဲ့မိန်းမ…အပျင်းထူတယ် ဆိုပြီးတော့လေ"

ခွန်း ဒါမျိုးတွေကို ကြိုတွေးပြီးသားပါ။ ဒါကြောင့်…

"ကိုယ် ယောကျ်ားပါ ယုယရဲ့…မိန်းမတစ်ယောက်ကို တင့်တောင်းတင့်တယ်ထားနိုင်လို့ အိမ်ထောင်ပြုတာ။ စိတ်ချ…ကိုယ် အလုပ်လုပ်မှာပါ"

ခွန်းပြောတော့ ယုယမျက်နှာလေးက ပြုံးလို့ပါ။ သူမ ဖြစ်စေချင်တာလည်း ဒီလိုပဲလေ။ လင်မယားလို့ အမည်ခံထားပြီဆိုမှတော့ ယောကျ်ားလုပ်သူက အိမ်ထောင်ဦးစီး ပီသအောင် အလုပ်လုပ်ရမှာပေါ့။

"ခွန်း…ဘာအလုပ်လုပ်မယ်လို့ စိတ်ကူးထားလဲ…ဟင်"

"ကိုယ့်မှာ ကားပါလာတာပဲ…Taxi မောင်းရမှာပေါ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းရင်ခွင်ထဲကနေ ယုယ ခေါင်းလေးထောင်လာလေသည်။

"ဖြစ်ပါ့မလား ခွန်းရဲ့"

"ဘာလို့ မဖြစ်ရမှာလဲ…Taxi မောင်းရင်း ဒီလိုပဲ ကြားပေါက်အလုပ်ရှိလို့ အဆင်ပြေရင်လည်း လုပ်ရမှာပေါ့"

"ယုယက ခွန်း ပင်ပန်းမှာစိုးလို့ ပြောတာပါ"

"တကယ်"

"တကယ်ပေါ့"

အချစ်ဆိပ်တက်နေတဲ့ ခွန်းကတော့ ယုယစကားကြောင့် အိမ်ပေါ်က ဆင်းလာမိတာ မှားတယ်လို့မထင်ပေ။ တန်ပါတယ်လို့ ထင်နေမှာပေါ့။ အိမ်မှာ မိဘတွေ ဘယ်လိုကျန်ခဲ့မလဲ စဉ်းစားမိပေမယ့် စိတ်ကို ပြန်ဖြေလိုက်တာက ဘာပဲဖြစ်ဖြစ် အိမ်မှာ သူ မရှိတာကလွဲရင်…

အရာအားလုံး ပြီးပြည့်စုံနေတယ်ဆိုတာမျိုးလေ။ ဒါကြောင့် ယုယပါးပြင်လေးကို ဖျစ်လိုက်ပြီး…

"ကိုယ့်မိန်းမက အလိုက်သိတယ်…အဲဒါကြောင့်ပဲ ပိုပြီး ချစ်နေရတာ"

"ဘယ်လို"

"ဟင်…ဘာလဲ"

"ကိုယ့်မိန်းမဆိုတာ ယုယကို ပြောတာလား"





"အင်းလေ…ယုယကို မပြောလို့ ကိုယ်က ဘယ်သူ့ကို ပြောရမှာလဲ"

ယုယ တွေကနဲ ဖြစ်သွားလေသည်။ အိမ်မှာ နှစ်ယောက်တည်းရှိနေတုန်းခေါ်တာက အရေးမကြီးပါဘူး။ သူများတွေရှေ့ ခေါ်ရင် ဒုက္ခလို့ တွေးပူမိသွားတာပါ။

"ဘာဖြစ်လို့လဲ ယုယ"

"ဘာမှမဖြစ်ပါဘူး…အဲဒီလိုခေါ်တော့ ယုယ ရှက်တာပေါ့လို့"

"ဘာရှက်စရာရှိလို့လဲ ယုယရဲ့…လင်မယားချင်းမို့လို့ ခေါ်တာပဲဟာ"

"ထားပါတော့…ယုယ ဗိုက်ဆာနေပြီ"

"ဟုတ်လား…ဒါဆို သွားစားမယ်လေ"

ယုယက ဗိုက်ဆာတယ်ဆိုတာနှင့် ခွန်း ချက်ချင်းပဲ ထရပ်လိုက်သည်။ ယုယလက်ရာကို စားရဖို့အတွက် အခွင့်အရေးက ကိုယ့်ဘက်မှာမှ မရှိဘဲလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

ခွန်း ကားနဲ့ထွက်ပြီဆို လမ်းထဲကလူတွေ လိုက်ကြည့်ကြတာကို ခွန်း မကြိုက်ပေ။ ဘာသဘောနဲ့ လိုက်ကြည့်ကြတာလဲ။ မကြိုက်ပေမယ့် မျက်လုံးတွေ လိုက်ပိတ်ထားလို့မှ မရတာလေ။ အဲဒီတော့ ကြည့်ကြပေ့ါ။ အချို့ ခွန်းတို့ အပြင်ထွက်ပြီဆို မကြားတကြား ပြောသွားကြတာတွေရှိသေး။

"ကောင်လေးက ဖြူဖြူချောချောလေး…ယောက်ျားမှ ဟုတ်ရဲ့လား မသိဘူးနော်"

"သြော်…မျိုးကလည်း အချို့ မိန်းမချော ချောတာရှိတယ်လေ…ဒါပေမဲ့ ကောင်လေးက ချမ်းသာတဲ့အသိုင်းအဝိုင်းထဲက ဖြစ်မယ်ထင်တယ်။ ကောင်လေး နေပုံထိုင်ပုံကို ကြည့်ပါလား။ စားတာသောက်တာကစ အထက်တန်းစား ကျနေတာ"





"နင်က ဘယ်လိုလုပ်သိတာလဲ"

"သိတာပေါ့ဟဲ့…သူတို့နှစ်ယောက်က ငါ့ဆိုင်မှာ ထမင်းလာစားနေကျလေ။ ပြောတာတော့ သူတို့နှစ်ယောက်က လင်မယားဆိုလားပဲ"

အဲဒီလိုတွေပါ။ အချို့ကောင်မလေးတွေကျတော့ ခွန်းကို မြင်ရင် ကွက်ကြည့်ကွက်ကြည့်နဲ့ ဘာကိုပြုံးမှန်းမသိ ပြုံးသွားကြတာ။ ခွန်းက ယုယကလွဲရင် ဘယ်မိန်းကလေးကိုမှ ကြည့်လို့ရချင်သူမဟုတ်ပေ။

အချို့ကျတော့…

"နာမည်က ခွန်းတဲ့…ချစ်စရာလေးနော်"

"ဟင်…ချစ်စရာကောင်းတာ လူလား…နာမည်လား"

"နှစ်ခုစလုံးပဲ…ဒါပေမဲ့ မိန်းမနဲ့တဲ့။ ငါတော့ တစ်ခါတစ်ခါ သံသယဝင်မိတယ်…သိလား"

"ဘာကိုလဲဟ"

ကိုယ့်ကို မကောင်းပြောတာမဟုတ်ပေမယ့် ချစ်စရာလေးဆိုတဲ့စကားကတော့ ခွန်းနားထဲမှာ ခါးတာအမှန်ပါ။ ဒီရပ်ကဘယ်လိုပဲနေနေ နဖတ်ဝင်းဖန့်နေတာ အခက်သား။

"သူ…ယောက်ျားလေးမှ ဟုတ်ရဲ့လားလို့။ သေသေချာချာကြည့်…သူ့မှာ လည်သီးလေးမှ မရှိတာ"

"အေးနော်…နေဦး…ငါ သေသေချာချာ ကြည့်ဦးမယ်။ အခုတစ်ခါတွေ့မှ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သတိထားမိတဲ့သူတွေကျ ခွန်း မုန်းလိုက်တာ။ ဘာလို့များ ခွန်းကို အဲဒီလောက်အထိ ကြည့်ကြပါလိမ့်။ အချို့ကျ ပြန်တော့လည်း…

“ကောင်မလေးပုံစံကြည့်ရတာ သိပ်တောင့်မကျိုးဘူး။ အိမ်ထောင်သည်ဖြစ်နေပြီပဲ…မချက်တတ်ချက်တတ် သရွေ့ ချက်ပေါ့…ဘယ်သူက အလုပ်ကိုင်ပြီး မွေးလာတာမှတ်လို့။ ချက်နည်းပြုတ်နည်း စာအုပ်တွေမှ တစ်ပုံကြီးပဲ”

“အေးလေ…အခုလို အပြင်ချည်းပဲ ထွက်စားနေတော့ ကောင်လေး လုပ်လို့နိုင်မှာမဟုတ်ဘူး။ စားတာက ထားတော့…ဝတ်တာက တကယ့်အကောင်းစားတွေ။ ပြီးတော့ ကလေးလိုပဲ…ပါးစပ်က မုန့်နဲ့မပြတ်ဘူး။ ငါ့သားသာဆိုရင် ဒီလိုမိန်းကလေးမျိုးနဲ့ မပေးစားဘူး။ ရအောင်ကို ခွဲပစ်မှာ…သိလား”

အဲဒီလိုလည်း ပြောကြသည်လေ။ ကိုယ်နဲ့မဆိုင်လည်း စည်းမစောင့်ကြတဲ့ အဲဒီပါးစပ်တွေကို ပိတ်အောင်လုပ်ပစ်ချင်ပေမယ့် ကိုယ်က ယောကျ်ားဆိုပြီး မိန်းမတွေနဲ့ တုပြိုင်ရန်မဖြစ်ချင်လို့ ငြိမ်နေတာပါ။ တရားလို တရားခံ ကျေနပ်ပါလျက်နဲ့ ကြားက သက်သေမကျေနပ်ဘူးဆိုတာမျိုးပေါ့။

ကိုယ့်လင်မယားချင်း ဘယ်လိုပဲနေနေ သူတို့အပူ ဘယ်နှပြားသားပါလို့လဲ။ မိန်းမတွေပါးစပ်ကိုက ခက်တာ။ အလုပ်မရှိ





သူများအတင်းပဲ ပြောချင်နေကြတာ။

“ပြောကြစမ်းပါစေ ခွန်းရယ်…သည်းခံလိုက်စမ်းပါ၊ သူတို့ပြောတာ လေပဲ။ ပြောလို့မောသွားရင် အဲဒီပါးစပ်တွေ ပိတ်သွားလိမ့်မယ်”

“ကြာလာတော့ ကိုယ် သည်းမခံချင်တော့ဘူး ယုယ… အဲဒီပါးစပ်တွေကို ပိတ်ပေးချင်နေတာ လက်ယားနေပြီ”

“စိတ်လျှော့စမ်းပါ ခွန်းရယ်…ကိုယ်လုပ်ရင် ကိုယ်အလွန်ပဲဖြစ်မှာပေါ့။ ယုယတို့က အခုမှ ပြောင်းလာတဲ့ လူသစ်တွေလေ။ ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်နဲ့ သင့်အောင်နေရမှာပဲ။ နောက်ထပ် နေရာပြောင်းဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ”

ယုယပြောတာမှန်နေတော့ ခွန်း ဘာမှမပြောတော့ဘဲ မျက်နှာကို လက်ဝါးနှင့် ဖိပွတ်လိုက်မိသည်သာ။ နေရာတစ်နေရာနဲ့တစ်နေရာ ပြောင်းဖို့က တကယ်မလွယ်တာပါ။ ကောင်းတဲ့နေရာက အဖိုးမြင့်။ အဖိုးနည်းတဲ့နေရာကျတော့ စိတ်တိုင်းမကျလို့ အဆင်ကမပြေ။

ဒီအိမ်လေးက အဆင်ပြေသည်လေ။

ပျဉ်ထောင်အိမ်လေးကို ဟိုဘက်နှစ်ခန်းနှင့် ဒီဘက်နှစ်ခန်းကို သုံးထပ်သားနှင့် ကာထားတာပါ။ ကိုယ်တွေက နှစ်ခန်းဆက်ရပြီး ဟိုဘက်နှစ်ခန်းက ငှားဦးမှာတဲ့။ ကိုယ့်အိမ်မှာလို မကျယ်ဝန်း မလွတ်လပ်ပေမယ့် ရတာလေးနဲ့ ရောင့်ရဲတင်းတိမ်ရ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။

နေတတ်အောင် နေနေရတာပဲလေ။

ဖေဖေ မြင်လှည့်ပါ၊ မေမေ မြင်လှည့်ပါလို့လည်း နောင်တ မရပါဘူး။ အချစ်ကြောင့် အရာရာအကောင်းအတိုင်း ဖြစ်စေ သတည်းပေါ့။

"ဟင်"

ခွန်းကားလေး လမ်းထဲကနေအထွက် ကောင်မလေး နှစ်ယောက်က တားလေသဖြင့် ခွန်း ကားကိုရပ်ပေးလိုက်သည်။ Taxi ဆိုမှတော့ ငှားချင်လို့ တားတာပဲပေါ့။

"ဘယ်ကို သွားမှာလဲဗျ"

"မြို့ထဲကို ဘယ်လောက်လဲဟင်"

"မြို့ထဲဆိုရင်"

ခွန်း တွေကနဲ ဖြစ်သွားပြီးမှ…

"မြို့ထဲဆိုရင် ဘယ်ကိုသွားမှာလဲ"

"တစ်နေကုန် ငှားလိုက်ပါလား အစ်ကို"

"နင်…အသာနေစမ်းပါ ပန်းရယ်"

သူတို့အချင်းချင်းပြောပြီး ခွန်းဘက်သို့ ပြန်လှည့်လာကာ…

"၃၂ လမ်း အထက်ကို ဘယ်လောက်လဲ"

"၃၂ လမ်းအထက်ဆို ငါးထောင်ပဲပေးပါ။ အခုမှထွက် လာတာဆိုတော့ ဈေးဦးမလှန်ချင်လို့ လျှော့လိုက်တာ လေ"





"မများဘူးလား"

"မများပါဘူးဗျ…သူများဆိုရင် ညီမတို့ကို ခုနစ်ထောင်၊ ရှစ်ထောင်လောက်တောင်းမှာ"

တကယ်လည်း သူများတွေဆို အဲဒီလောက်တောင်းမှာလေ။ အုံနာကြေးက ရှိသေးတာကိုး။ ခွန်းက ကိုယ့်ကားနဲ့ကိုယ်မို့သာ လျှော့နိုင်တာပေါ့။ ဒါ ဈေးဖျက်တာမဟုတ်ပါဘူး။ အများကြီး တောင်းရမှာကို အားနာတာပါ။ အရင်က ငွေဆိုတာကို ကိုယ်တိုင် မရှာဖူးတော့ နမြောရကောင်းမှန်းမသိ။

အခုတော့…

ငွေဆိုတာ ရှာရခက်မှန်း ကိုယ်တိုင်ရှာရတော့ သိခဲ့ပါပြီ။ ဒါကြောင့် သူများကိုလည်း ကိုယ်ချင်းစာတာပါ။

"တစ်နေကုန်ဆိုရင် ဘယ်လောက်ပေးရမလဲ"

"ညီမတို့က ဘယ်တွေကိုသွားမှာလဲ"

"၃၂ လမ်းမှာ အလုပ်ကိစ္စလေးပြောပြီးရင် ကန်တော်ကြီး ကို သွားမှာပါ။ ကန်တော်ကြီးမှာ တစ်နေကုန်ချင်လည်း ကုန်မယ်။ အခြားတစ်နေရာ သွားချင်လည်းသွားဦးမယ်။ အတိအကျတော့ ပြောလို့မရလို့ပါ"

ခွန်း တွေကနဲ ဖြစ်သွားလေသည်။ အတိအကျပြောလို့မရ ဘူးဆိုတော့…

"တစ်နေကုန်ဆိုရင် သုံးသောင်းပေးလေ။ စောင့်ရမှာဆို တော့ အချိန်ထိုင်ဖြုန်းနေရမှာပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"သုံးသောင်းတော့ များတာပေါ့"

"ဟိုလေ နှစ်သောင်း ထားလိုက်ပါလား"

တစ်နေကုန်ငှားခိုင်းတဲ့ ကောင်မလေးက ဝင်ပြောလေလျှင်

"နှစ်သောင်းတော့ မလုပ်ပါနဲ့…နှစ်သောင်းခွဲပေးနိုင်မလား"

သူတို့ ဈေးညှိနေစဉ်မှာပဲ ကောင်မလေးဖုန်းက အသံမြည်လာပြီးနောက်…

"ဟယ်လို"

"……………"

"သြော်…ဟုတ်လား၊ လာနေပြီ…ကို…လာနေပြီ"

"……………"

"အင်းပါ…ချိန်းထားတဲ့နေရာကပဲ ကို စောင့်နေလိုက်လေ…အိ လာခဲ့မှာပေါ့"

"……………"

"ဟုတ်ပြီ…ဟုတ်ပြီ…ဝယ်လာခဲ့မယ်"

"……………"

"အိုကေ…ဒါပဲနော်"

ကောင်မလေး ဖုန်းချလိုက်လေပြီ။ 'ကို' လို့ခေါ်တော့ ရည်းစားပဲဖြစ်မှာပေါ့။ ဟိုက ဖုန်းဆက်ခေါ်နေပြီဆိုမှတော့ သူတို့ မဖြစ်မနေကို ငှားတော့မှာပဲလေ။ ဒါကြောင့် ခွန်း လျှော့ဖို့မလျှော့ဖို့ စဉ်းစားနေစရာ မလိုတော့ဘူးပေါ့။ နှစ်သောင်းခွဲဆိုတာလည်း





ကိုယ်တောင်းတာ မလွန်ဘူးလေ။

ဘယ်မှ ထွေထွေထူးထူးမသွားလို့ စောင့်နေရလည်း စောင့်ရတဲ့အချိန်က တန်ဖိုးရှိတာပဲဥစ္စာ။

"ကဲ…လိုက်မှာလား…မလိုက်ဘူးလား။ ဒီနေရာမှာတင် အချိန်က တော်တော်လင့်နေပြီ"

"လိုက်မယ်…လိုက်မယ်"

လိုက်မယ်ဆိုပြီး ကားပေါ်သို့ တက်လိုက်ကြတော့ ခွန်းလည်း မောင်းထွက်ခဲ့တော့သည်။ ဟိုကောင်မလေးက နောက်ကြည့်မှန်ထဲကနေ ခွန်းကိုပဲ ခဏခဏ ကြည့်နေတာ ခွန်းသိသည်။ ခွန်း ဂရုမစိုက်ပါဘူး။

ကိုယ့်မှာ ယုယတစ်ယောက်လုံး ရှိနေတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

ဒီကသွားတာ ကောင်မလေးနှစ်ယောက်ဖြစ်သလို စောင့်နေတာလည်း ကောင်လေးနှစ်ယောက်ပါ။ ဟိုအတွဲက ချိန်းတွေ့ပြီး စကားပြောနေကြတော့ ပန်းဆိုတဲ့ ကောင်မလေးက ကားပေါ်မှာပဲ ကျန်ခဲ့ပြီး စောင့်နေသည်။

မကြာပါဘူး...

စောင့်နေတဲ့ကောင်လေးက ကားဆီရောက်လာပြီး...

"ဟိုတ်"

"............"

"နာမည်က ပန်းဖြူစင်နော်"

"ဟုတ်ပါတယ်"





"ကားပေါ်မှာ ထိုင်နေရတာ မပျင်းဘူးလား ပန်းရဲ့... ကိုယ်နဲ့ စကားပြောရင်း လျှောက်သွားကြမယ်လေ... လာ"

"ဟင့်အင်း...မသွားချင်ပါဘူး"

"ဘာဖြစ်လို့လဲ ပန်းရဲ့...ကိုယ်လည်း တစ်ယောက်တည်း ငေါင်နေတာ။ စကားလေးဘာလေး ပြောရအောင်... လာပါ"

"ဟင့်အင်း"

ကောင်လေးက ခါးကိုကိုင်းပြီး မျက်နှာကို ကောင်မလေးနဲ့ နီးအောင်တိုးကာ...

"ဘာလဲ...ပန်းက ကိုယ်နဲ့ မခင်ချင်ဘူးလား"

"တောင်းပန်ပါတယ်...မခင်ချင်လို့ရယ်တော့ မဟုတ်ပါဘူး။ ကျွန်မ ယောကျ်ားလေးတွေနဲ့ ရင်းရင်းနှီးနှီး မနေတတ်လို့ပါ"

ကောင်လေးက မျက်မှောင်ကြုတ်သွားပြီး...

"ဒါဆို မင်းမှာ အစ်ကိုတွေ...မောင်တွေ မရှိဘူးလား။ မရှိဘူးဆိုရင်တောင် မင်းအဖေနဲ့တော့ မင်း ရင်းရင်းနှီးနှီး နေမှာပါ"

"ဒါကတော့ ကိုယ့်အဖေပဲရှင့်"

ကောင်မလေးအသံက နည်းနည်းမာသွားလေသည်။ ဒါကိုပဲ ကောင်လေးက ဟက်ကနဲ ရယ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို သူစိမ်းယောကျ်ားလေးနဲ့ ရင်းရင်းနှီးနှီးနေတတ်အောင် သင်ပေးမယ်လေ”

“ဘာ”

“နောက်ဆို…ရင်းနှီးတယ်ဆိုတာထက် ယောကျ်ားလေးတွေမှ ရွေးပြီး ရင်းနှီးချင်စိတ်ပေါက်အောင် သင်ပေးမှာလာပါ”

“ရှင်နော်”

ပြောရင်း ကောင်လေးက ကားတံခါးကို ဖွင့်လေသည်။ ခွန်း ကြည့်နေပါသေးတယ်။ ဘာမှမပြောဘူးလေ။ အကြားမတော်အမြင်မတော်ဖြစ်နေတာကတော့ အမှန်ပါပဲ။ လွှန်သထက်လွန်လာရင်တော့ မတရားတာကို လက်ပိုက်ကြည့်မနေတတ်တဲ့အကျင့်အတိုင်း ဝင်ပါသင့်ပါရတော့မည်လေ။ ခွန်းဆိုတာ မဟုတ်မခံလေ။ ကိုယ့်ရှေ့မှာ မဟုတ်တာမြင်လို့ကတော့ ချသင့်ချရမှာပဲ။

“လာပါ…ပန်းရဲ့”

“ရှင် ဘယ်လိုဖြစ်နေတာလဲ…မလိုက်ဘူး”

“မလိုက်ရင် ဆွဲခေါ်မှာနော်”

“ရှင်…တောက်”

ကောင်လေးက ကောင်မလေးလက်ကို ဆွဲခေါ်လေတော့ ကောင်မလေး လက်ကိုရုန်းပြီး နောက်သို့ ဗုက်ထားလေသည်။ ဒါတော့ များလာပြီမို့ ခွန်း နေလို့မရတော့ပေ။ ကောင်မလေးက လက်မခံတာကို အတင်းလက်ဆွဲတာဆိုတော့…





“ဟော့ကောင်”

“မင်း…နည်းနည်းတော့ များလာပြီကွ”

“ဘာဗျ”

ခွန်း ပြောလိုက်တော့ ငနဲက ပေစောင်းစောင်းပြန်ကြည့်ကာ

“မင်းနဲ့ ဘာဆိုင်လို့လဲ…အမ်”

ငနဲက ခွန်းကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ပြုံးလိုက်ကာ…

“ငါက ယောကျ်ားအစစ်ကြီးမှတ်လို့…ဖားတစ်ပိုင်း ငါးတစ်ပိုင်းပဲ။ ပန်းသူငယ်ချင်းလား…ဒီပုံစံနဲ့ မြင်ရတာနှမြောလိုက်တာ”

ပြောတဲ့စကားတွေက ကိုယ်မကြိုက်ဆုံးစကားတွေမို့ ဒေါသက ငယ်ထိပ်တက်ဆောင့်ပြီလေ။ ဒါကြောင့် ခွန်း လက်သီးဆုပ်လိုက်မိသည်။ နှုတ်ခမ်းကလည်း တင်းတင့်စေ့ထားလျက်ပေါ့။ ငနဲအကြည့်တွေက ပြိတီတီနှင့် ခွန်းကိုပဲ တစ်ကိုယ်လုံးကို ပိုက်စိပ်တိုက်အကြည့်မျိုးနှင့်…

“တကယ် နှမြောစရာ ကောင်းလိုက်တာ… မင်း မိန်းကလေးလိုနေရင် တော်တော်လှမှာ…သိလား”

“…………”

“မိန်းကလေးလို ဝတ်မလား…ငါ ဝတ်ပေးမယ်လေ”

ခွန်း လက်သီးကို ပိုကျစ်အောင်ဆုပ်ပြီး ဒေါသနောက်သို့ အရှိန်နှင့် စီးမျောလိုက်ပါသွားသည်က…

“ကဲ”



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"အ"

တစ်ချက် အထိုးခံလိုက်ရသည်နှင့် ဝေါမှာ မြွေပွေးကို တုတ်နှင့်ထိုးသလိုဖြစ်ကာ…

"တောက်…သူတောင်းစား"

"ခွပ်"

"အ"

ခွန်း ကိုယ်ပဲလက်ဦးမှုယူလိုက်သည်။

"ခွေးမ"

"ခွပ်"

"အ"

နောက်တစ်ချက်ထိုးဖို့မှာ တစ်ဖက်က သတိထားပြီး ရှောင်လိုက်တော့ လွတ်သွားသည်။ နောက်တော့ သူတစ်ပြန် ကိုယ်တစ်ပြန်ပေါ့။ ခွန်းက တစ်ယောက်တစ်ယောက်ချင်းကို သိပ်ဂရုစိုက်သူမဟုတ်ပေ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသူပီပီ တစ်ဖက်လူကို မှောက်သွားအောင် ဆုံးမပြီးနောက်…

"ဒီမှာ"

"ရှင်"

ကောင်မလေးက ထိတ်လန့်ဟန်နှင့် သူ့ကို မျက်လုံးဝိုင်းနှင့် ကြည့်နေစဉ်…

"ဟိုကောင်တော့ မှောက်သွားပြီ…မင်း ဘာဆက်လုပ်





မလဲ"

"ပန်း ကြောက်တာပဲသိတယ်…ဘာလုပ်ရမှန်း မသိဘူး အစ်ကို…ကူညီလက်စနဲ့ အစ်ကိုပဲ ဆက်ကူညီပါနော်"

"ငါက ဘာကူညီရမှာလဲ"

ကောင်မလေးက တွေကနဲ ဖြစ်သွားပြီး…

"ပန်းနဲ့အိက ခြံချင်းကပ်သူငယ်ချင်းတွေပါ။ အစကတည်းက သူ့အဖော်ခေါ်တာကို ပန်းက လိုက်ချင်တာမဟုတ်ပါဘူး။ အိက အိမ်ကနေအထွက်ချောင်အောင် အတင်းခေါ်လို့ လိုက်လာမိတာပါရှင်"

"ဟုတ်ပါပြီ… မင်း ဘာဆက်လုပ်မလဲလို့ ငါက မေးတာ"

ခွန်း မာဆတ်ဆတ် မေးလိုက်တော့မှ…

"ပန်း…ပြန်မယ်အစ်ကို…ပန်း ကြောက်တယ်။ ဖြစ်လာတဲ့ပြဿနာကို အိ သူ့ဘာသာသူ ရှင်းလိမ့်မယ်"

ခွန်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ကားပေါ်သို့ တက်လိုက်သည်။ ကောင်မလေး ဆုံးဖြတ်ချက်က တစ်ကိုယ်ကောင်းဆန်ရာကျပေမယ့်… ဟူး…

အဆင်ပြေအောင်တော့ လုပ်ရမှာပဲ။ လောလောဆယ် ဒီအနားကနေ ထွက်သွားမှ။ တစ်နေရာရာရောက်မှပဲ ဟိုကျန်တဲ့ တစ်ယောက်ဆီကို ဖုန်းဆက်ခေါ်ခိုင်းရမယ်လေ။

"အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တော့ သူနောက်သို့ ပြန်ကြည့်လေလျှင်…

"ပန်းကို ပြန်ပို့ပေးပါနော်"

"ဟိုတစ်ယောက်ကို လုံးဝထားခဲ့ဖို့ကျ ငါ စိတ်မချဘူး။ မင်း သူ့ကို ဖုန်းဆက်ပြီး တစ်နေရာရာလာခဲ့ဖို့ ပြောလိုက်။ ငါ အဲဒီနေရာအထိ မောင်းပေးမယ်"

"ရှင်"

"တစ်နေရာရာကနေ စောင့်နေဖို့ ပြောတာပါ။ လောလောဆယ်တော့ ဒီနေရာကသွားမှဖြစ်မယ်။ သူ့ကိုထားခဲ့လို့ မဖြစ်ဘူး"

"ဟုတ်ကဲ့…အစ်ကို…အဆင်ပြေသလိုပဲ လုပ်ပါတော့ရှင်"

ပန်းကတော့ ကြောက်တာပဲသိပြီး ကျန်တာဘာမှမသိတော့ပေ။ အိမ်ရောက်လို့ ပြောပြရင် မေမေက ဆူမလား၊ ဖေဖေက ဆူမလား တွေးပူရတာကတစ်မျိုး။ သူငယ်ချင်းကို အားနာလို့ လိုက်လာမိတာ ပန်း မှားပြီပေါ့လေ။





# အခန်း (၅)

"ယုယရေ…ယုယ"

"………………"

"ယုယ"

ဒီနေ့ရတဲ့ဝင်ငွေကို ခွန်း ရေတွက်ပြီး ယုယလက်ထဲသို့ အပ်နေစဉ် အိမ်ရှေ့ကခေါ်သံကြောင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ကြတော့ ဒီအိမ်ပိုင်ရှင် ဒေါ်မေပါ။ ပိုက်ဆံဆိုတာ သုံးရတာလွယ်သလောက် ရှာရတာခက်လိုက်ပါဘိ။ ပိုက်ဆံပေးရင်း သူ ယုယကို ချွေတာသုံးဖို့ ပြောနေတဲ့စကားစလည်း ပြတ်သွားပါပြီ။

မိဘအိမ်မှာတုန်းကတော့…



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဖိုးကို လက်ဖြန့်တောင်းပြီးသုံးနေတာ။ တစ်သောင်း နှစ်သောင်းဆိုတာ ဘာမှတန်ဖိုးမရှိသလိုပါပဲ။ ကလေးတွေ စက္ကူရွက်ကို ပိုက်ဆံလုပ်ပြီး ဈေးဝယ်တမ်းကစားသလိုပဲလေ။ အခု ကိုယ်တိုင်ရှာရတော့မှ ငွေရဲ့တန်ဖိုးကိုသိပြီး မစားရက်၊ မသောက်ရက်။ ယုယကတော့ သုံးမြဲသုံးနေဆဲ။ ဒါကြောင့် ဆင်ခြင်ဖို့ ပြောနေရတာပါ။

"ဪ…ဒေါ်မေ…လာလေ"

ဒေါ်မေက ထိုင်ထိုင်ချင်းပဲ…

"ဟိုဘက်အခန်းမှာ ယုယတို့ပစ္စည်းတွေဘာတွေ ထားတာ ရှိလား"

"ဟုတ်ကဲ့…နည်းနည်းပါးပါးရှိတယ် ဒေါ်မေ… ဘာဖြစ်လို့လဲဟင်"

"အဲဒါဆို မနက်ဖြန် ရှင်းထားဦး…ယုယ၊ လူမရှိလို့ထားတာက ဘာထားထား အကြောင်းမဟုတ်ဘူးလေ။ အခုက အိမ်ငှားလာနေတော့မှာမို့လို့ပါ"

"ဟင်"

အိမ်ငှားလာနေတော့မယ်ဆိုတာနှင့် ခွန်းမျက်နှာလေး မသိမသာ ရှုံ့မဲ့သွားလေသည်။ တစ်အိမ်တည်းကို ကြားထဲကနေ ဖြတ်ကာပြီး နှစ်အိမ်ထောင်ငှားတာဆိုတော့ ဟူး…ခွန်းစိတ်ထဲမှာ ကျဉ်းကျပ်သွားသလိုပါပဲ။ အရင်က လူမရှိတော့ အချို့ပစ္စည်းတွေ အဲဒီမှာ သွားထားတာလေ။





အခု ပြန်သယ်ရတော့မှာပေါ့။

တစ်ခန်းတည်းပေမယ့် အလျားကတော့ နှစ်ခန်းပါ။ ကိုယ့်အိမ်မှာ ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်လပ်လပ်နေလာတဲ့ ခွန်း နေသားကျအောင် ဒီမှာ မနည်းကြိုးစားရတာ အခုလို စိတ်ရှုပ်သွားတာ မဆန်းပါဘူး။ ဟိုဘက်အခန်းက မိသားစုများရင် ဒုက္ခ။ ကလေးတွေပါလာရင် ပိုဆိုးသေး။

"ဟုတ်ကဲ့…ယုယ ရှင်းထားပါ့မယ် ဒေါ်မေ"

"ဒေါ်မေ"

"ဟေ"

"အဲဒီလူသစ်တွေက မိသားစုများလား…ကလေးတွေရော ပါလား"

"မိသားစုမများပါဘူး ခွန်းရဲ့…ဘာကလေးမှလည်း မပါဘူး။ တစ်ယောက်တည်းလာနေမှာ။ သူက လူပျိုတဲ့လေ။ ခပ်ငယ်ငယ်ပါပဲ။ ခွန်းတို့ထက်ကြီးရင် လေးငါးနှစ်ပေါ့"

"ဗျာ"

ခွန်း ခေါင်းထဲမှာ မီးထတောက်သွားတဲ့အတိုင်းပါပဲ။ အဲဒါ ပိုဆိုးတာ။ ယုယက ငယ်ငယ်ရွယ်ရွယ် ချောချောလှလှ။ ကိုယ်က နေ့စဉ် အပြင်ထွက်၊ Taxi မောင်းနေရတဲ့သူ။ ဘယ်လိုစိတ်ချထားခဲ့ရမလဲ။ ပြီးတော့ ဟိုက အစစ်၊ ကိုယ်က အတု။ အိမ်တစ်အိမ်ထဲမှာ…

အိုးချင်းထားအိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရပါ့မလဲ။ ဟိုလူက ဘယ်လိုလူစားမှန်းမသိ။ ခွန်း ခေါင်းကုတ်မိပြီး တစ်ခုခုကို ဖျတ်ကနဲ သတိရကာ…

"ဒေါ်မေ"

"ပြောလေ…ခွန်း"

"ခင်ဗျား…လူသစ်မထားနဲ့ဗျာ"

"ဟင်"

ဒေါ်မေနဲ့ယုယ အကြည့်ချင်းဆုံသွားကြပြီး…

"မငှားလို့တော့ ဘယ်ဖြစ်မှာလဲ ခွန်းရဲ့…အရင်ကတည်းက ဒေါ်မေ ဒီလိုပဲ ငှားလာတာလေ။ တစ်အိမ်လုံး လိုချင်တဲ့သူကျတော့ တစ်အိမ်လုံးခ ပေးရမှာပေါ့"

"ပေးမယ်ဗျာ"

"ခွန်း"

"ကျွန်တော် ဒီတစ်အိမ်လုံးငှားမယ်…လူသစ်မတင်နဲ့တော့"

"မရတော့ဘူး ခွန်း"

"ဗျာ"

ဘာလို့မရရမှာလဲလို့ ခွန်း မျက်မှောင်ကြုတ်သွားလေသည်။ သူပြောသလို တန်ရာတန်ကြေးပေးတာပဲဥစ္စာ။

"ဘာလို့မရရမှာလဲဗျ။ ကျွန်တော် ဒေါ်မေပြောသလို တစ်အိမ်လုံးငှားမှာလေဗျာ…ဘာလဲ ဟိုလူ့ပိုက်ဆံက ချိုပြီး ကျွန်တော်ပေးမယ့်ပိုက်ဆံက ခါးနေလို့လား"





ဒေါ်မေ လက်တကာကာနှင့် ပျာပျာသလဲဖြစ်ကာ…

"မဟုတ်ရပါဘူး ခွန်းရယ်…ခွန်းက စောစောကပြောရင်တော့ ဟုတ်တာပေါ့။ အခုက ဒေါ်မေကို ဟိုကောင်လေးက သုံးလစာ ပေးသွားပြီလေ။ ဒေါ်မေကလည်း ယူထားပြီးပြီ။ ဒေါ်မေ ကတိမပျက်ပါရစေနဲ့"

"ဟုတ်တယ် ခွန်း"

ယုယ ဝင်ပြောမှဖြစ်တော့မယ်လေ။ ဒေါ်မေကို အားနာလို့ပါ။ ပြီးတော့ တစ်အိမ်လုံးငှားရင် ပိုက်ဆံပိုကုန်မှာပေါ့။ ယုယက ငွေကို ရနိုင်သလောက်စုထားတာ ကိုယ့်အကြံနှင့်ကိုယ်ပါ။

"ခွန်း…ကိုယ်ဖြစ်ချင်တာကိုချည်းပဲ မပြောနဲ့လေ။ ဒေါ်မေ့ဘက်ကိုလည်း ပြန်တွေးကြည့်ဦးမှပေါ့။ အခု ဒေါ်မေမို့လို့ ဒီလောက် ခွန်းကို တောင်းပန်ပြီး ပြောနေတာ…သိလား။ ယုယသာဆို တစ်ခါတည်း အထုပ်ဆွဲပြီး ဆင်းခိုင်းလိုက်ပြီ"

"ဘာ"

"ဟုတ်တယ်လေ…ခွန်း ပြောတာက တစ်ကိုယ်ကောင်းဆန်နေတာပဲဥစ္စာ"

ဩော်…ကိုယ်က တစ်ကိုယ်ကောင်းဆန်တယ်တဲ့လား။ အဲဒီလို တစ်ကိုယ်ကောင်းဆန်တာ မင်းကိုချစ်လို့…မင်းကြောင့်ဆိုတာ မင်း မသိဘူးလား ယုယ…

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ဒီနေ့ ဟိုဘက်အခန်းကို လူသစ်ပြောင်းလာမယ့်နေ့။ ဒါကြောင့် ခွန်း ဒီနေ့ Taxi ထွက်မမောင်းပေ။ ဒီလူ ဘယ်လိုလူလဲ စောင့်ကြည့်ရမယ်လေ။ ပြီးတော့ ပညာပေးသင့်ပေးရမှာပေါ့။ လူပျိုဆိုလို့ အသက်ကြီးကြီး လူပျိုကြီးဆို တော်သေးတာပေါ့။

အခုက…

ကိုယ်တွေနဲ့ မတိမ်းမယိမ်းအရွယ်တဲ့။ အဲဒါကိုပဲ မကျေနပ်တာ။

"ခွန်း"

"…………"

"ခွန်း"

ယုယခေါ်တာကို ပါးစပ်ကမထူးဘဲ ပြန်ငဲ့ကြည့်လိုက်သည်။





"အိမ်ထဲဝင်လိုက်…အပြင်ထွက်လိုက်နဲ့ ဘာဖြစ်နေတာလဲ။ ဒီနေ့ Taxi လည်းမထွက်ဘူး။ မနက်စာလည်း ဘာမှ မစားဘူး။ ဘာဖြစ်နေတာလဲ ခွန်းရဲ့"

"မီးတောက်နေတာလေ…မီးတောက်နေတာ…အဲဒါကြောင့် ဘာမှကိုမလုပ်တာ"

"ဟင်"

ယုယ မျက်မှောင်ကြုတ်သွားလေသည်။ ပြီးမှ ခွန်းဆီသို့ လျှောက်လာခဲ့တော့၏။ ခွန်းအနားကိုရောက်တော့…

"မီးတောက်နေရအောင် ဘာဖြစ်လို့လဲ။ တစ်ခုခုဖြစ်နေရင်လည်း ယုယကို ပြောပြမှပေါ့။ ယုယကို မပြောရင် ခွန်း ဘယ်သူ့ကို သွားပြောမှာလဲ"

"ပြောစရာမလိုလို့ မပြောတာ"

"ခွန်း"

ကိုယ့်ကို အဲဒီလိုလေသံမာနဲ့ မပြောဖူးတော့ ယုယစိတ်ထဲမှာ တင်းကနဲ ဖြစ်သွားရသည်။ ဘယ်အရာမဆို အမြဲတမ်း ယုယ သဘော၊ ယုယစိတ်တိုင်းကျဖြစ်စေခဲ့သူက အခုမှ ဘာထဖြစ်တာလဲ။

"ဘာလဲ…ခွန်း ဒဏ်မခံနိုင်တော့ဘူးလား။ ယုယကို စိတ်ကုန်နေပြီလား။ စိတ်ကုန်လို့ မိဘအိမ်ပြန်ချင်တယ်ဆိုလည်း ပြန်ပါ။ ယုယ မတားပါဘူး။ အေးပေါ့လေ… အစကတည်းက ကိုယ်နဲ့ မတူညီတဲ့အဆင့်အတန်းက



www.burmeseclassic.com

www.burmeseclassic.com



လူကို ယုယက ချစ်ခဲ့မိတာကိုး"

"မဟုတ်ဘူး ယုယ"

"ခွန်း…ယုယကို စိတ်ကုန်တယ်ဆိုလည်းထားခဲ့ပါ။ ခွန်း စိတ်ချမ်းသာရင်ပြီးရော၊ ယုယဘဝ ဘယ်လိုပဲနေနေပါ"

"ယုယ"

ယုယ မျက်နှာငယ်ပုံစံနှင့်ပြောလိုက်တော့ ခွန်းစိတ်က ချက်ချင်းပဲ ဖယောင်းတိုင် မီးနှင့်တွေ့သလို အရည်ပျော်ကျသွားလေတော့တယ်။ ဒီလိုဖြစ်မယ်ဆိုတာ ယုယ သိသည်လေ။ ခွန်းက ယုယ မျက်နှာညှိုးမှာကို မလိုလားသူပဲဥစ္စာ။ ဒါကြောင့် နှုတ်ခမ်းဖျားကို သကာသုတ်ပြီး ပြောလိုက်တာပေါ့။

အချစ်…

ဘာအချစ်လဲ။ ခွန်းနဲ့ယုယကြားမှာ ၁၅၀၀ သော‌ချစ်ခြင်းဆိုတာနဲ့ ဖွဲ့နှောင်လို့ မရဘူးလေ။ သူ ဘယ်လိုပုံစံပဲဖြစ်ဖြစ် အမှန်တရားကိုသိနေတာ ယုယ ဘယ်လိုရင်ခုန်လို့ရမှာတဲ့လဲ။ လိုအပ်နေသေးလို့ အချစ်ကို ခုတုံးလုပ်ပြီး ခွန်းကို ယုယ အသုံးချနေတာပါ။

ပိုင်းလုံး…

နာမည်တော့အဆိုးသား။ အချို့မိန်းမတွေက ဘဝကို ရင်းနှီးမြှုပ်နှံရတာလေ။ အပျိုစင်ဆိုတဲ့ဘဝကိုပေါ့။ ရေလျှံပေမယ့် ဘဝပျက်ကြရသည်။ ယုယကတော့ အေးဆေးပါပဲ။ အပျိုရည်မပျက် ဒီအတိုင်းရှိနေဆဲလေ။ လင်မယားလို့ အမည်ခံထားပေမယ့်…





ချစ်ကြရုံသာ…

အိပ်တော့ တစ်ယောက်တစ်ခန်း။ တကယ့်အစစ်လို ဆက်ဆံပေါင်းသင်းလို့ မရဘူးဆိုတာ နှစ်ယောက်စလုံး သိနေတာမို့ အေးဆေးပါပဲ။ ခွန်းလည်း ယုယကိုချစ်ပေမယ့် ရောဂါဖြစ်မှာတော့ ကြောက်သည်လေ။ ကိုယ်က ပိုဆိုးသေး။ ဒါကြောင့် ချစ်တယ်ဆိုခြင်းမှာ နမ်းရုံဖက်ရုံကလွဲပြီး ဘာအညှီအဟောက်မှ မပါပေ။

"ကိုယ် ယုယကို စိတ်ကုန်လို့ပြောတာ မဟုတ်ဘူး ယုယရဲ့…ယုယကို ချစ်လို့"

"…………….."

"ကိုယ်စိတ်တိုနေတာကလေ"

"ဘာလဲ"

"ဟိုဘက်အခန်းကို ပြောင်းလာမယ့် လူသစ်ကိုပါ။ ဘာမှ ဒေါ်မခံနိုင်လို့ မဟုတ်ဘူး။ ကိုယ်က ယုယကို သိပ်ချစ်တာ။ ဘာဖြစ်ဖြစ် ရင်ဆိုင်ရဲပါတယ်"

"လူသစ်က ဘာဖြစ်လို့လဲ ခွန်းရဲ့"

"သူက ငယ်ငယ်ရွယ်ရွယ်လူပျိုဆိုတော့ ကိုယ် ဘယ်လိုစိတ်ချရမှာလဲ ယုယ…ကိုယ်က အမြဲတမ်း အိမ်မှာနေရတာမဟုတ်ဘူးလေ"

သြော်…ဒါကြောင့်ကိုးလို့ ယုယ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်လိုက်ရသည်။ သူက မမြင်ရသေးတဲ့သူနဲ့ သဝန်တိုနေတာ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ကောင်းတာပေါ့။ အဲဒီလိုသဝန်တိုလေ ကိုယ်က လိုသမျှ ပူဆာပြီး ခပ်ထည့်လို့ကောင်းလေပေါ့။

"ခွန်းကလည်း ဘာစိတ်မချစရာရှိလဲ…သူလည်း သူ့စည်းနဲ့သူနေ…ကိုယ်လည်း ကိုယ့်စည်းနဲ့ကိုယ်နေရမှာပဲလေ"

"သူက စည်းမရှိမှာစိုးလို့ပေါ့"

"အဲ့ဟွန်း"

ယုယ ခွန်းခါးကို ဖက်လိုက်ကာ…

"ယုယက ခွန်းကို ချစ်တာပဲဟာ…စိတ်ချ…ယုယ အရက်ကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်မယ်"

ရင်ခွင်ထဲတိုးပြီး ချွဲလိုက်တော့ ခွန်းမျက်နှာ ပြုံးသွားသည်လေ။ ထိုစဉ်မှာပဲ အိမ်ရှေ့မှာ Taxi တစ်စီး ရပ်သွားတာမြင်တော့

"ဟော"

"ဟိုလူ လာပြီ ထင်တယ်"

ပြောပြီး ခွန်း ယုယကို သူ့ရင်ခွင်ထဲမှခွာပြီး ထသွားလေသည်။ Taxi ပေါ်က ဆင်းလာတဲ့သူကိုမြင်တော့…

"ဟင့်"

ခွန်းရဲ့ စိုးရိမ်စိတ်က ငယ်ထိပ်တက်ဆောင့်ပြီပေါ့။ ရွှက်ကြမ်းရည်ကျိုရုပ်နဲ့ဆို ဖြေသာသေး။ အခုတော့ ရုပ်ကမချူချာပေ။ မျက်ခုံးမွေးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နဲ့ ယောကျ်ားပီပီသသကြီးကို ချောတာ။ ထိုသူက ကားခရှင်းပေးပြီး…





"ကျေးဇူးပဲနော် အစ်ကို"

"ရပါတယ် ညီလေး…အစ်ကို သွားမယ်နော်"

"ဟုတ်ကဲ့ပါ အစ်ကို"

အမယ်… ရယ်လိုက်တော့ ပါးချိုင့်နဲ့ပါလား။ ယုယ သဘောကျသလို ပြုံးလိုက်မိပြီးမှ မလုံမလဲပုံစံနှင့် ခွန်းကို ကြည့်လိုက်မိသည်။ ခွန်းက သူမကိုမကြည့်ဘဲ တစ်ဖက်ကို အာရုံရောက်နေလို့ တော်သေးတာပေါ့။ ခွန်းက ခါးထောက်ပြီး ကြည့်နေလေလျှင်…

"ဟေ့…ချာတိတ်"

"……………"

"မင်း ဒီအိမ်ကလား"

"ဟုတ်တယ်"

ဖြေသံက မာဆတ်ဆတ်နှင့်ပါ။ အကြည့်က မကြည်ကြည့်။ ဒါကို မမြင်ချင်ယောင်ဆောင်ပြီး…

"ဟာ…အဲဒါကို ရပ်ကြည့်နေသလားကွ။ လာ…ကူသယ်ဦး"

"အောင်မယ်…ဘာလုပ်ကူသယ်ရမှာလဲဗျ။ ကျွန်တော် ခင်ဗျားအလုပ်သမား မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ် သယ်ပါလား"

"ဟာ…မင်းနဲ့ငါက အခန်းချင်းကပ်နေကြမယ့်သူတွေလေကွာ…ဒီလောက်ကလေးတောင် မကူညီချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မကူညီဘူး"

"ခွန်း"

ကူသယ်လိုက်ပါလို့ ပြောမလို့ခေါ်တာ။ ပေစောင်းစောင်း ပြန်ကြည့်တော့ ယုယ ဆက်မပြောရဲတော့ပေ။

"အိမ်ထဲဝင်နေ"

"ဟာ…ခွန်းကလည်း"

"လျှာမရှည်နဲ့…ဝင်ဆိုရင်ဝင်"

ကြောက်လို့မဟုတ်ပေမယ့် ယုယ အိမ်ထဲသို့ ပြန်ဝင်ခဲ့လေသည်။ ဟန်ကိုယ့်ဖို့တဲ့။ သူ့မ ရည်ရွယ်ချက်နဲ့ သူ့မ မျက်နှာဖုံးကို ခွာချလို့ မရသေးဘူးလေ။

"မင်းက ရုပ်ကလေးချောသလောက် တော်တော်စိတ်ပုပ်တာပဲကွ။ မကူညီလည်းနေပေါ့ကွာ"

"မကူညီဘူးဗျာ"

"ဟွန်း"

သရ ခပ်မဲ့မဲ့ လုပ်လိုက်ရင်း…

"ပုံစံကိုက မိန်းမလျှာရုပ်နဲ့"

"ဘာဗျ"

မိန်းမလျှာပြောတော့ ခွန်း အနှာပေါ်တုတ်ကျဖြစ်ကာ ရှူးရှူးရှဲရှဲဖြစ်သွားကာ…

"ယောကျ်ားဗျ…ယောကျ်ား"

"ယောကျ်ားဆိုရင် မတွက်ကပ်တတ်ဘူးကွ။ သူများကို





ကူညီတတ်ရမယ်။ မိန်းမစပ်ကာမမို့ ရန်မလိုရဘူး"

"ယောကျ်ားတိုင်း မဟုတ်ပါဘူးဗျာ"

"ဟုတ်တယ်…ယောကျ်ားတိုင်းတော့ မဟုတ်ဘူး။ ဒါပေမဲ့ စိတ်ပုပ်ပြီး ရန်လိုတတ်တာက အခြောက်"

မခံချင်လို့ ထပ်ရန်လုပ်ရင် မိန်းမစပ်ကာမမို့တဲ့ အခြောက်လို့ပြောဦးမှာ။

အဲဒီတော့…

"ကူသယ်မယ်ဗျာ"

ပြောပြောဆိုဆိုနှင့် ချာတိတ်က အထုပ်တစ်ထုပ်ကို သယ်လေတော့ သရ ပြုံးလိုက်မိသည်သာ။ အခန်းချင်းကပ်နေရမှာဆိုတော့ အခုကတည်းက နှိပ်ကွပ်ထားမှ။ မဟုတ်ရင် သူက ဆရာကြီးလုပ်တာခံရမှာ။

"ဘုန်း"

အထုပ်ကို အခန်းဝကနေ အထဲပစ်သွင်းလိုက်တာမို့…

"ဟ…ဖြည်းဖြည်းလုပ်ပါကွ…စေတနာပါပါနဲ့ လုပ်စမ်းပါ ချာတိတ်ရာ…တော်ကြာ လုပ်လည်းပေးရသေးရဲ့…ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ဖြစ်နေဦးမယ်"

ဟွန်း…ယောကျ်ားကြီးဖြစ်နေပြီးတော့ စကားပြောတာ ငေါ့လားတွေ့လားနဲ့။ သူကမှ အခြောက်စိတ်။ စိတ်တိုတိုနှင့် ခွန်း ပခုံးချင်း ဝင်တိုက်ပစ်လိုက်တော့…

"ဟ"



www.burmeseclassic.com

www.burmeseclassic.com



"..............."

"ဒီမှာ ချာတိတ်"

ခေါ်တော့ ခွန်း ပေစောင်းစောင်း ပြန်ကြည့်လေလျှင်...

"အိမ်နီးနားချင်း...အဲလေ...အခန်းချင်းကပ်နေရမှာ သင့်သင့်မြတ်မြတ် ရှိရတယ်ကွ...မဟုတ်ရင်"

"ခင်ဗျားလည်း အခြောက်ပဲ"

"ဘာကွ"

"ကြားတဲ့အတိုင်းပဲ"

နောက်လှည့်မကြည့်တော့ဘဲ ပြောသွားပုံက နောက်ကနေ လိုက်ပြီး ကျောကို ပိတ်ထုချင်စရာပါ။ အဲလေ...ကန်ချင်စရာ ပေါ့။ သရ...လက်ထဲကအထုပ်တွေကို ချပြီးပြန်ထွက်လာကာ..

"ချာတိတ်"

"ဟေ့...ချာတိတ်"

"ဘာလဲဗျာ...ဘာလို့ခေါ်နေတာလဲ"

"ငါ့ကို လာကူပါဦးကွ"

"မကူဘူးဗျာ...ကိုယ့်ဘာသာလုပ်"

"ဟာ...မင်းကလည်း ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ပါ ကွ...အခန်းလေး ကူရှင်းပါဦး"

"မလုပ်ဘူးဆို...မလုပ်ဘူးဗျာ"

သရ အသံတိတ်သွားပြီး ခွန်းတို့အခန်းဝမှာ သွားရပ်လိုက် ကာ...





"ချာတိတ်"

"ခေါ်ပြန်ပြီလား"

"မင်းကလည်း ယောကျ်ားဖြစ်ပြီး နှုတ်သီးကောင်းလိုက် တာ မိန်းမကျနေတာပဲ။ တကယ့်အခြောက်"

"ဘာဗျ"

"မကျေနပ်ရင်နေ...ငါ့နာမည် မှတ်ထားဦး၊ သရနောင်တဲ့"

ခွန်း...ဂရုမစိုက်တဲ့ပုံနေလိုက်တော့ သူ့နာမည်သာပြောပြီး ခွန်းတို့နာမည်ကို မမေးဘဲပြန်သွားလေတော့သည်။ ယုယကတော့ မမြင်ရတော့တာတောင် လိုက်ကြည့်နေလျက်မို့ ခွန်း ဒေါသဖြစ်ရ၏။

တော်တော် ပြဿနာရှာတဲ့လူကြီးပဲ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ခွန်း…အိမ်မှာပဲ ထိုင်စားနေလို့ မရဘူးလေ။ ယုယနဲ့ ဟိုလူကြီးကို စိတ်မချဘူးဆိုပြီး ကားထွက်မမောင်းဘဲနေရင် ဝင်ငွေမရှိဘူးပေါ့။ အခု နှစ်ရက်လေး ထွက်မမောင်းတာနဲ့ ယုယက ရွှေမျက်နှာတော် ညှိုးနေပြီလေ။ ဒီတော့ သွားရပေဦးမယ်ပေါ့။

ခွန်း အပြင်ကို ထွက်လာတော့…

သရလည်း အပြင်ထွက်လာတာနှင့်တိုးပြီး…

"ဟော့ကောင်"

"…………"

"ဟော့ကောင်…ချာတိတ်"

ခေါ်တော့ ခွန်း ပေစောင်းစောင်းနှင့် ပြန်ကြည့်လေသည်။

"မင်း…ဘယ်ကိုသွားမှာလဲ"





"ဘယ်သွားသွား ခင်ဗျားအပူပါလို့လား"

"မင်းကလည်း ပြောလိုက်ရင် တကယ့်ထော်လော်ကန့်လန့်ပဲ…ပြောတော့ မကြိုက်ဘူး…တကယ့်အခြောက်"

"ခင်ဗျားနော်"

"ပြောတာမကြိုက်ရင် ကောင်းကောင်းဖြေမှပေါ့ကွ"

အခြောက်လို့ပြောရင် မကြိုက်မှန်းသိလို့ သရ တမင်ပြောလိုက်တာပါ။ အဲဒီလိုပြောမှပဲ…

"Taxi မောင်းနေတာ ဘယ်နေရာသွားပါမယ်လို့ အတိအကျပြောလို့ ရမလားဗျ"

"သြော်…မင်းက Taxi မောင်းနေတာလား။ အဲဒါ တန်းဖြေလိုက်ရင်ရတာကိုကွာ…ဒါနဲ့ မင်းနာမည်ဘယ်သူကွ"

ယုယက ခွန်း…ခွန်းနဲ့ ခေါ်နေတာကို ဒီလူကြီးမကြားဘဲ မကြားဘူးလား။ ခုမှ နာမည်လာမေးနေသေးတယ်။ မဖြေရင်မကောင်းတာမို့…

"ခွန်း"

"ဘာ…ခွန်း…ဟုတ်လား"

"ဟုတ်တယ်"

"တစ်လုံးတည်းလား"

"ဟုတ်တယ်"

"ဒါဆို ဘာအဓိပ္ပာယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဘယ်သိမလဲဗျ"

ဘုဆတ်ဆတ်ပြောပြီး ခွန်း ထွက်လာခဲ့တော့သည်။ တော်တော်လျှာရှည်တဲ့လူကြီး။ မိကျောင်းနဲ့စပ်ကျထားသလား မသိပါဘူး။ မဖြေတော့တစ်မျိုး…ဖြေတော့တစ်မျိုး လျှာရှည်တာ။

"ဟော့ကောင် ချာတိတ်"

နောက်ကနေ လိုက်လာပြီးခေါ်တာကြောင့် ခွန်း စိတ်မရှည်စွာနှင့်သာ…

"ဘာလဲဗျာ"

"ငါ လမ်းကြုံလိုက်လို့ရမလား"

"မရဘူး"

"ဟာ"

Taxi မောင်းပါတယ်ဆိုမှ လမ်းကြုံလိုက်လို့ရမလားတဲ့။ မေးတတ်လိုက်တဲ့ပါးစပ်။

"မခေါ်ချင်လည်းနေပါကွာ…အဲဒါဆို အပြင်မထွက်တော့ဘူး။ ပျင်းရင် မင်းကောင်မလေးနဲ့ပဲ စကားသွားပြောနေတော့မယ်"

"ဘာဗျ"

ခွန်းကို မကြည့်တော့ဘဲ အိမ်ထဲသို့ လှမ်းကြည့်နေတဲ့လူကြီးကို နောက်ကနေ ခေါင်းရိုက်ခွဲချင်စိတ်ပေါက်သွားရ၏။ ဖြစ်နိုင်ရင် ဥပဒေသာမရှိလို့ကတော့ ရိုက်ပြီးပြီ။ အစကတည်းက စိတ်မချရတဲ့အထဲ စကားသွားပြောဦးမတဲ့။





"ခင်ဗျားက ဘယ်သွားမှာလဲ…ကျွန်တော်သွားမယ့်လမ်းနဲ့ ကြုံလို့လား"

"ငါက ဘယ်သွားမယ်ဆိုတာ မဆုံးဖြတ်ရသေးလို့ မင်းနဲ့ ကပ်လိုက်ဖို့ ပြောကြည့်တာပါ။ အပြင်ထွက်ပြီး အလုပ်ရှာမလို့"

ခွန်း မျက်မှောင်လေးကြုတ်ပြီး တွေကနဲ ဖြစ်သွားလေသည်။ အလုပ်ရှာမလို့တဲ့။ ဒီလူကြီးမှာ အလုပ်ရှိနေမှဖြစ်မှာ။ အလုပ်ရှိလို့ အလုပ်သွားလုပ်တော့ မိုးလင်းကမိုးချုပ် အိမ်မှာမရှိဘူးပေါ့။ ဒါမှ ယုယကို စိတ်ချထားလို့ရမှာ။

"ကောင်းပြီလေ…အလုပ်ရှာမယ်ဆိုရင်တော့ လိုက်ခဲ့… ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ဘာလဲ"

"ကျွန်တော်က Taxi မောင်းနေတာဆိုတော့ ခင်ဗျား ကားခ တော့ပေးပေါ့ဗျ"

တော်တော်ကတ်ဖိုးကတ်ဖွဲ့နိုင်တဲ့ ကောင်လေးပါလား။ လူက အခြောက်လို ဖြူဖြူချောချော။ ပြောလိုက်ရင်တော့ ဘုကန့်လန့်လေ။

"ဘယ်လိုလဲ…ပေးမှာလား"

"လောလောဆယ် ငါ့မှာ ပေးစရာပိုက်ဆံ မရှိဘူးကွ… ဒီလိုလုပ်ပါလား"

"……………"



www.burmeseclassic.com

www.burmeseclassic.com



“အခု အကြွေးမှတ်ထားလိုက်ကွာ…ငါ အလုပ်ရှာရလို့ အလုပ်ရရင် ဆပ်မယ်။ ဘယ်လိုလဲ”

ဟွန်း…လူပုံက သားသားနားနားနဲ့ အဲဒီလောက်တောင် ပိုက်ဆံမရှိဘူးလား။ တတ်နိုင်ဘူးလေ…ဒီလူ အလုပ်ရမှဖြစ်မှာ ဆိုတော့…

“ကောင်းပြီလေ…ခင်ဗျားသာ ကတိတည်ပါစေ။ အလုပ်ရလို့ ဝင်ငွေရှိမှတော့ မသိချင်ယောင်ဆောင်မနေနဲ့”

“ငါ ယောကျ်ားပါကွ”

“ပြီးတာပဲ…ဒါဆိုတက်”

“ကျေးဇူးပါ ချာတိတ်ရာ…ငါ မင်းကျေးဇူးကို မမေ့ပါဘူး…တကယ်ပါ”

“ဟာ”

သရက ခွန်းပခုံးကို ဖက်လိုက်တော့ ခွန်း မျက်လုံးလေး ပြူးကာ…

“ဘာလုပ်တာလဲဗျ”

ပြောရင်း ပခုံးလေးတွန့်ရုန်းကာ သရလက်ကို အတင်း ဖယ်ချလေသည်။

“မင်းက ဘာဖြစ်တာလဲကွ…ကျေးဇူးတင်လို့ ပခုံးဖက်တာများ ရင်ဝကို ဓားနဲ့ထောက်ပြီး ခြိမ်းခြောက်လိုက်သလိုပါလား”

“ကျွန်တော်က ပခုံးဖက်ရင် မနေတတ်ဘူးဗျ။ နောက်ကို





စကားပြောရင် လက်မပါစေနဲ့ဗျာ။ ပါးစပ်ကပဲပြောပါ”

“အေးပါကွာ…အေးပါ…တော်တော်ကြီးကျယ်တဲ့ ကောင်ပဲ”

“ခွန်းရေ”

ယုယ အိမ်ထဲကထွက်လာပြီး ခေါ်ကာ…

“ပြန်လာရင် သဘော်သီးထောင်း ဝယ်လာဖို့ မမေ့နဲ့နော်”

“အဲဒါပဲမို့လား”

ယုယ ခေါင်းညိတ်ပြလေတော့…

“ကဲ…ဘဲကြီး လိုက်မယ်ဆို…တက်”

ပြောပြောဆိုဆိုနှင့် ခွန်း ကားပေါ်သို့ တက်လေတော့သည်။ ဘဲကြီးလို့ခေါ်တော့ သရ ပြူးလိုက်မိ၏။ ဘဲဆိုတာ မိန်းကလေး တွေသုံးတာ။ အခု ဘဲကြီးဆိုတော့…

ပြောရင်…

ကားပေါ်တင်မခေါ်မှာစိုးလို့ မပြောတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

ဒေါ်ကေခိုင်ဦးတစ်ယောက် ခွန်းကို သတိရတွေရ၊ တွေးမိတိုင်း မျက်ရည်ကျရတုန်းပါ။ ကိုယ့်သားသမီးပဲလေ…အိမ်ကနေထွက်သွားတာ နှစ်လကျော်ပြီဆိုတော့ စိတ်မပူဘဲနေပါ့မလား။ ဘယ်လိုတွေနေပြီး ဘယ်လိုတွေ စားနေပါလိမ့်။

ဘာတွေများလုပ်နေမလဲ။

ကိုယ့်အိမ်မှာလို စားလိုက်သွားလိုက်၊ မအေဆီမှာ လက်ဖြန့်ပြီး မုန့်ဖိုးတောင်းလိုက်မှ မဟုတ်ဘဲလေ။ ဟိုကောင်မလေးကမိန်းမလည်လေးတဲ့။ ဒုက္ခရောက်နေလားလို့ တွေးပြီး မျက်ရည်ကျနေခိုက်…





"ကေ"

"ဟင်"

လှေကားရင်းရောက်တာနှင့် သူမနာမည်ကိုခေါ်ပြီး လျှောက်လာတဲ့ ခင်ပွန်းဖြစ်သူကိုမြင်တော့ ဒေါ်ကေခိုင်ဦး မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။ ခင်ပွန်းသည်၏စိတ်ကိုလည်း သိနေသည်လေ။ မိဘရင်ဝကို စုံကန်ထွက်သွားတာထားလိုက်တဲ့။

"ငိုနေပြန်ပြီလား…ကေ"

"……………"

"မိဘစေတနာကို နားမလည်တဲ့ သားသမီးအတွက် မျက်ရည်ကျမနေစမ်းပါနဲ့။ တန်ကိုမတန်တာ"

"အဲဒီလိုတော့ မပြောပါနဲ့ ကိုလွင်ရယ်…ခွန်းက ကျွန်မသား…ရှင့်သားလေ…မိဘဆိုတာ"

"တော်စမ်း…ကေ"

ဦးမြင့်လွင် ခပ်ငေါက်ငေါက်ပြောလိုက်တော့ ဒေါ်ကေခိုင်ဦး ဆက်မပြောရဲတော့ပေ။

"သား…သားနဲ့ မင်းတို့သားအဖ အမြဲတပ်ပေးလို့ ခွန်း မျောက်ဖြစ်သွားတာ။ ဘာသားလဲ…သမီးက သမီးပဲပေါ့။ မင်းကြောင့် ခွန်း မိုင်းကောင်းကျောက်ဖို ဖြစ်မလာဘဲ အခု ခုန်ထွက်သွားတာ။ အစကတည်းက ငါ အတန်တန်ပြောခဲ့တယ်။ မိန်းကလေးက မိန်းမလေးလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါစေလို့"

ကျွန်မ မှားပါတယ်လို့ပဲ ဝန်ခံတောင်းပန်ရမလား။ ကေက လည်း နာကြည်းချက်တစ်ခုနဲ့ မိန်းကလေး မမွေးချင်ခဲ့တာပါ။ ယောကျ်ားလေးပဲ မွေးချင်ခဲ့တာ။ မွေးလာတော့ မိန်းကလေး။ မလိုချင်ဘူးဆိုပြီး ပစ်ထားလို့မှ မရဘဲလေ။ ကိုယ့်ရင်သွေးဆိုတော့ ဘာပဲဖြစ်ဖြစ် ချစ်ရသည်သာ။

ဒါကြောင့် မိန်းမသားဆိုတဲ့ဘဝကို နာကြည်းတဲ့စိတ်ကြောင့် သမီးကို သားအဖြစ် ပုံစံသွင်းခဲ့တာပါ။ သူမ ဘာကြောင့် မိန်းမ သားဘဝကို နာကြည်းသလဲဆိုရင်…

ကေ…ရှစ်တန်းနှစ်ကပေါ့။

ကေကို ကျောင်းပို့ကျောင်းကြိုလုပ်နေတဲ့ အိမ်ကဒရိုင်ဘာ ဦးထွန်းမောင်ကို ဖေဖေနဲ့မေမေက ယုံကြည်ကြသည်။ မိသားစုလို သဘောထားသည်လေ။ လူယုံသတ်လို့ သေတယ်ဆိုတဲ့စကားက တကယ်မှန်တယ်ဆိုတာ သိလိုက်ရတဲ့နေ့က…

"ထွန်းမောင်"

"ဗျာ…ဆရာ"

"ဒီနေ့ ငါ ပြင်ဦးလွင်သွားရမှာနော်။ ညနေ အိမ်ပြန်မိုးချုပ် ချင်ချုပ်မယ်။ မင်းမလည်း လိုက်မှာ။ အဲဒါကြောင့် မင်းတူမကို လူကြီးတွေမရှိတုန်း အပြင်မထွက်စေနဲ့… ကြားလား"

"ဟုတ်ကဲ့…စိတ်ချပါ ဆရာ…ကေလေးက လိမ္မာတာ





ပဲဥစ္စာ…လူကြီးကပြောရင် နားထောင်ပါတယ်"

ကေ ငယ်ငယ်ကတည်းက ဦးထွန်းမောင်က ဒီအိမ်မှာ ဒရိုင် ဘာလုပ်လာတာ မိသားစုလို ဖြစ်နေကြပြီလေ။ ဒါကြောင့် လူကြီး တွေက ယုံကြည်စိတ်ချတာပေါ့။

"သမီး"

"ရှင်…မေမေ"

"ဦးထွန်းမောင်စကားကို နားထောင်နော်…ဘယ်မှလည်း လျှောက်မသွားနဲ့…ကြားလား"

"ဟုတ်ကဲ့ပါ မေမေ"

မန္တလေးနဲ့ပြင်ဦးလွင်ဆိုတာ သွားနေကျလူတွေအဖို့ ဝေးတာ မှမဟုတ်ဘဲလေ။ ဖေဖေက အလုပ်ကိစ္စနှင့် ပြင်ဦးလွင်ကို ခဏ ခဏသွားတတ်သည်။ မေမေနဲ့ကေ ကေကျောင်းပိတ်ရက်ဆို လိုက်သွားသည်လေ။ အခု ဘာများအရေးကြီးလို့ မေမေပါ လိုက်သွားပါလိမ့်။

မေမေနဲ့ဖေဖေ အိမ်မှာမရှိတော့ ကေ လွတ်လွတ်လပ်လပ်ပဲ ဧည့်ခန်းထဲမှာ ထိုင်ပြီး စာကျက်နေစဉ်…

"ကေ"

"ဟင်"

ဦးထွန်းမောင် ရောက်လာပြီး ကေဘေးမှာ ဝင်ထိုင်လေ တော့ ကေ မသိမသာ ရွှေ့သွားကာ…

"ဦးထွန်းမောင် ဘာပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းမောင်က ဘာမှပြန်မပြောဘဲ ကေတစ်ကိုယ်လုံးကို စုန်ချည်ဆန်ချည် ကြည့်လေသည်။ ပြီး…ကေ့ဘက်သို့ တိုးလာကာ…

"ကေလေးက တစ်နေ့တခြား လှလာတာ အရမ်းချစ်ဖို့ကောင်းတာပဲ။ ပါးလေးတွေကလည်း ဖောင်းနေတာ စိတ်ရှိလက်ရှိ နမ်းပစ်ချင်စရာလေး"

ကေ မျက်လုံးလေးဝိုင်းကာ နေရာထပ်ရွှေ့မိသည်။ မေမေက မှာထားသည်လေ။ ဘယ်သူမှမရှိတဲ့နေရာမှာ သူစိမ်းယောက်ျားနဲ့ ပူးပူးကပ်ကပ် ရင်းရင်းနှီးနှီး မနေရဘူးတဲ့။ အသက်ကြီးကြီး၊ အသက်ငယ်ငယ် မယုံနဲ့တဲ့။ ဒီလိုသင်ထားတာ သိပ်မကြာသေးဘူးလေ။

ကေကို အပျိုဖော်ဝင်လာပြီဆိုပြီး သိသင့်တာတွေ သင်ထားတာပါ။

"ကေလေး"

"………"

"ကေလေး အနမ်းခံဖူးလား။ ဟိုလေ အဖက်ရော ခံဖူးလား။ ဦးထွန်းမောင် ကေလေးကို ဖက်နမ်းပြမယ်နော်"

"ဟင့်အင်း…ဦးထွန်းမောင်နော်"

ကေ ကြောက်ကြောက်နှင့် ထပြေးလေတော့ ဦးထွန်းမောင်က လက်ကိုဆွဲထားပြီး ကေကိုယ်လေးကို အတင်းဖက်လေလျှင်

"ဦးထွန်းမောင်…ဖယ်နော်"





"ချစ်လို့ပါ ကလေးရဲ့"

"ဟင့်အင်း"

"သမီး"

"ထွန်းမောင်…ခွေးမသား"

နောက်မှ ဖေဖေနဲ့မေ ပြောပြတာတော့ လမ်းရောက်မှ မေမေ ခေါင်းအရမ်းမူးတယ်ဆိုလို့ ဖေဖေက ပြန်လာတာတဲ့။ ဒါ ဘုရားမခြင်းပါပဲ။ ဒီမြင်ကွင်းမျိုး မြင်လိုက်ရတော့ ဖေဖေက ဦးထွန်းမောင်ကို ထိုးကြိတ်ပြီး အလုပ်က ထုတ်ပစ်လိုက်သည်။

ဖေဖေနဲ့မေမေ ပြန်ရောက်လာလို့သာပေါ့။ မဟုတ်ရင် ကေဘဝက မတွေးရဲစရာပါ။ ဒါကြောင့် ကိုယ်ဘယ်လောက်ပဲ ကောင်းအောင်နေနေ ဒီလိုလူယုတ်မာမျိုးတွေ အလစ်ချောင်းခံရစဲ့ မိန်းမသားဘဝကို ကေ မုန်းသည်။ အိမ်ထောင်ကျတော့လည်း သမီးမိန်းကလေး မလိုချင်ခဲ့ဘူးပေါ့။

မွေးလာတော့ မိန်းကလေးဖြစ်နေတာမို့…

သားလို့ခေါ်ပြီး ယောက်ျားလေးလိုထားခဲ့တာ။ ယောက်ျားလေးတွေ တတ်သင့်တဲ့ပညာတွေ သင်စေခဲ့သည်။ ဒါမှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မှာလေ။ အခုကျတော့ တစ်မျိုးစိတ်သောက ရောက်ရပြန်ပါရောလား။

"ကိုလွင်"

"……………"

"ကျွန်မတို့ ခွန်းကို ပြန်ခေါ်ကြရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ…ပြန်ခေါ်ချင်တိုင်းခေါ်လို့ ရမလားကွ…အခုချိန်မှာ တစ်ဖက်က ဆွဲဆောင်မှုအားသာနေတာလေ။ စိတ်ချ… သူ့မှာပါသွားတဲ့ ပစ္စည်းတွေကုန်ရင် ပြန်လာလိမ့်မယ်"

"အဲဒီအထိထားရင် ခွန်း ဒုက္ခရောက်မှာပေါ့ ကိုလွင်ရဲ့… ရှင်ကလေ ဖအေမဟုတ်တဲ့အတိုင်းပဲ"

ပြောရင်း မျက်ရည်တွေက ကျလာပြန်သည်။

"ဖအေမို့လို့ မသင့်တော်တာကို တားခဲ့တယ်လေ။ ဒင်းက လက်မခံဘဲ ခြေစုံကန်ထွက်သွားတာ သွားပစေပေါ့။ လွမ်းနေစရာကိုမလိုတာ"

"ကိုလွင်"

"……………"

"ရှင်…အဲဒီလိုပစ်ထားရအောင် ခွန်းက ယောကျ်ားလေး မဟုတ်ဘူးနော်"

"အမှန်တရားကို မင်း လက်ခံပြီလား"

ကိုလွင် မေးလိုက်တော့ ကေ နှုတ်ဆိတ်သွားလေတော့သည်။ ယောကျ်ားလေးလို့ပဲ အားလုံးက သိထားကြရင်ကောင်းတာပေါ့။ လူတိုင်းက နုံနုံအအတွေမှ မဟုတ်ကြတာ။ မိန်းကလေး ဆိုတာကိုသိတဲ့သူတွေကျတော့ ခွန်းက ရှက်ကြမ်းရေကျိုရပ်ရည် မဟုတ်ပေ။

ပြီးတော့…

ဦးမြင့်လွင်နဲ့ဒေါ်ကေခိုင်ဦးတို့ရဲ့ တစ်ဦးတည်းသော သမီး





ဆိုတာကိုသိရင် အဲဒီလိုမှဆိုးက ခွန်းကို အလွတ်ပေးပါ့မလား။ တွေးမိတော့ စိတ်က ပူသထက်ပူလာ၏။

"ငါ အပြတ်ပဲပြောမယ် ကေ"

"……………"

"မင်းရဲ့သမီး အမှန်တရားကို လက်မခံသရွေ့ ငါလည်း ဒီအိမ်ကို ပြန်မခေါ်မထားနိုင်ဘူး။ အမြင်မှန်ရလို့ မိန်းကလေးလို ပြန်လာမယ်ဆိုရင် ငါ လက်ခံမယ်။ အဲဒါ ငါ့ရဲ့နိုင်မာတဲ့ ဆုံးဖြတ်ချက်ပဲ"

"ဟင်"

"ဒါကိုမှ မကျေနပ်ရင် မင်းလည်း ကြိုက်သလို လမ်းခွဲနိုင်တယ်"

ခပ်ပြတ်ပြတ်ပဲ ပြောပစ်လိုက်သည်။ ဒီလိုပြောလို့ ဖခင် မပီသဘူး…ရက်စက်တယ်လို့ ထင်မလား။ ကိုယ့်သမီးကို သိပ်ချစ်လို့ပဲ အမှန်းခံပြီး အမှန်ဖြစ်အောင် ပြင်လိုက်တဲ့သဘော ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

"ခွန်း"

"ဟင်"

ခွန်း အပေါ်က ရုပ်လက်တိုကို ထပ်ဝတ်ရင်း လှည့်ကြည့်လိုက်တော့ ယုယလက်ထဲမှာ ဆွဲခြင်းနှင့်ပါ။ ပုံစံကတော့ အခြားအိမ်ရှင်မတွေ ဈေးသွားသည့်ပုံပါ။ ယုယက ဈေးသွားမလို့လား။ သူမ ဈေးသွားလည်း ဘုရားပန်းဝယ်လောက်ပဲ ဖြစ်မှာပါ။

ခါတိုင်းဆို....

ဘုရားပန်းက လူကြုံမှာတာပါ။ ဒီတစ်ခါ ကိုယ်တိုင်ထွက်ဝယ်ချင်လို့နေမှာပေါ့။

"ဈေးသွားမလို့လား"

"ဟုတ်တယ် ခွန်း...ညနေကျရင် အပြင်ကနေ ညစာအတွက် ဝယ်မလာနဲ့တော့နော်။ ဒီနေ့ကစပြီး ယုယကိုယ်တိုင် အိမ်မှာပဲ ချက်စားတော့မယ်"





"ဟင်"

ခွန်း အံ့သြစွာပင် ယုယဘက်သို့ တစ်ကိုယ်လုံး လှည့်လိုက်ပြီး...

"အထူးအဆန်းပါလား...ငါ့မိန်းမ ဘာတွေ စိတ်ကူးပေါက်ပါလိမ့်"

"နေ့တိုင်း အပြင်မှာချည်းပဲ ထွက်စားနေတာ စိတ်တိုင်းမကျတော့ဘူး ခွန်းရဲ့...ပိုက်ဆံလည်း ပိုကုန်တယ်လေ။ အဲဒါကြောင့် ဈေးသွားပြီး ကိုယ့်ဘာသာပဲ စိတ်တိုင်းကျချက်စားတော့မယ်။ ပိုက်ဆံလည်း အကုန်သက်သာတာပေါ့။ ခွန်းက ပင်ပင်ပန်းပန်းနဲ့ ရှာထားရတာ။ မကုန်သင့်တာ မကုန်ရအောင် ယုယက ထိန်းသိမ်းရမယ်လေ...မဟုတ်ဘူးလား"

ခွန်း နှုတ်ခမ်းလေးက ပြုံးသွားလေသည်။ ယုယကအလိုက်သိတယ်။ ကိုယ့်ကို ပင်ပန်းမှာစိုးလို့ဆိုတဲ့ အတွေးလေးနှင့်ပေါ့။ ယုယ ပြောတာလည်း မှန်နေတာပဲလေ။ ဆိုင်မှာစားတော့ သူ့ဆိုင်မှာရှိတဲ့ဟင်းပဲ ကြိုက်ကြိုက်-မကြိုက်ကြိုက် စားရတာမဟုတ်လား။ ကိုယ်က ဘာစားချင်တယ်ဆိုပြီး စားချင်တာစားလို့မရပေ။

အိမ်မှာကျတော့...

ကိုယ်စားချင်တာ ချက်စားလို့ရတာပေါ့။

"ဈေးသွားပြီး ယုယကိုယ်တိုင်ချက်မယ်ဆိုတော့ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ ယုယရဲ့…ကိုယ်က ကိုယ့်မိန်းမလက်ရာလေး စားကြည့်ချင်နေတာ”

“ဒါဆို ယုယ ဈေးသွားတော့မယ်နော်”

ခေါင်းညိတ်ပြီးမှ…

“ဪ…ယုယ”

“ဟင်”

“ယုယ ချက်ရောချက်တတ်လား”

“ချက်တတ်တာပေါ့ ခွန်းရဲ့…ယုယက ခွန်းလို သူဌေးမျိုးရိုးကနေ ပေါက်ဖွားလာတာမှမဟုတ်တာ။ အရင်က ကိုယ့်ဘာသာ ချက်စားနေရတာလေ။ အခုမှ ခွန်းအပေါ် ဆိုးချင်လို့ပျင်းနေတာ”

“ဒါဆို အချွဲမလေးပေါ့”

ခွန်း…ယုယရဲ့မေးဖျားလေးကို ကိုင်၍ဆိုလေသည်။ ယုယက မျက်စောင်းလေးထိုးလိုက်ကာ ခွန်းအမြင်မှာ ချစ်မျက်စောင်းလေးပေါ့။ တကယ်တမ်းက မာယာမျက်စောင်းပါ။

“ခွန်းရော သွားတော့မလို့လား”

“အင်း…အခုပဲသွားတော့မှာ”

“ဒါဆို သွားလေ…ကားကို ဂရုစိုက်မောင်းနော် ခွန်း”

“ဟုတ်ကဲ့ပါဗျာ”

ပြောရင်း ခွန်းက ယုယပါးပြင်လေးကို ဖျတ်ကနဲ ငုံ့နမ်းလေသည်။ ငုံ့နမ်းဆို ခွန်းက အရပ်ရှည်တာကိုး။ ခွန်းအရပ်က ငါးပေနဲ့





ငါးလက်မ။ ယုယက ငါးပေပင် မပြည့်ပေ။

“ယုယရော မသွားသေးဘူးလား”

“သွားမလို့ ခွန်းရဲ့…နေဦး…အခုမှ အပေ့ါသွားချင်လာလို့ သွားလိုက်ဦးမယ်။ ခွန်းက သွားတော့လေ”

“အိုကေ”

အပေ့ါသွားချင်လို့ဆိုပြီး ယုယ နောက်ဖေးဘက်သို့ ပြန်လာခဲ့သည်လေ။ တကယ်က မဟုတ်ပါဘူး။ ခွန်းကို အရင်ထွက်သွားစေချင်လို့ပါ။ ခွန်း ထွက်သွားပြီဆိုတော့မှ သူမလည်း နောက်ဖေးဘက်ကနေ ပြန်ထွက်လာကာ သရနေတဲ့ အခန်းဘက်ကို ကူးလာခဲ့ပြီး…

“ကိုသရ”

“……………”

“ကိုသရ”

“ဟင်”

သရ ပုဆိုးလဲနေရင်းမှ ယုယကိုမြင်တော့ အောက်က ပုံကျနေတဲ့ပုဆိုးကို မကောက်ဖြစ်ဘဲ ခါးကပုဆိုးကိုပဲ ကမန်းကတန်း ဝတ်လိုက်ကာ…

“ယုယ…မင်း ဘာလာလုပ်တာလဲ”

“ဆောရီး…ဆောရီးပါ ကိုသရ…ယုယက ကိုသရ ပုဆိုးလဲနေမှန်း မသိလို့ပါ”

ပြောပြီး ပြန်ထွက်သွားမလား မှတ်ပါတယ်။ ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



မသွားဘဲ ယုယက ရပ်နေဆဲပါ။ သရကို ကြည့်နေလိုက်တာများ မျက်တောင်ခတ်ဖို့ မေ့နေသလား မသိပါဘူး။ သရ စိတ်မလုံစွာ နှင့်ပဲ…

"ယုယ"

"ရှင်"

"နင်…ဘာပြောစရာရှိလို့လဲ"

"သြော်…ဟိုလေ…ဟိုဟာ ညနေကျ ကိုသရ အပြင်မှာ ထမင်းသွားမစားနဲ့လို့ ပြောမလို့ပါ။ ကိုသရက အလုပ် မရသေးတော့ ပိုက်ဆံအပိုကုန်မှာစိုးလို့ပါ။ ယုယ အိမ်မှာ ပဲ ချက်စားတော့မှာလေ"

"နင်…အိမ်မှာ ချက်စားတာ ငါနဲ့ ဘာဆိုင်လို့လဲ"

"ကိုသရအတွက်ပါ ပိုချက်မလို့ပါ ကိုသရရဲ့…ညနေကျ အပြင်မှာ စားမလာနဲ့နော်…ယုယ ထမင်းဟင်းတွေ ပို့ထားပေးမယ်"

သရ မျက်မှောင်ကြုတ်သွားလေသည်။ ဒါက ဘာသဘော လဲ။ သူမ ဒီလိုလုပ်မှာကို ခွန်း သိရဲ့လား။ ခွန်းက ကိုယ့်ကို သိပ်ကြည်တာမဟုတ်ပေ။ မကြည်တာကလည်း ယုယနဲ့ ရင်းနှီး ပတ်သက်မှာကို မကြိုက်တာလေ။ ဒါကို ယုယ မသိတာလား။ မသိချင်ယောင်ဆောင်နေသလားဆိုတာ…

"နော်…ကိုသရ"

"ဒီမှာ ယုယ"





"ရှင်"

ထူးပုံက မျက်ခုံးလေးပင့်လို့ပါ။ သရကတော့ ခပ်တည် တည်ပါပဲ။

"နင်…ခွန်းကို မသနားဘူးလား"

"ရှင်"

ယုယက နားမလည်သလို သူ့ကို မျက်လုံးဝိုင်းနှင့်ကြည့်နေ စဉ် ကိုယ်ကတော့ ပြောစရာရှိတာ ပြောရမှာပါပဲ။

"သူ့ခမျာ တစ်နေကုန်ထွက်ပြီး ကားမောင်း ပိုက်ဆံရှာရ တာ။ သူ့လုပ်စာကို နင်က သုံးရက်ဖြုန်းရက်ပေမယ့် ငါက မစားရက်ဘူး။ အဲဒါကြောင့် ငါ့အတွက် ဘာမှ ပိုမချက်နဲ့။ ပိုချက်လည်း ငါ စားမှာမဟုတ်ဘူး"

"ကိုသရကလည်း ယုယက စေတနာနဲ့ပြောတာကို"

သူမ ထွက်မသွားသေးတော့ ကိုယ်က ဒီအတိုင်း ဆက်ရပ် နေလို့မရပေ။ ဒါကြောင့် သရ လဲထားတဲ့ပုဆိုးကို ကောက်ယူပြီး ခေါက်လိုက်ကာ တန်းပေါ်သို့ တင်လိုက်၏။ ခွန်းကလည်း ဝင်္ကြီးလိုက်တာ။ သူကတော့ အပင်ပန်းခံပြီး ယုယကို ရွှေပေါ် မြတင်ထားချင်တာလေ။

ဒေါ်မေကတောင် ပြောတယ်။ ဂေါင်မလေးလည်း အလုပ် ထွက်လုပ်ရင်ရရဲ့သားနဲ့ ဘာမှမလုပ်ဘဲ အိပ်လိုက်စားလိုက် အလှပြင်လိုက်နဲ့ လုပ်နေတာတဲ့။ ခွန်းကို သနားလိုက်တာတဲ့လေ။

"နင် တကယ်တမ်း စေတနာထားရမှာက ငါ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ယုယ…နင့်ကို ဝမ်းဝပြီး ခါးလှအောင် ရှာကျွေးနေတဲ့ ခွန်းအပေါ်မှာ နင် စေတနာတွေ…မေတ္တာတွေ ထားရမှာလေ''

ယုယ နှုတ်ခမ်းလေးရှုသွားကာ…

''ခွန်းအပေါ်မှာလည်း ထားတာပဲလေ…ယုယက ဘာလုပ်နေလို့လဲ ကိုသရရဲ့''

ဘာမှမလုပ်တာကိုပဲ အပြစ်ဆိုချင်တာပေမယ့် ကိုယ့်မှာက ပြောရေးဆိုပိုင်ခွင့် မရှိပေ။

''ဟွန်း…ယုယက အခန်းချင်းကပ်နေတာမို့ ကိုသရကိုလည်း စေတနာထားတာပါ။ စေတနာကို နားမလည်တော့လည်း နေပေါ့''

''နားမလည်ဘူးဟာ…နင် ငါ့အပေါ် ဘာစေတနာမှ ထားစရာမလိုဘူး။ ငါက ယောကျ်ား…ငါ့ဝမ်းစာအတွက် ငါ ရှာစားနိုင်တယ်…နားလည်လား''

သရ အပြတ်ပြောပြီး လွယ်အိတ်ကို သွားယူကာ လွယ်လိုက်သည်။ သူ ဒီကနေ မြန်မြန်ထွက်သွားမှ။ မဟုတ်ရင် ပတ်ဝန်းကျင်က ဘယ်လိုမြင်ကြမလဲ။ ပတ်ဝန်းကျင်တွေထဲမှာ အချို့ပါးစပ်တွေက ကောင်းသတင်းကို ရေငုံနှုတ်ပိတ်နေကြပြီး မကောင်းသတင်းဖြန့်တဲ့နေရာမှာတော့ အင်တာနက်ထက်ပင် မြန်သေးသည်လေ။ ကိုယ်က စည်းနဲ့ကမ်းနဲ့နေတာ။ သူများ တစ်မျိုးမြင်တာ မခံနိုင်ပါဘူး။





''နင် မသွားသေးဘူးလား''

''သွားမယ်…သွားမယ်''

ယုယ ခြေဆောင့်၍ ထွက်လာခဲ့တော့သည်။ စေတနာကို နားမလည်တဲ့လူ။ အလကားလူ။ ကိုယ်ကတော့ သူ့အတွက် တွေးပြီး အပင်ပန်းခံချက်မလို့ဟာ။ အခုသူက မစားဘူးဆိုတော့ ယုယ ဘာလုပ်ရမလဲ။ ခွန်းကို လိမ်ညာပြောပြီးပြီဆိုတော့ ယုတ္တိရှိအောင် ချက်ရတော့မှာပဲပေါ့။

အိမ်မှာချက်စားလို့ အကုန်သက်သာတော့လည်း ပိုလျှံတဲ့ငွေက ကိုယ့်အတွက်ပဲဥစ္စာ။ ဒီတော့ ချက်မယ်လေ။ ချက်ပြီးရင် သူ့အတွက် သူ့အခန်းထဲ ပို့ထားလိုက်မယ်။

ပို့ထားရင်တော့ သူ မစားဘဲနေမှာမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

ကားကမောင်းနေရင်း တုံ့ကနဲ ရပ်သွားလေသဖြင့် ခွန်း ကားပေါ်ကနေ ဆင်းလိုက်သည်။ တော်ရုံတန်ရုံ ပျက်တာလောက် ကတော့ ခွန်း ကိုယ့်ဘာသာ ပြင်တတ်သည်လေ။ ဒါကြောင့် ကားစက်ဖုံးကိုဖွင့်ပြီး ဘာဖြစ်တာလဲကြည့်နေစဉ်…

"မင်းကလည်း ဟုတ်ရဲ့လားကွာ…တော်ကြာ လူမှားနေဦး မယ်နော် ဇော်လင်း"

"ဟုတ်ပါတယ်ဆိုကွာ… မင်းကလည်း သူ့ကို ငါက အနီးကပ်မြင်ဖူးခဲ့တာလေ"

"သေချာလား"

"ဟေ့ကောင်…ငါက ခံလိုက်ရတဲ့သူကွ။ ဘယ်တော့မှ မမေ့ဘူး"

"ဒါဆို…လာကွာ…မှတ်လောက်အောင် ဆုံးမလိုက်ကြ တာပေါ့"





စကားပြောသံတွေကိုကြားပေမယ့် ခွန်း ဂရုမစိုက်နိုင်ပေ။ ဂရုမစိုက်ဆို ကိုယ်နဲ့မှမဆိုင်ဘဲလေ။ ကိုယ့်အလုပ်ကိုယ်လုပ်နေစဉ် မှာပဲ ခြေသံတွေက နီးကပ်လာကာ…

"ဟေ့"

နောက်ကနေ ပခုံးကိုပုတ်ပြီးခေါ်ပေမယ့် ခွန်းက အရေး မစိုက်ပေ။

"ဟေ့…ဒီမှာ"

နောက်တစ်ခါခေါ်လည်းခေါ် ပခုံးကနေ ဆွဲလှည့်ခံလိုက်ရ တာမို့ ခွန်း ထိုလူ့လက်ကို ရိုက်ထုတ်ပစ်လိုက်သည်။

"ဟ…အလာကြီးပါလား"

ပြောပြီး နှစ်ယောက်စလုံးမျက်နှာတွေက ပြီတီတီပါ။ တစ်ယောက်ကိုတော့ ခွန်း မှတ်မိသွားပါပြီ။ ခွန်း Taxi စမောင်း တုန်းက ကောင်မလေးနှစ်ယောက်ကို ကန်တော်ကြီးပို့ပေးခဲ့ဖူး သည်လေ။ အဲဒီတုန်းက အမြင်မတော်လို့ ခွန်း ဆုံးမခဲ့တဲ့ တစ်ယောက်ပေါ့။

"ကားက ဘာဖြစ်တာလဲ"

"…………"

"မိန်းကလေးတန်မယ့် Taxi မောင်းနေတာ မမိုက်သေးပါ ဘူးကွာ"

"ဘာဗျ"

"ဘာလဲ…မိန်းကလေးမို့ မိန်းကလေးပြောတာ နေသွား

www.burmeseclassic.com



လား။ ငါတို့ကို ညာလို့မရဘူးကွ…ဟိုတစ်ခါကိစ္စကို နင် မှတ်မိသေးလား။ ငါ တော်တော်ခံလိုက်ရတာကွ။ အဲဒီအတွက် နင့်ဆီက အလျော်ပြန်တောင်းရမယ်”

“ကားပျက်နေရင် တို့နဲ့လိုက်ခဲ့လေ…ကားရောလူရော ပြင်ပေးမယ်။ ပြီးတော့ မင်းခေါ်တဲ့ဈေးလည်း ပေးမယ်။ ဘယ်လိုလဲ”

ခွန်းတစ်ကိုယ်လုံး ထူပူပြီး လက်သီးကို ကျစ်နေအောင် ဆုပ်လိုက်မိသည်။ ဒါ ခွန်းကို သက်သက်ရန်လာစတာ။ ပြောတဲ့စကားတွေက သိက္ခာမရှိ။ အဆင့်အတန်းမရှိ။

“မင်းက တော်တော်ချစ်ဖို့ကောင်းတာပဲကွ”

ပြောပြီး ခွန်း မေးစေ့ကို လှမ်းကိုင်လေတော့ မြွေပွေးကို တုတ်နဲ့ တို့စလိုက်သလိုပါပဲ။

“ကဲ”

“ခွပ်”

“ဟာ…တောက်”

“ကဲ…ကွာ”

“ခွပ်”

“အ”

ခွန်း တစ်ချက်ထိသွားပေမယ့် ကိုယ်ကို ပြန်ထိန်းလိုက်ကာ

“ရှော့”

“ခွပ်”





“အ”

“ဘုန်း”

နှစ်ယောက်နဲ့တစ်ယောက်။ မိန်းကလေးနဲ့ယောကျ်ားတွေ။ ပွဲကတော့ ကြည့်ကောင်းနေတာပါပဲ။

“ဟေ့ကောင်တွေ…ရပ်ကြစမ်း”

“ခွပ်”

“အ”

“ဘုန်း”

“ဟေ့ကောင်တွေ”

အော်ပြီးတားနေတာမရတော့ သရ ဝင်ပါရပါပြီ။ သူ ဒီနေ့ အလုပ်ရှာကာ အဆင်ပြေခဲ့သည်လေ။ ဒါကြောင့် စောစောပြန်လာတာ။ ခွန်းတို့ရန်ပွဲနဲ့မှ တိုးရတယ်လို့။

“ဟေ့ကောင်…မင်း ကိုယ်နဲ့မဆိုင်ရင် ဝင်မပါနဲ့”

“အပိုတွေမပြောနဲ့…ဆိုင်လို့ဝင်ပါတာ”

“ဒါဆိုချကွာ”

“ခွပ်”

“ရှော့”

“ဘုန်း”

နှစ်ယောက်…နှစ်ယောက်ချင်းဆိုတော့ သိပ်မကြာခင်ဘဲ ပွဲက သိမ်းသွားလေသည်။ ဇော်လင်းတို့နှစ်ယောက် အခြေမလှတော့သဖြင့် ထွက်ပြေးသွားကြလေတော့၏။ ကောင်မလေးက

www.burmeseclassic.com



မိန်းကလေးဆိုပေမယ့် လျှော့တွက်လို့မရပေ။ ကောင်မလေးကို တောင် မနည်းကြိုးစားပြီး ပြန်ချနေရတာ။

နောက်တစ်ယောက်တိုးလာတော့ ပိုဆိုးတာပေါ့။ ဒါကြောင့် မနိုင်တာကို မပြိုင်တော့ဘူးလေ။

"ခွန်း"

"............"

"မင်း ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး…ဒီလောက်ကတော့ အေးဆေးပါပဲ"

"ဟင်"

သူက ဒီလောက်လေးနဲ့ ဘာမှမဖြစ်ဘူးဆိုတော့ ကိုယ်ကပဲ အပိုလုပ်ပြီး မေးသလိုပါလား။ ကူညီတဲ့သူကို အကောင်းမမြင် ကျေးဇူးမတင်ချင်တဲ့သဘောပါပဲ။ ခွန်းက သူ့ကို ပေစောင်းစောင်း နှင့်ကြည့်ကာ…

"နေစမ်းပါဦး…ခင်ဗျားက ဘယ်ကနေဘယ်လို ရောက်လာတာလဲ"

"ငါလည်း အလုပ်ရှာလို့ရပြီ။ အဲဒါကြောင့် ပြန်လာတာ။ ရောက်လာတာတော့ ခြေထောက်နဲ့"

"အမ်…ဘယ်သူက ခေါင်းနဲ့လျှောက်လို့လဲ"

"မင်းမေးပုံက ကန့်လန့်လေ…အဲဒါကြောင့် ကန့်လန့်ဖြေတာ"

သရ စိတ်မရှည်သလိုပြောရင်း အင်္ကျီကို ခါလိုက်သည်။





ခွန်းက ကားစက်ဖုံးဖွင့်ထားတဲ့ဆီကို ပြန်သွားလေတော့ သရ လည်း လိုက်သွားပြီး ဟိုကြည့်ဒီကြည့်ပါ။

"ခွန်း"

"............"

"အဲဒါ ခဏထားဦး…ပြီးရင် ငါ ကြည့်ပြင်ပေးမယ်။ အခု မင်းကို ငါ ပြောစရာရှိတယ်"

"ဘာပြောမှာလဲ…ပြော"

ခွန်း သူ့ဘက်ကိုလှည့်ပြီးရပ်လေတော့ သူလည်း ခါးကို မတ်၍ ရပ်လိုက်ကာ…

"မင်း ကားမမောင်းနဲ့တော့ ခွန်း…အဲ…Taxi မမောင်းနဲ့ တော့လို့ ပြောတာ။ အခြားအလုပ်တစ်ခုခု ပြောင်းလုပ် ကြည့်ပါလား။ Taxi မောင်းတာ အခုလို အခန့်မသင့်ရင် အန္တရာယ်များတယ်ကွ"

ခွန်း…မျက်မှောင်ကြုတ်သွားလေသည်။ ဒီစကားက ကိုယ့် ကို အထင်သေးလို့ပြောတာလား။ အခုဖြစ်သွားတဲ့ကိစ္စလောက်ကို ခွန်းက မှုသူမဟုတ်ပေ။ ဒါပေမဲ့ ဒီကောင်တွေ အခဲမကြေလို့ အုပ်စုဖွဲ့ပြီး အနိုင်ကျင့်မှာကိုတော့ စိုးရိမ်မိတာအမှန်ပါပဲ။

ပြီးတော့…

ဒီကောင်တွေက ခွန်းကို မိန်းကလေးမှန်း သိနေတာ။ မကျေနပ်လို့ ခွန်းအကြောင်း စုံစမ်းပြီး ဒုက္ခမပေးဘူးလို့ ပြောနိုင် မလား။ ရပ်တွေက တဏှာရူး နှာဘူးရပ်တွေလေ။ ဒါကြောင့်…



www.burmeseclassic.com

www.burmeseclassic.com



"Taxi မမောင်းလို့ ကျွန်တော်က အခြားအလုပ် ဘာလုပ်ရမှာလဲဗျ။ အလုပ်တစ်ခုရဖို့က ချက်ချင်းလွယ်မှမလွယ်တာ"

"လွယ်ပါတယ်ကွ"

"……………"

"အခု ငါ အလုပ်ရလာပြီ။ အဲဒီအလုပ်မှာ မင်း ဝင်လုပ်ပါလား"

"ဘာအလုပ်လဲ"

"ဦးထုပ်ချုပ်တာ…ဦးထုပ်တစ်လုံးကို ဘယ်လောက်ဆိုပြီး သတ်မှတ်ပေးတာလေ။ ခုနစ်ဆယ်လို့တော့ ပြောတာပဲ။ ကိုယ်ချုပ်နိုင်ရင် ချုပ်နိုင်သလိုရမှာ"

ခွန်း မျက်နှာလေးရှုံ့မဲ့သွားလေသည်။ အဲဒီအလုပ်လုပ်လို့ တစ်နေ့ ဘယ်လောက်ရမှာလဲ။ ကိုယ့်ကားကိုယ်မောင်းတာပဲ ကောင်းမှာပါ။

"ကျွန်တော် ဝင်လုပ်တော့ ခင်ဗျားက ဘာအလုပ်လုပ်မှာလဲ"

"Taxi မောင်းမယ်လေ…မင်းကို ငါက အုံနာကြေးပေးမှာပေါ့"

"ဩော်…လက်စသတ်တော့ ခင်ဗျားက အကြံကြီးတာကိုး။ ကားမောင်းတာက တစ်နေ့ နှစ်သောင်းဆိုလည်းဟုတ်၊ သုံးသောင်းဆိုလည်းဟုတ်။ မရဘူးဆိုတောင်





အနည်းဆုံး တစ်သောင်းတော့ ရနေတာပဲ။ ဆီဖိုးနုတ်လိုက်ရင် တစ်နေ့စာကို အေးအေးဆေးဆေး စားလို့ရတယ်။ ခင်ဗျားအလုပ်က ငါးထောင်တောင် ရပါ့မလား"

ဒါ အကြင်းသဘောဆောင်သည့်စကားတွေပါ။ သရကလည်း ခွန်းကို Taxi မမောင်းစေချင်တာမို့…

"ဟ…ငါက မင်းကို အုံနာကြေးပေးမှာလေကွာ"

"ဘယ်လောက်ပေးမှာလဲ"

ကိုယ်က ယောက်ျားမို့ ခရီးသည်က ဘယ်နေရာပဲခေါ်ခေါ် လိုက်ရဲသည်လေ။ ခွန်းကျတော့ ရှောင်တဲ့နေရာတွေရှိမှာပေါ့။ ဒါကြောင့်…

"မင်းက ဘယ်လောက်လိုချင်လဲ"

"တစ်သောင်းပေး…ပျက်ရင် ခင်ဗျားဘာသာပြင်"

သရ ပြုံးလိုက်မိသည်။ ကိုယ့်အတွက် ငွေရေးကြေးရေးက အဓိကမှ မဟုတ်တာ။ တစ်ဝမ်းတစ်ခါး စားလို့ဝတ်လို့ရရင် တော်ပြီလေ။

ဒါကြောင့်…

"အိုကေ…ပေးမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

သရ အိမ်ပြန်ရောက်တော့ သူ့အခန်းက ရှင်းနေသည်။ ဘာတွေရှင်းနေပါလိမ့်လို့ သေသေချာချာလိုက်ကြည့်တော့ သူ အဝတ်တန်းပေါ်မှာတင်ထားတဲ့ ပုဆိုးတွေ၊ အင်္ကျီတွေ တိုးလို့တွဲလောင်းမှ မရှိတော့ဘဲလေ။ ရှာကြည့်တော့ စားပွဲပေါ်မှာ ခေါက်တင်ထားထားတာပဲ။

အမယ်…

မီးပူတွေဘာတွေ တိုက်ထားတယ်ထင်ပါရဲ့။ ပုဆိုး၊ အင်္ကျီတွေက တွန့်ရာကြေရာမရှိဘဲ ခေါက်ထားပုံက သပ်သပ်ရပ်ရပ်ပါ။ ပြီးတော့ ကြမ်းတွေကလည်း ပြောင်လက်နေတာ။ တိုက်ထားလို့ပဲပေါ့။

"ဟင်"





ထမင်းစားစားပွဲပေါ်မှာလည်း လက်သုတ်ပဝါ၊ လက်ဆေးရေကအစ အဆင်သင့်ချထားတာ။ သရ အုပ်ဆောင်းကို ဖွင့်ကြည့်လိုက်တော့…

"ဟာ…ထမင်းရော ဟင်းတွေရော အဆင်သင့်ပြင်ထားပါလား။ ဒါ ယုယလုပ်ထားတာပဲ ဖြစ်ရမယ်…ကျွတ်"

သရ စိတ်ရှုပ်စွာ ညည်းတွားလိုက်မိသည်။ မပို့နဲ့၊ မစားဘူးလို့ ပြောထားတာတောင်။ အခု သွားပြန်ပို့လို့လည်းမဖြစ်။ ခွန်းသိရင် မလွယ်ဘူးလေ။

ဟူး… ဘယ်လိုလုပ်ရပါ့မလဲ။ ခေါင်းကိုသာ တွင်တွင်ကုတ်ပြီး အင်း…ဘာပဲဖြစ်ဖြစ် ခုမှတော့ စားရတော့မှာပေါ့။ တစ်ဖက်အခန်းက စကားသံတွေကြားလို့ နားစွင့်လိုက်တော့…

"ယုယလက်ရာက ကောင်းလှချေလား။ ဆိုင်ထမင်းဆိုင်ဟင်းနဲ့ ဘာမှမဆိုင်အောင်ကောင်းတာ။ ကိုယ့်မိန်းမက တကယ်တော်တာပဲ။ ဒီလိုမှန်းသိရင် အရင်ကတည်းက ချက်ကျွေးခိုင်းပါတယ်"

ခွန်းက ဟင်းတွေကို တစ်ဖွန်းဆီ ခပ်မြည်းရင်း ပြောလေတော့ ယုယ ကျေနပ်သွားလေသည်။ တကယ်က ခွန်း ချီးမွမ်းတာကို မလိုချင်ပါဘူး။ ကိုသရ စားကောင်းဖို့ကိုပဲ ရည်ရွယ်တာပါ။ ကိုသရရော စားပြီးရင် စိတ်ထဲကနေ ယုယကို ချီးမွမ်းနေမလား။ ယုယလက်ရာကို ကြိုက်ရောကြိုက်ပါ့မလား။

"ယုယ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"နောက်လည်း ဒီလိုပဲ အိမ်မှာ အမြဲတမ်း ချက်ကျွေးနော်"

"အင်းပါ"

"ဒါမှ…ငါ့မိန်းမကွ"

"အို…ခွန်း"

ယုယ ခွန်းပါးစပ်ကို အတင်းလိုက်ပိတ်လေလျှင် ခွန်းက ယုယလက်ကို ဆုပ်ကိုင်ပြီး ဖယ်လိုက်ကာ…

"ဘာဖြစ်လို့လဲ ယုယ"

"ဟိုလေ…မိန်းမဆိုတာကြီး မခေါ်ပါနဲ့ ခွန်းရယ်။ ယုယ နားရှက်လို့ပါ"

"ဟင်"

"အမှန်တရားကို ခွန်းနဲ့ယုယ နှစ်ယောက်စလုံး သိနေတာပဲ ခွန်းရယ်"

အသံတွေက တိုးသွားလေတော့ သရ နှစ်ခန်းကြားက အကာနားသို့ ပို၍တိုးကပ်လိုက်သည်။ စပ်စုချင်လို့မဟုတ်ပေမယ့် လိုအပ်လို့ နားထောင်တာလေ။ အခန်းချင်းကပ်နေပြီး သူတို့ အကြောင်း ဘာမှမသိရင် ကိုယ်ညံ့ရာမကျဘူးလား။

"အင်းပါ…ယုယမကြိုက်ရင် ကိုယ် မခေါ်တော့ပါဘူး"

"ယုယကို တစ်မျိုးတော့ မထင်ပါနဲ့ ခွန်းရယ်…အများ အမြင်မှာ ခွန်းနဲ့ယုယက လင်မယားဆိုပေမယ့် တကယ် တမ်းက အတူတူသာနေတာ။ ပေါင်းလို့မှ မရကြတာ။





ယုယကို နားလည်ပေးပါနော်"

သရ နှုတ်ခမ်းကို မဲ့ပစ်လိုက်မိသည်။ ခိုင်းတဲ့နေရာမှာတော့ ချွဲပျစ်ပြီး တကယ့်လင်ယောကျ်ားကို ခိုင်းတဲ့အတိုင်းပဲ။ အခုကျ တော့ လင်မယားမဟုတ်ဘူးတဲ့လား။ ဒါဆို ဘာလို့ အတူတူနေပြီး သူများသားသမီးကို ခိုင်းစားသေးလဲ။ မင်း စိတ်ချ…ယုယ…

ကိုယ်ကောင်းစားဖို့တစ်ခုအတွက်နဲ့ သူများရဲ့ချစ်ခြင်းမေတ္တာ ကို ဖိနှပ်လိုချနင်းပြီး စီးတတ်တဲ့ မင်းဘဝထဲကနေ ငါ ခွန်းကို ရအောင်ဆွဲထုတ်သွားမှာပါ။

"ကဲ…ခွန်း"

"…………….."

"ရေသွားချိုးတော့နော်…ပြီးရင် ထမင်းစားရအောင်"

ခွန်း ခေါင်းညိတ်ပြီး ရေချိုးဖို့ ထွက်လာခဲ့တော့သည်။ ခွန်းတို့က ရေချိုးရင် ရေချိုးခန်းထဲမှာ ချိုးတာလေ။ ကိုယ့် အကြောင်းကိုယ်သိလို့။

ကိုယ့်ဘာသာ ငွေကုန်ကြေးကျခံပြီး ရေချိုးခန်းလုပ်ထား ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

သရ ကိုယ့်အခန်းထဲမှာ တစ်ယောက်တည်းထိုင်နေရင်း ဟိုတွေးဒီတွေးနှင့်ပါ။ နောက်တော့ တစ်ခုခုကို သတိရပြီး ထလာခဲ့တာ ခွန်းတို့အခန်းဘက်ကိုပါ။

"ခွန်း"

"..............."

"ခွန်း"

TV ကြည့်နေရင်းမှ အရင်လှည့်ကြည့်သူက ယုယပါ။ သရမှာက ဘာ TV မှ မရှိဘူးလေ။ သရကိုမြင်တော့ ယုယ ပျာပျာသလဲအသံနှင့်...

"ဟယ်... ကိုသရ... ကိုသရ လာတယ်... ကိုသရ ဝင်လေ...လာပါ"





ယုယကသာ ခေါ်တာ။ ခွန်းက TV ကြည့်နေရာကနေ တုတ်တုတ်မျှမလှုပ်ပေ။

"ခွန်း"

"ခွန်း...ကိုသရ ခေါ်နေတယ်လေ"

ယုယ...ခွန်းပေါင်ကို ပုတ်ပြီးပြောလေတော့...

"ကြားသားပဲ"

"ကြားရဲ့သားနဲ့ ဘာလို့မထူးတာလဲ ခွန်းရဲ့...ကိုသရကို အားနာစရာ"

ဒီတော့မှ ခွန်း TV ကိုပိတ်ပြီး ဒီဘက်သို့ လှည့်လာကာ...

"ခင်ဗျား ဘာလာလုပ်တာလဲ"

"ဟ...ပြောစရာရှိလို့ လာတာပေါ့ကွ။ ငါ့များ အားအားယားယား အပျင်းပြေစကားလာပြောမယ့်ကောင်များ ထင်နေသလား"

"မသိဘူးလေဗျာ...ပြောစရာရှိတယ်ဆိုလည်း ပြော...ဘာပြောမှာလဲ"

"ကိုသရ...ထိုင်လေ"

ယုယ ထိုင်ခိုင်းလို့သာ ထိုင်ရတယ်။ ခွန်းက ထိုင်ပါလို့ တစ်ခွန်းမျှ မပြောပေ။ ပြန်ပြောတဲ့လေသံကိုက မာဆတ်ဆတ်။ သဝန်တိုနေတာ အသိအသာကြီးပါပဲ။ ခွန်းက ယုယနဲ့သရ ခေါ်တာပြောတာ နှုတ်ဆက်တာကို မကြိုက်ပေ။ ဒါကို သရ သိတာပေါ့။ ဒါလည်း ခွန်းကို နိုင်ကွက်တစ်ခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသရ…ဘာပြောစရာရှိလို့လဲမသိဘူး။ ပြောလေ"

သရ ခေါင်းညိတ်လိုက်ပြီး…

"ခွန်း"

"…………"

"ငါ မင်းရဲ့ကားကို အံ့နာကြေးပေးပြီး မောင်းမှာပေမယ့် မင်း အလုပ်သွားအလုပ်ပြန်ကို ငါ အကြိုအပို့ လုပ်ပေးမယ်။ စေတနာရှိလွန်းလို့တော့ မထင်နဲ့နော်။ မင်းကို ဟိုကောင်တွေနဲ့ ထပ်တွေ့မှာစိုးလို့"

စေတနာရှိလွန်းလို့တော့ မထင်နဲ့ပြောပြီး ပြောတဲ့စကားထဲမှာမှ စေတနာတွေနဲ့လေ။ ယုယက သရပြောတာကို နားမလည်ဟန်နှင့်ပဲ…

"ဘယ်ကောင်တွေလဲဟင်…ကိုသရ"

"ပြောပြလည်း ယုယ သိမှာမှမဟုတ်တာ။ ဟိုတစ်ခါ ကိုယ်ပြောပြတဲ့ကောင်…ပန်းဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်ပြီး ကိုယ် ဆုံးမပစ်ခဲ့တဲ့ကောင်ပဲ ယုယ"

ခွန်းကပဲ ရှင်းပြလေသည်။ ဟိုတစ်ခါ ရန်ဖြစ်ခဲ့တုန်းကတော့ ခွန်း ယုယကို ပြောပြဖြစ်ခဲ့သည်လေ။

"အခုထပ်ပြီး ရန်ဖြစ်ခဲ့လို့လား"

"ဟုတ်တယ်"

"နင်ကလည်း ကိုယ်နဲ့အတူနေတဲ့လူ ဘာဖြစ်လို့ဖြစ်မှန်းမသိဘူးလား"





တော်တော်ဂရုစိုက်တာပဲဆိုတဲ့စကားကိုတော့ စိတ်ထဲမှသာ ပြောလိုက်မိသည်။

"ခွန်းက ပြောမှမပြတာ။ ဘယ်သိမှာလဲ ကိုသရရဲ့"

သရမျက်လုံးက အိပ်ရာဆီသို့ ရောက်သွားလေသည်။ ပြင်ထားတာက တစ်ယောက်အိပ်မို့…

"ခွန်း"

"…………"

"မင်းတို့နှစ်ယောက်က အတူတူအိပ်တာ မဟုတ်ဘူးလားကွ"

"ဟင်"

မမေးသင့်တဲ့မေးခွန်းကို မေးလိုက်တာမို့ တော်တော်စပ်စုတဲ့လူကြီးလို့ ခွန်းစိတ်ထဲမှာ တင်းကနဲ ဖြစ်သွားလေသည်။ ယောကျ်ားဖြစ်ပြီး စပ်စုလိုက်တာ။ ယုယနဲ့ကိုယ်အတူအိပ်တာ မအိပ်တာ သူ့အကြောင်းလား။ ခွန်း ဘာမှပြန်မပြောဘဲ ဘုကြည့်ကြည့်လိုက်စဉ် ယုယက…

"ဟို…အတူတူမအိပ်ပါဘူး ကိုသရ။ ယုယက အခန်းထဲမှာ အိပ်တာပါ။ ဘာဖြစ်လို့ အတူမအိပ်တာလဲဆိုတော့"

"ယုယ"

"ဟင်"

"အဲဒီလောက်အထိ ရှင်းပြဖို့လိုလို့လား။ ရှင်းပြမနေနဲ့"

"ခွန်း"



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့အကွက်ရသွားပြီလေ။ ဒါကြောင့်…

"ဒါဆို မင်းတို့လင်မယား အတူတူမအိပ်တဲ့အတူတူ မင်း ငါနဲ့ လာအိပ်ပါလားကွ"

"ဘာဗျ"

"မင်းနဲ့ငါ စကားပြောဖော်ရတာပေါ့ကွ။ ငါလည်း တစ်ယောက်တည်းနေရတာ ပျင်းနေတာနဲ့ အတော်ပဲ။ မင်း ငါနဲ့လာအိပ်"

"ဟော့လူ…ခင်ဗျား"

"ခွန်း"

ခွန်း ဒေါသနှင့်ထရပ်လိုက်တော့ ယုယလည်း အတင်း ထရပ်လိုက်ပြီး ခွန်းလက်ကို ဆွဲထားလိုက်သည်။ ဒီလက်က လျှင်ပါ့။ နဂိုကတည်းက ကိုသရကို ခွန်းက ကြည့်မရသူမို့ လက်သီးနဲ့ထိုးလိုက်ရင် ညှာမှာမဟုတ်ပေ။

"ခွန်းကလည်း ဘာဖြစ်တာလဲ။ ကိုသရကို အားနာ စရာကြီး"

"ဘာမှ အားနာစရာမလိုဘူး။ သူ့ကို ဒီလာခဲ့ဖို့ ငါ ခေါ်တာ မှမဟုတ်တာ"

ကိုယ်လို့ပြောနေကျကနေ ငါလို့ ပြောလိုက်တာသည် ဒေါသရဲ့အရိုးအငွေ့တွေပဲပေါ့။ ခွန်း ဒေါသထွက်နေပေမယ့် သရ က အပြုံးမပျက်နှင့်သာ။

"ခွန်း"





"…………"

"မင်းက ဘာဖြစ်တာလဲကွ…အချင်းချင်းတွေကို။ ငါပြော တဲ့စကားထဲမှာ မင်း ဒေါသထွက်လောက်စရာ ပါလို့ လား။ ကြည့်ပါဦးကွာ…စိတ်ဆိုးဒေါသဖြစ်လွယ်ပုံက တကယ့်မိန်းကလေးကျနေတာပဲ"

"ခင်ဗျားနော်"

"ဘာလဲ"

"ကျွန်တော့်ကို မိန်းမနဲ့မနှိုင်းနဲ့"

"ခွန်းကလည်း"

ယုယ ကိုသရကို အရမ်းအားနာလှပါပြီ။ ဒါကြောင့် ခွန်းကို ပဲ ဒေါသက ဖြစ်ချင်ချင်ပါ။

"မင်းကလည်း ခင့်လို့စတာကိုကွာ…ဘာဖြစ်တာလဲ။ ငါက ပျင်းလို့ပြောတာပါကွ။ ယောကျ်ားချင်းအတူတူ အိပ်တော့ရော ဘာဖြစ်မှာမို့လို့လဲ"

ပြောလေကဲလေမို့ ခွန်း ဒေါသကြောင့် အောက်နှုတ်ခမ်းကို ဖိကိုက်မိလိုက်သည်။ ပြီး…သရလည်း ထရပ်လိုက်ပြီး ခွန်း လည်ပင်းကို ဖက်လိုက်ကာ…

"ဘာလဲ…မင်းက ငါ့ကို ရန်သူလို သဘောထားနေတာ လား ချာတိတ်ရ"

လည်ပင်းပါ ဖက်လာပြီဆိုတော့ ခွန်း သည်းမခံနိုင်တော့ ပေ။ ထို့ကြောင့်….



www.burmeseclassic.com

www.burmeseclassic.com



“ကဲ”

“ခွပ်”

“အ”

“ဟင်”

သရ မေးရိုးဆီမှာ ပူကနဲ ဖြစ်သွားလေသည်။ အမှတ်တမဲ့မို့ ခံလိုက်ရပြီပေါ့။ ဒေါသဖြစ်နေပြီဆိုတာကို သိတယ်လေ။ ဒီလို လုပ်နိုင်တာကိုလည်း ကြိုတွေးထားပြီးသား။ ကိုယ်ညံ့လို့ ကိုယ် ခံလိုက်ရတာအတွက် တုံ့ပြန်လိုခြင်းလည်း မရှိပေ။

ဒါကြောင့်…

သရက မေးကိုပွတ်ရင်း အပြုံးမပျက်ရှိပေမယ့် ယုယက မခံရပ်နိုင်ဖြစ်ကာ…

“ခွန်း…ဘယ်လိုလုပ်လိုက်တာလဲ”

ခွန်းကိုပြောပြီး သရဘက်သို့လှည့်ကာ…

“ကိုသရ…အတော်နာသွားလားဟင်”

“ရပါတယ်”

“ခင်ဗျား…ကျွန်တော့်ရှေ့ကနေ ထွက်သွားတော့ ကိုသရ။ ခင်ဗျားမှာ ဘာရည်ရွယ်ချက်ရှိနေတာလဲ။ ဘာကြောင့် ကျွန်တော့်ကို ဒီလိုဆက်ဆံနေရတာလဲ။ သွားဗျာ… ခင်ဗျား သွားတော့”

“ခွန်း”

ယုယ ခွန်းနာမည်ကို ခေါ်လိုက်တာ ဒေါသသံနှင့်ပါ။ အဲဒါ





ကိုလည်း ခွန်း မကြိုက်ပါဘူး။ ယုယက ဒီလူကြီးကိုထိတာ ဘာလို့ ဆတ်ဆတ်ခါဖြစ်ရတာလဲ။

“နင် သိပ်ရိုင်းတာပဲ ခွန်း…ကိုယ့်ထက် အသက်ကြီးတဲ့ သူကို ရိုသေရကောင်းမှန်းမသိ၊ လေးစားရကောင်းမှန်း မသိ၊ နင်က တကယ့်အရိုင်းအစိုင်းပဲ”

“ဘာ”

ခွန်းရင်ထဲမှာ ဆစ်ကနဲ နာကျင်သွားပြီး…

“ငါ ရိုင်းတတ်တာ နင် အစကတည်းက မသိဘူးလား။ ငါ မကြိုက်တဲ့အမူအကျင့်တွေနဲ့ ငါ့ကို ဆက်ဆံတဲ့လူ ကတော့ အရမ်းယဉ်ကျေးလိမ္မာတယ်ပေါ့…ဟုတ်လား ယုယ”

“ဟုတ်တယ်…နင်ကပဲ ရိုင်းတယ်လို့ ငါ ထင်တယ်။ အမှန်တရားကို နင်နဲ့ငါ သိပေမယ့် ကိုသရက မသိဘူး လေ။ ခင်လို့ စတာနောက်တာကို နင် ဒီလိုတုံ့ပြန်ဖို့ လိုလို့လား”

ယုယပြောတဲ့အမှန်တရားကို သရ သိတာပေါ့။ သိလို့ပဲ ခွန်းကို ကလိနေတာလေ။ အမှန်တရားကို လက်မခံဘဲ ဒီလိုနေ တာကိုက အန္တရာယ်။ လူတိုင်းက ငတုံးငအတွေမှ မဟုတ်ကြ တာ။ အချို့လူတွေက ဒါမျိုးကို ရှုပြီးအကဲစမ်းချင်ကြတာလေ။

သဘာဝကို လွန်ဆန်ရင်…

ကြည့်မရတဲ့သူတွေက ခပ်များများရယ်။ အမြင်ကတ်ဖိုဒ်မ



www.burmeseclassic.com

www.burmeseclassic.com



က မားတွေ၊ လုံတွေထက် ကြောက်စရာကောင်းကြောင်း ခွန်းနားမလည်သေးလို့ပါ။ တကယ်ဆိုရင် ခွန်းက ပန်းကလေးတစ်ပွင့်။ အဲဒီပန်းလေးရဲ့ဘဝ ကြွေကျသွားမှာကို သရ မလိုလားဘူးလေ။ ဒါကြောင့် ခွန်းကို ပြုပြင်ပေးချင်တာ။ ကိုယ့်ရဲ့စေတနာပါ။

မိန်းမလျာဆိုရင် ယောကျ်ားအတော်များများက ရွံမုန်းအမြင်ကတ်ကတ်ကြသလို ယောကျ်ားလျာကျတော့ ပညာပေးချင်သလိုလိုနဲ့ အသွေးအသားကိုစားဖို့ ချောင်းနေတဲ့ကျားတွေ ရှိတတ်တယ်ဆိုတာ…

"နှင့်ကို ငါ တော်တော်စိတ်ပျက်တယ်‥သိလား ခွန်း"

ယုယ အဲဒီလိုပြောတော့ ခွန်းစိတ်က သရအပေါ်ပဲ အမျက်ပိုတော့တာပေါ့။ ဒီလူ့ကြောင့် ဒီလိုအပြောခံရတာဆိုပြီးတော့လေ။

"တော်တော့ ယုယ…ဘာမှပြောမနေနဲ့တော့။ ဒီလောက်နဲ့ ငါလည်း ဘာမှမဖြစ်ဘူး"

"မဟုတ်တာ ကိုသရရယ်…ယုယ ကိုသရကို တောင်းပန်ပါတယ်။ အားလည်း အရမ်းနာမိပါတယ်"

"ခွန်း"

"…………."

မထူးပေမယ့် ဒေါသရောင်မစင်တဲ့ မျက်ဝန်းတွေကတော့ သရဆီသို့ ရောက်လာသည်သာ။

"ငါ စတာနောက်တာ လွန်သွားရင် တောင်းပန်ပါတယ်။





အခုက စတာနောက်တာ မဟုတ်ဘူး။ ငါပြောတဲ့စကားနဲ့ လုပ်ရပ်က မင်းကို ညီလေးတစ်ယောက်လိုခင်လို့ ပြောမိတာ သမားရိုးကျပဲ။ မင်း ဘာကို အထာကောက်ပြီး အနာပေါက်သွားတာလဲ။ ငါ စဉ်းစားလို့မရဘူး…ခွန်း"

သရ မသိချင်ယောင်ဆောင်ပြီး ပြောလိုက်တာပါ။ သိနေတဲ့ အရိပ်အယောင်ပြရင် ဆက်ဆံရေးပြောင်းလဲသွားမှာစိုးလို့ပါ။ အချိန်မှမတန်သေးပဲလေ။ အခုချိန်မှာ အမှန်တရားကို လက်ခံဖို့ နားချရင် ထပ်ပြဿနာတက်မှာပဲ အဖတ်တင်မှာ။

ဒါကြောင့်…

"ငါ မင်းကို တစ်ခုတော့ ပြောချင်တယ်"

"……………"

"ငါ မင်းအပေါ်မှာ စေတနာထားမိတယ်။ အချင်းချင်းတွေမို့ အတူတူအိပ်ဖို့ ခေါ်မိတာ ငါ့အမှားပဲ။ မင်းရဲ့လုပ်ရပ်ကြောင့် အခု ငါ့စိတ်ထဲမှာ သံသယဝင်သွားပြီ"

ပြောပြီး သရ လှည့်ထွက်လာခဲ့တော့သည်။ ဒီစကားကို ပြောခဲ့တာသည် ခွန်းကို အတွေးတွေ ပေးခဲ့တာပါပဲ။ အမှန်နဲ့ အမှားကို ခွဲခြားနိုင်အောင်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

ညက စကားများထားတာမို့ မနက်မိုးလင်းတော့ သရကားကိုမယူပေ။ အစကတော့ Taxi မောင်းမလို့ပါပဲ။ အခုလောလောဆယ် ခွန်း စိတ်မကြည်သေးလို့ပါ။ ဒါကြောင့် ခွန်းကိုယ့်ဘာသာပဲ Taxi မောင်းထွက်ရသည်လေ။ ဟိုကောင်တွေနဲ့များ ထပ်တွေ့နေမလား။

မကြောက်ပေမယ့်…

စိုးရိမ်စိတ်ကလေးတော့ ဝင်မိသည်သာ။ မကျေပွဲအတွက် အုပ်စုဖွဲ့လာမှာစိုးတာလေ။ ပြီးတော့ ခွန်းကို မိန်းကလေးဆိုတာ သူတို့သိနေကြလို့ပါပဲ။

“တောက်…ကားကလည်း ဒီနေ့ကျမှ ဘာဖြစ်ရတယ်မသိဘူး”





“ဟုတ်ပါ့…ကျွန်တော် ကားယူလာလိုက်ရ အတော်သား။ အခု ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ ကိုမြင့်လွင်”

“ဘယ်လိုလုပ်ရမလဲ…ဝပ်ရှော့ပဲ ဖုန်းဆက်ခေါ်ရတော့မှာပေါ့”

“အလုပ်ကိစ္စကရော”

“Taxi နဲ့ပဲ သွားရတော့မှာပေါ့”

“ဟူး”

ဦးမြင့်လွင် ဝပ်ရှော့ကို ဖုန်းဆက်နေတုန်းမှာ ဦးသန်းအောင်က Taxi တစ်စီးကို တားလိုက်လေသည်။ ဦးသန်းအောင်တားလိုက်တဲ့ Taxi က ခွန်း မောင်းလာတဲ့ကားပါ။ ခွန်း ကားကို ရပ်ပေးလိုက်ပြီး…

“အန်ကယ်လ်က ဘယ်ကိုသွားမှာလဲဗျ”

“သာကေတ မြလမ်းကိုသွားမှာ…သား”

“အဲဒါဆို ခြောက်ထောင်လောက်တော့ပေးပါ အန်ကယ်လ် ကျွန်တော် သူများတွေထက် ပိုမယူပါဘူး”

“ဘယ်လောက်ဖြစ်ဖြစ်ရတယ်…သား၊ ခဏနော်”

“ဩော်…ဟုတ်ကဲ့ပါ”

အန်ကယ်လ်ကြီးက တစ်ယောက်ယောက်ကို စောင့်နေပုံရသည်။ အန်ကယ်လ်ကြီး လှည့်ကြည့်တဲ့နေရာသို့ ခွန်းပါလိုက်ကြည့်လိုက်တော့…

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောနေတာသည်…

"ဖေဖေ"

နှုတ်မှ တိုးဖွဖွ ခေါ်လိုက်မိတာကို အန်ကယ်လ်ကြီးကြားမှာ မဟုတ်ပေ။ ခွန်း ဘာလုပ်ရမလဲ။ ဆက်စောင့်နေရမလား။ ဒါမှ မဟုတ် မောင်းထွက်သွားရမလား။ ခွန်း တွေးနေတုန်းမှာပဲ ဖေဖေ က ဖုန်းပြောပြီးလို့ ကားအနားကိုလျှောက်အလာ ခွန်း ဘယ်လို မျက်နှာထားရမှန်းမသိတော့ပေ။

"ကားငှားပြီးပြီ ကိုမြင့်လွင်"

"ဩော်…အင်း…ဒီကားလား"

"ဟုတ်တယ်ဗျ"

ဦးမြင့်လွင် ကားထဲက ကောင်လေးကို ကြည့်မိလိုက်တော့

"ဟင်"

"ဖေဖေ"

အကြည့်ချင်းဆုံမိကြပြီး ခွန်းက ဖေဖေလို့ခေါ်ပေမယ့် ဦးမြင့်လွင်မျက်နှာက တည်တည်တင်းတင်းကြီး ဖြစ်သွားသည်သာ။ ပြီးမှ ဟွန့်ကနဲ မဲ့ပြုံးပြုံးလိုက်ပြီး…

"ဘယ်သူများလဲမှတ်တယ်…လက်စသတ်တော့ Taxi ဆရာက ငါ့သမီးဖြစ်နေတာကိုး။ Taxi မောင်းနေတယ် ပေါ့…ဟုတ်စ"

ခွန်း ခေါင်းကိုသာ ငုံ့ထားမိတော့သည်။

"ဘယ်လိုလဲ ခွန်းဆင့်ချို…ငါ့အိမ်ပေါ်က ဆင်းသွားပြီး





အခုလို Taxi မောင်းနေရတာ တော်တော်မှပျော်ရဲ့လား"

"……………"

"မိဘကတော့ တစ်ဦးတည်းသောသမီးလေးမို့ ဘာမှမခိုင်း ရက်ဘဲ ရွှေပေါ်မြတင်ထားခဲ့တာ။ အခုတော့ ဟိုမိန်းမ လည်မ ခိုင်းသမျှ နင် လုပ်နေရပြီမို့လား။ မိဘရင်ဝကို ခြေစုံကန်ပြီး ထွက်သွားတာ နင် ဒီထက်ပိုပြီး ဒုက္ခ ရောက်ဦးမယ်…သိလား ခွန်းဆင့်ချို"

"ဖေဖေ…ကျွန်တော့်ကို အဲဒီလိုမခေါ်ပါနဲ့"

"ဘာ"

ပြောဖို့အခွင့်အရေး ကြုံလာပြီမို့ ဒီအခွင့်အရေးကို ဦးမြင့်လွင် လက်လွှတ်မခံနိုင်ပေ။ သားအဖ နှစ်ယောက်ကြားမှာ ဦးသန်းအောင်က နားမလည်စွာနှင့် ဟိုလူ့ကိုကြည့်လိုက်၊ ဒီလူ့ကို ကြည့်လိုက်နှင့်ပါ။

"ခွန်းဆင့်ချို"

"ဖေဖေ"

ဦးမြင့်လွင် ခွန်းကို လက်ညှိုးငေါက်ငေါက်ထိုးပြီး…

"နင် အမှန်တရားကို လက်မခံသရွေ့ ဒုက္ခရောက်နေဦးမှာ ပဲ သိလား။ နင်ကတော့ နင့်ကိုယ်နင် မိန်းမရတယ်ဆိုပြီး အိမ်ထောင်ဦးစီးတာဝန် သိပ်ကျေချင်နေမှာပေါ့… ဟုတ်လား"

"……………"



www.burmeseclassic.com

www.burmeseclassic.com



"အေး…မှတ်ထား၊ အဲဒီမိန်းမလည်မက နင့်ကို နွားလို သဘောထားပြီး ခိုင်းစားနေတာ။ နင့်မှာ ဘာမှမရှိတော့ရင် သူ သုံးဖို့ဖြုန်းဖို့အတွက် နင် ရှာမပေးနိုင်တော့ရင် နင့်ရင်ဝကို ဆောင့်ကန်ပြီးထားခဲ့မှာ"

"ယုယက ကျွန်တော့်ကို တကယ်ချစ်တာပါ ဖေဖေ"

ဒီလောက် အတူနေတာတောင် နားမလည်တာ အံ့ပါရဲ့။ ကိုယ်က အဖေဆိုတော့ စုံစမ်းရတယ်လေ။ ကောင်မလေးက နယ်ဘက်က ဇာတိမြေဆိုတာကိုပင် အတိအကျမသိရ၊ အခြေအမြစ်မရှိတဲ့ မိန်းကလေး။ အရင်က အဆောင်မှာနေပြီး အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်တယ်တဲ့။

ရုပ်ကလေး ဖန်းပြပြီး…

မနူးမနပ် ကောင်လေးတွေကို ချူစားမြှူစားနေတာဆိုလားပဲ။ နောက်တော့ အဆောင်က သူငယ်ချင်းတွေနဲ့ စကားများပြီး ထွက်သွားတာတဲ့။

"ဟွန်း…နင်က ချေးနဲ့ပဲတန်တဲ့လောက်၊ အဲဒီမစင်တွင်းကို နင်းနေသရွေ့ နင့်ဘဝ မစင်စော်နံနေဦးမှာပဲ…ထွီ"

"ကိုမြင့်လွင်"

ဦးသန်းက ခေါ်လေတော့ ဦးမြင့်လွင်က လှည့်ကြည့်လေလျှင်…

"သူက"

"ကျွန်တော့်သမီး ခွန်းဆင့်ချိုဆိုတာ သူပေါ့။ ဖားတစ်ပိုင်း





ငါးတစ်ပိုင်းဖြစ်ပြီး မိန်းမယူထားတာလေ။ မိန်းမက သူ့ကို နွားလိုသဘောထားပြီး ခိုင်းစားနေတာ။ ကျွန်တော် သမီးလို့ပြောရမှာတောင် ရှက်တယ်ဗျာ"

ခွန်း နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။ ယောကျ်ားတွေကို မချစ်ချင်လို့ မိန်းကလေးချင်းချစ်တာ အပြစ်လား။ အမိက က တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြဖို့ပဲလိုတာ၊ ဖေဖေ စိုးရိမ်သလို ဘာပိုးညာပိုးဝင်ရအောင်လည်း ခွန်းတို့က အဲဒီလိုကြီး ပေါင်းသင်းဆက်ဆံကြတာမှမဟုတ်တာ။

ချစ်လို့ အတူတူနေကြတာကလွဲရင်…

ဘာအညီအဟောက်မှ မပါခဲ့ပေ။

"ကိုသန်းအောင်"

"ဗျာ"

"လာဗျာ…အခြား Taxi ငှားရအောင်။ ကျွန်တော် ဒီကားကိုတော့ လုံးဝ မစီးဘူး"

ပြောပြီး လှည့်ထွက်သွားတဲ့ ဖေဖေ့ကျောပြင်ကို ကြည့်ပြီး ခွန်း ဝမ်းနည်းသွားရသည်သာ။

ဖေဖေက…

အဲဒီလောက်အထိ ပြတ်သားတယ်တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

သရ အိမ်ပြန်ရောက်တာနှင့် ခဏနားပြီး ရေချိုးရင်း အဝတ်လျှော်ဖို့ လုပ်ရသည်။ အရင်တုန်းက ကိုယ့်အဝတ်ကို ကိုယ်လျှော်ဝတ်ဖို့နေနေသာသာ အဝတ်လဲပြီး ချွတ်လိုက်တဲ့အဝတ်တောင် ပြန်ခေါက်ထားတတ်သူမဟုတ်ပေ။ အခုတော့ ကိုယ့်ဝဋ်ကြွေး ကိုယ့်ဒုက္ခနဲ့ကိုယ်ပါပဲ။

"ကိုသရ"

"ဟင်"

"အဝတ်တွေ လျှော်နေတာလား…ပေး…ပေး…ယုယ လျှော်ပေးမှာပေါ့"

"ရပါတယ်"





"ရမနေနဲ့…ပေးပါ ကိုသရရဲ့…ကိုသရပုံ ကြည့်ရတာ အဝတ်လျှော်တတ်ပုံမှ မရတာ။ ပေးပါ…ယုယ လျှော်ပေးပါ့မယ်"

ယုယက သရဘေးမှာ ဝင်ထိုင်ပြီး အဝတ်တွေကို အတင်းဆွဲယူလေသည်။ သရကလည်း လွှတ်မပေးပေ။ ဒီလိုကနေ တစ်စတစ်စနဲ့ ယုယနဲ့ ရင်းနှီးပတ်သက်တာမျိုး မဖြစ်ချင်။ ခွန်း သိသွားရင် မကောင်းဘူးလေ။ ပြီးတော့ သူ ဒီမှာ ဒုက္ခခံပြီးလာနေတာ။

ယုယ မာယာစက်ကွင်းထဲကနေ ခွန်းကို ဆွဲထုတ်ဖို့ ခွန်းနဲ့ ရင်းနှီးပတ်သက်ဖို့ပဲလေ။ ငယ်ငယ်ကတည်းက ဦးနှောက်ထဲမှာရော နှလုံးသားထဲမှာပါ သံမှိုစွဲသလို မှတ်ထားခဲ့ရတာ သရလက်ထပ်ရမည့်မိန်းကလေးသည် ခွန်းဆင့်ချို။ ဓာတ်ပုံလေးမြင်လိုက်ရတော့လည်း ကိုယ့်မှာ ရူးသွပ်ခဲ့ရသည်လေ။ ကိုယ်မြင်လိုက်ရတဲ့ဓာတ်ပုံမှာက မိန်းကလေးလို ဝတ်စားထားတာပါ။ ဘိုးဘိုးပြောပြတာတော့ အဲဒီလိုဓာတ်ပုံရိုက်ဖို့အရေး…

ခွန်းကို မုန့်ဖိုး သုံးသိန်းပေးရသည်တဲ့လေ။

ခွန်းရဲ့ဘိုးဘိုးနဲ့ သရရဲ့ဘွားဘွားက ငယ်ချစ်တွေတဲ့။ အဲဒီတုန်းက ဘိုးဘိုးဦးမြဒင်က အရက်စစ်၊ လောင်းကစားစစနဲ့ လူပေလူတေတစ်ယောက်။ ဒါကြောင့် ဘွားဘွားရဲ့မိဘတွေက သဘောမတူလို့ ဘွားဘွားကို သူတို့သဘောတူတဲ့သူနဲ့ အတင်းပေးစားခဲ့ကြတာတဲ့လေ။

ဘိုးဘိုးလည်း…



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုစိတ်နာပြီး အဲ…နောင်တရပြီး သူ့ကိုယ်သူ ပြုပြင်ခဲ့သည်တဲ့။ ဒီကြားထဲ မတွေ့ဖြစ်ကြတော့ဘဲ မြေးတွေကိုယ်စီရမှ ပြန်တွေ့ကြတာတဲ့လေ။ ပြန်တွေ့ကြတော့ သူတို့နှစ်ယောက် ဖူးစာမပါလို့ မပေါင်းရပေမယ့် မြေးနှစ်ယောက်ကို ပေါင်းစေချင်တယ်ဆိုပြီး ကတိကဝတ်တွေ ပြုခဲ့ကြတာပါ။

အဲဒီကတိတွေကြောင့်…

ဘွားဘွားက ကိုယ့်ကို တတွတ်တွတ် ပြောနေခဲ့သောစကားသည် အချိန်တန်ရင် မြေးခွန်းဆင့်ချူကိုပဲ လက်ထပ်ရမည်တဲ့။ ဒါက မလွဲမသွေဖြစ်နေတာမို့ သရလည်း မငြင်းဆန်ခဲ့ပေ။

"ပေးပါ ကိုသရရဲ့…ယုယ လျှော်ပေးပါ့မယ်ဆို"

အတင်းပဲ ဆွဲယူနေတော့ သရ လွှတ်ပေးလိုက်ရတော့သည်။ ယုယ အဝတ်လျှော်နေတော့ သရအနားမှာနေလို့ မဖြစ်ဘူးလေ။ ဒါကြောင့် ထိုင်ခုံပေါ်မှာ သွားထိုင်ပြီးကြည့်နေလိုက်သည်။ ဟုတ်တော့ဟုတ်နေပါပြီ။ ခွန်းနဲ့သူမအဝတ်တွေကျတော့ ငှားလျှော်နိုင်းပြီး ကိုယ့်အဝတ်ကျ သူမက လျှော်ပေးနေတာ။

"ကိုသရ"

"…………"

"ကိုသရ ဒီလိုပဲ တစ်ယောက်တည်းနေတော့မှာလား။ ကိုသရရဲ့ ဝေယျာဝစ္စတွေ လုပ်ကိုင်ပေးဖို့ အိမ်ရှင်မ တစ်ယောက်တော့ ရှာသင့်နေပြီနော်"

သရ လွန့်ခနဲ ပြုံးလိုက်မိသည်။ ရှာစရာမလိုပါဘူး။ ကိုယ့်





အတွက် အဆင့်သင့်ရှိနေပြီးသားမို့။ အဲဒီရှိပြီးသားကိုပဲ ပြုပြင်ပေးဖို့ ဒီကို ရောက်လာခဲ့တာပါ။ ခွန်းကို ဒီပုံစံဖြစ်အောင် ပုံသွင်းပေးခဲ့မိတဲ့ ဘိုးဘိုးက အခုတော့ နောင်တတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကိုယ့်ကို တာဝန်ပေးလိုက်တာ…

အမှန်တရားကို ခွန်း လက်ခံဖို့အတွက် မင်းပဲ ကြိုးစားပေးတော့တဲ့။

"ကိုသရမှာ ရည်းစားလေးဘာလေး မရှိဘူးလား ကိုသရရဲ့… မရှိရင်ရှိအောင် ကြိုးစားသင့်နေပြီ"

"ရှာစရာမှမလိုတာ"

"ရှင်"

"ငါ့မှာ ရည်ရွယ်ထားတဲ့သူရှိပြီးသားဟ…ဒါပေမဲ့ သူ့မှာ ငါ မကြိုက်တဲ့စရိုက်တွေရှိနေလို့ ပြုပြင်ပေးရဦးမှာ"

"ဟုတ်လား…ဘယ်ကလဲ…ဘယ်သူလဲဟင်…သူက ကိုသရ မကြိုက်တာ ဘာတွေလုပ်နေလို့လဲ"

"တစ်နေ့တော့ နင် သိလာမှာပါ"

"ဟင်"

ယုယ သရကို လှည့်ကြည့်ပြီး ဘယ်လိုအဓိပ္ပာယ်ကောက်လို့ ပြုံးလိုက်သည်တော့မသိပေ။ ထိုစဉ် ခွန်းကားလေး ခြံရှေ့မှာ ရပ်သွားလေတော့…

"ဟင်…ခွန်း ပြန်လာပြီ"

"ခွန်း"



www.burmeseclassic.com

www.burmeseclassic.com



သရက ထရပ်ပြီး ခွန်းဆီသွားဖို့လျှောက်အလာ ယုယအနား ကနေ ဖြတ်လျှောက်သည်တွင်…

"အမေ့"

"ဟာ"

"အင့်"

"ဘုတ်"

ယုယလည်း ခွန်းဆီသွားဖို့ ထရပ်ပြီး ခြေအလှမ်းတွင် ဆပ်ပြာရေတွေကြောင့် ခြေထောက်က ချော်လဲမလိုဖြစ်လေလျှင် သရ ကမန်းကတန်းပဲ ဝင်ထိန်းလိုက်ရတော့၏။ ချော်လဲတော့မည့် အရှိန်နှင့်မို့ ထိန်းတဲ့သူ့ရင်ခွင်ထဲမှာ ယုယကိုယ်လေးက နွဲ့တိနွဲ့နှောင်းပါ။ သရ သတိရပြီး ကမန်းကတန်း လွှချင်းချလိုက်သည်တွင်…

"ကြည့်လို့ကောင်းတယ်…ဆက်လုပ်"

"ဟာ…ခွန်း မဟုတ်ဘူးကွ"

"ကျွန်တော်က ဘာပြောနေလို့လဲ။ ဒါမျိုးက ဖြစ်တတ်ပါတယ်။ ဇာတ်လမ်းတွေထဲမှာဆို မင်းသားနဲ့မင်းသမီး ပေါ့"

ပါးစပ်က ဘာပြောနေလို့လဲဆိုပေမယ့် လေသံနဲ့ မျက်နှာထားက စကားတွေ အများကြီးပြောနေသည်လေ။ သူတို့နှစ်ယောက်ကို ဂရုမစိုက်သလို ကျော်ဖြတ်သွားလေတော့…

"ခွန်း"





သရ…ခွန်းနောက်ကနေ လိုက်သွားပြီး-

"ငါပြောတာကို နားထောင်ဦး ခွန်း…မတော်တဆဆိုတာ မင်းကိုယ်တိုင် မြင်လိုက်တာပဲ"

"ဒီမှာ"

"……………"

"ကျွန်တော် စိတ်ညစ်နေတာနော်…ကိုယ့်ဘာသာကိုယ် နေသာသလိုနေကြ။ ကျွန်တော့်ကို အနှောင့်အယှက် လာမပေးပါနဲ့"

"ဟင်"

စိတ်ညစ်နေတယ်တဲ့။ ဘာဖြစ်လာလို့လဲ။ ခွန်း ဘာတွေဖြစ်လာလို့ စိတ်ညစ်နေတာလဲ။

"ကိုသရ"

"……………"

"ရှင်းပြလို့မရရင် ရှင်းပြမနေနဲ့တော့။ သူ ထင်ချင်သလို ထင်…ထင်တဲ့အတိုင်းပဲထားလိုက်"

"ဟာ…ထားလို့ဘယ်ဖြစ်မှာလဲ။ ဟုတ်မှ မဟုတ်တာကို"

"မဟုတ်ဘူးလို့ ရှင်းပြတာ သူက မယုံဘူးလေ"

"ယုယ"

လွယ်ထားတဲ့အိတ်ကို ကြိုးရာပစ်ချပြီး အသံကျယ်ကျယ် ဖြင့် ခွန်း ခေါ်လိုက်ကာ…

"အခုချိန်မှာ နင်တို့ ဘာဖြစ်ဖြစ် ငါ စိတ်မဝင်စားဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ပြဿနာမရှာနဲ့”

ဒါပဲပြောပြီး ခွန်း ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဘာဖြစ်ဖြစ် စိတ်မဝင်စားဘူးလို့ ပြောလိုက်ပေမယ့် ရင်ထဲမှာတော့ ရှုးကနဲ ကျင်ကနဲပါ။ မြင်လိုက်ရတဲ့မြင်ကွင်းက လှမှလှတာ။ နဂိုကတည်းက စိတ်ညစ်လာတဲ့သူလေ။

ဖေဖေ…

တကယ်ပဲ ခွန်းကို ဥပေက္ခာပြုနိုင်တယ်လား။ အစက ယုယကို ချစ်တဲ့စိတ်နဲ့ပဲ ဘာဖြစ်ဖြစ်ဆိုပြီး ဆင်းလာခဲ့တာ။ အခုတော့ မေမေ့ကို သတိရလိုက်တာ။ ဟိုတွေးဒီတွေး စိတ်ညစ်ရတဲ့အထဲ အခုလိုမြင်လိုက်ရတော့ ခွန်း ဒေါသမထွက်ဘဲနေပါ့မလား။ အမြဲတမ်း အဝတ်ကို ဖွားလျှော်တဲ့ ယုယက အခု ကိုသရအဝတ်တွေကို ကိုယ်တိုင်လျှော်ပေးနေတာလေ။

ဒါ ရိုးသားခြင်းတဲ့လား။

ဒါပေါ့လေ…ကိုသရက အစစ်အမှန်၊ တကယ်အားကိုးထိုက်တဲ့ယောက်ျားပဲဥစ္စာ။

“ခွန်း”

“…………”

“မင်းစိတ်ထဲမှာ သံသယဝင်သွားပြီမဟုတ်လား။ မနက်ဖြန်ကစပြီး ငါပဲ Taxi မောင်းပါရစေ။ ငါ ပြောထားသလိုပဲ။ မင်းကို ငါ အကြိုအပို့လုပ်မယ်။ ပြီးတော့ ငါ့ရဲ့ ညစာအတွက် မင်း တာဝန်ယူပါ”





“ဘာဗျ”

ခွန်း ဝုန်းကနဲ ခုန်ထလိုက်လေတော့…

“ဟာ…ငါပြောတာ အဲလိုမဟုတ်ဘူးကွ။ မင်းတို့ ငါ့အတွက် ညစာပို့ချက်။ ငါက ထမင်းကို လစာပေးစားမယ်။ ထမင်းဟင်းပို့တာ မင်း လာပို့…အဲဒါကို ပြောတာ”

“ကျွတ်”

ခွန်းလည်း ပြန်ထိုင်၊ သရလည်း ဟူးကနဲ လေကိုမှုတ်ထုတ်လိုက်မိသည်။ အပြောမတတ်တော့ ဆဲတာနဲ့တူတယ်တဲ့။ ခွန်းဒေါသကို ကိုယ်စကားပြောလောဘကြီးခြင်းက ဆွပေးသလိုဖြစ်တော့မလို့ ကံကောင်းလို့ပါလား။ ယုယကတော့ ဒီအစီအစဉ်ကို ကျေနပ်ပုံမပေါ်ပေ။

“ကိုသရ”

“…………”

“ကိုသရ Taxi မောင်းရင် ခွန်းက အလုပ်လက်မဲ့ဖြစ်သွားမှာနော်”

“ခွန်း အလုပ်လက်မဲ့ မဖြစ်ပါဘူး။ ငါ အခုလုပ်တဲ့အလုပ်မှာ ခွန်း ဝင်လုပ်လိမ့်မယ်။ အံ့နာကြေးရမယ်။ နင်က ငါ့ရဲ့စားရေးအတွက် ထမင်းဟင်းဖိုး လစာရမယ်လေ”

ယုယ မျက်မှောင်ကြုတ်ပြီး ဘာမှမပြောတော့ပေမယ့် မကျေနပ်ရိပ်ကတော့ နှုတ်ခမ်းပေါ်မှာ အထင်းသားပဲလေ။ ခွန်း



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချလိုက်မိ၏။ စိတ်ကို လျှော့ချလိုက်တာပါ။ ကိုသရ ပြောနေတာ သူ မိုးလင်းကနေမိုးချုပ် Taxi ဆွဲနေတော့ ယုယနဲ့ တွေ့ဖို့၊ စကားပြောဖို့ အချိန်မရတော့ဘူးဆိုတဲ့သဘောပေါ့။

ပြီးတော့...

ထမင်းဟင်းတွေပို့ရင် ခွန်းကိုပဲ လာပို့စေချင်တဲ့သဘောပဲ။ ဘယ်သူ့ကို ဘယ်လိုနားလည်ရမှန်းမသိပေမယ့် ခွန်း ဒီအစီအစဉ်ကို ကိုယ့်အတွေးနှင့်ကိုယ် သဘောကျတာမို့...

"ကောင်းပြီလေ...ခင်ဗျားပြောတဲ့အတိုင်းပဲ လုပ်ကြတာပေါ့"

"လုပ်ကြ...လုပ်ကြ...ဘာမှကို မပြောတော့ဘူး"

ယုယ ခြေဆောင့်၍ မီးဖိုချောင်ဘက်သို့ ဝင်သွားလေတော့သည်။ ကိုသရပြောပုံက ထမင်းဟင်းတွေ ခွန်းကိုပဲ လာပို့ပေးစေချင်တဲ့သဘောလေ။ ယုယ ရူးခပ်လုပ်ကိုင်ပေးထားတာကို မကြိုက်တဲ့သဘောပါပဲ။

ဒီလောက်တောင် ကြီးကျယ်လှတာ တွေ့ကြသေးတာပေါ့။





## အခန်း (၁၅)

အစကတော့ ခွန်း အလုပ်ထဲမှာ စိတ်မပါပေ။ စိတ်မပါဆို လုပ်မှမလုပ်တတ်ဘဲလေ။ နောက်တော့ သင်ပေးတဲ့သူတွေက စိတ်ရှည်လက်ရှည်သင်ပေးတော့ အဟုတ်သားပါပဲ။ သူများတွေလောက်တော့ ခွန်း မပြီးပေမယ့် တစ်နေ့ သုံးထောင့်ငါးရာ၊ လေးထောင်။

ရက်ကလေးနည်းနည်းကြာလာတော့...

ငါးထောင်၊ ငါးထောင်ကျော်လောက်တော့ ရသည်လေ။ အတူတူလုပ်ကြတဲ့ မိန်းကလေးသူငယ်ချင်း၊ ယောကျ်ားလေးသူငယ်ချင်းတွေက တစ်ယောက်နှင့်တစ်ယောက် စကြနောက်ကြ၊ ရယ်စရာပြောကြနှင့် ခွန်းလည်း ပျော်သလိုလိုတော့အရှိသား။

"ဒီနေ့ ငါ့မွေးနေ့မို့လို့ နင်တို့တွေစားဖို့ ငါ့မိန်းမ အုန်းနို့ခေါက်ဆွဲချက်နေတယ်။ ကူလုပ်ကြဦးဟေ့"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှင်ဦးကံသာက ပြောလေတော့…

“ဟာ…တကယ်ကြီးလား”

“တကယ်ပေါ့ကွ”

“စားရချေသေးရဲ့…ကောင်မလေးတွေ”

“ဘာတုန်း”

“နင်တို့ ဒေါ်မိကို သွားကူချက်လိုက်ကြဦးဟ”

ပြောလိုက်သူက သန်းဝင်းအောင်ပါ။ အလုပ်သမားက ရှစ်ယောက်ပဲရှိတာလေ။ ယောကျ်ားလေးက လေးယောက်။ မိန်းကလေးက သုံးယောက်။ ခွန်းကတော့ ဘယ်ဘက်ထည့်တွက်ရမှန်းမသိတဲ့လူ။

“အမယ်…ငါတို့ကို ကူချက်နိုင်းပြီး နင်တို့က ဘာလုပ်မှာလဲ”

“တို့က စားမယ်လေ”

“တရားလည်း တရားပါ့”

သင်းသင်းက မျက်စောင်းထိုး၍ ပြောလေသည်။

“လုပ်ကြ…လုပ်ကြ…ဒီနေ့ ပျော်ပျော်ပါးပါးပေါ့ကွာ။ အေး…ညနေ အလုပ်မဖြုတ်ခင် ကစားပွဲလေးတစ်ခု လုပ်ကြတာပေါ့”

“ဟေး…ပျော်စရာကြီး”

“မော်မော်…တို့…ဒေါ်မိကို သွားကူချက်ရအောင်”

“အေး…အေး”





“ဟဲ့…နင်တို့စားရုံတင် စားလို့မရဘူးနော်။ တို့က အလုပ်ပျက်ခံပြီး ကူချက်ရမှာ။ နင်တို့ ဘယ်လိုလုပ်ပေးမလဲ…ပြော”

သီဂီက ပြောလေတော့…

“တို့…လုပ်ရသမျှ ဒီနေ့ အညီအမျှ ခွဲယူကြမယ်ဟာ…ဘယ်လိုလဲ…ဟော့ကောင်တွေ သဘောတူကြလား”

ကျော်သူက အားလုံးကို မေးလေတော့…

“တူတယ်…တူတယ်”

“ဟေး”

ခွဲဝေယူကြမယ်ဆိုတော့ ကောင်မလေးသုံးယောက် အလုပ်ရုံထဲက မြောက်ကြွမြောက်ကြွနှင့် အိမ်ပေါ်သို့ တက်သွားကြလေတော့သည်။ ခွန်းက ယောကျ်ားလေးတွေဘက်မှာပဲ အားကြိုးမာန်တက်နဲ့ ဦးထုပ်ချုပ်လို့သာပေါ့။ ထူးဆန်းတာတစ်ခုကို ခွန်း တွေးမိပါသည်။

ဒီအလုပ်ရှင်နဲ့ အလုပ်ထဲကလူတွေအားလုံး ခွန်းကို ဘယ်လို ထင်မြင်သတ်မှတ်ထားကြသလဲ။ ဘာညာကွိကွိကွကွ ဘာမှမမေးကြ။ ဘာမှမပြောကြပေ။ မိန်းကလေးနဲ့တူတယ်လို့လည်း ထင်မြင်ချက်ပေးတာမရှိ။ ယောကျ်ားလေးလိုလည်း ပခုံးဖက်၊ လည်ပင်းဖက် မလုပ်ကြပေ။ ကိုသရက ဘာတွေပြောပြီး ဘာတွေမှာထားလို့ပါလိမ့်။

“ခွန်း”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရော့…ဒီမှာ ဒါကို ကိုက်လိုက်ဦး။ ကတ်ကြေးက ဟိုမှာ"

ရန်နိုင် လက်ညှိုးထိုးပြတဲ့ ကတ်ကြေးကို ခွန်း လှမ်းယူလိုက်သည်။ အလုပ်လုပ်ရင်း အတွေးတွေက ဟိုရောက်ဒီရောက်ပါပဲ။ သူများတွေက သားကျွေးမှု၊ မယားကျွေးမှုတဲ့။ ဒါ အိမ်ထောင်ဦးစီးတွေပြောတဲ့စကား။ ကိုယ်ကတော့ တောင်မရောက်၊ မြောက်မရောက်နဲ့။

ဟူး…

ဖေဖေပြောသလိုပဲ ခွန်း နွားဖြစ်နေပြီလား။ မတွေးတော့ပါဘူးလို့ ကိုယ့်အလုပ်ကိုယ်လုပ်ရင်း အုန်းနို့ခေါက်ဆွဲကျက်တော့ စားကြသောက်ကြ၊ ရယ်ကြမောကြနှင့် စိတ်ပြေလက်ပျောက်တော့ အရှိသား။

"ကဲ…စားသောက်ပြီးကြပြီဆိုတော့ ကစားပွဲလေး စလိုက်ကြရအောင်"

အလုပ်ရှင်မွေးနေ့ရှင်ကြီး ဦးကံသာက ပြောလေတော့ သန်းဝင်းအောင်ကပဲ…

"စားတာက ဟုတ်ပါပြီဗျာ…သောက်တာက ဘာလဲဗျ။ ဘာမှလည်း မသောက်ရဘဲနဲ့"

"ရေလေကွာ…မင်းတို့ အုန်းနို့ခေါက်ဆွဲစားပြီး ရေ မသောက်ကြဘူးလား"





"ဟုတ်သားပဲ…နင်တို့ကလဲ။ ကဲ…ကစားပွဲစကြမယ်။ မဲပေါက်ရာ လုပ်ပြရမှာနော်။ သဘောတူကြလား"

"တူတယ်…တူတယ်"

အကုန်လုံး သဘောတူကြတယ်ဆိုတော့ မော်မော်က မဲလိပ်ခွက်ကို ယူလိုက်ကာ…

"ကိုသန်းဝင်းအောင်ကနေ စမယ်"

ပြောပြီး မော်မော်က မဲလိပ်ခွက်ကို သန်းဝင်းအောင်မျက်နှာရှေ့ ထိုးပေးလေတော့…

"ဘုရား…ဘုရား…သက်သက်သာသာလေးဖြစ်ပါစေ"

မဲလိပ်ကိုယူပြီး သန်းဝင်းအောင် ဖြန့်လိုက်စဉ်မှာပဲ ကျော်သူက အနားတိုးလာကာ…

"မနော့ရဲ့ ချစ်တယ်သီချင်းကို ဝင်းဦးအသံနဲ့ ဆိုပြပါတဲ့"

"သွားပါပြီကွာ"

"သွားမနေနဲ့…ဆိုပြ"

"ဟုတ်တယ်…ဆို"

အစကတည်းက မဲကျရာ သရုပ်ဆောင်မယ်လို့ သဘောတူထားကြတာမို့ သန်းဝင်းအောင် ထရပ်ပြီး အင်္ကျီကော်လံစကို ထောင်လိုက်ကာ…

"အဟမ်း…အဟမ်း"

"ဝင်းဦးစတိုင်လ်နော်…တူအောင်လုပ်"

"အေးပါဟ"



www.burmeseclassic.com

www.burmeseclassic.com



“ခစ်…ခစ်”

စပြောပြီဆိုကတည်းက ဝင်းဦးလေသံနှင့် ဝင်းဦးစတိုင်လ်မို့ တခစ်ခစ်နှင့် ရယ်ကြလေတော့သည်။

“စကားပြောရင် ×××အေးဆေးပြီး×××တည်ငြိမ်နေတာလေးရယ်×××အနမ်းပေးရင် ခေါင်းလေးငုံ့ ရှက်နေတာလေး×××ချစ်တယ်”

“ခစ်…ခစ်”

“ဟား…ဟား…ဟား”

သန်းဝင်းအောင်က ပခုံးတွန့်လိုက်၊ ခါးနွဲ့လိုက်နှင့် ဝင်းဦးလေသံကို ပုံကျပန်းကျ လုပ်ပြလေတော့ မရယ်ဘဲမနေနိုင်ကြပေ။

“ပါးမို့မို့လေးထက်က ××× စံပယ်တင်မှဲ့လေးကလေးရယ် ငါ့အတွက်ဆို အမြဲတမ်းပဲ ဂရုစိုက်တာလည်း ချစ်တယ်။ နွေးထွေးစွာ ပြုံးလိုက်တိုင်း ရင်ခုန်စရာလေးရယ်… ရင့်ကျက်တဲ့စကားလေးနဲ့××ဆုံးမတာလည်း ချစ်တယ်”

ချစ်တယ်ဆိုတဲ့နေရာကျ တိုတိုနှင့်ဖြတ်ပြီး ပခုံးတွန့်ပြတော့

“အမယ်လေး…တော်ပါတော့ ကိုသန်းဝင်းအောင်ရယ်။ ဒီမှာ အူတက်တော့မယ်”

“အဲလေ…တော်ပြီတဲ့လားကွယ်”

“ခစ်…ခစ်”

နောက်ဆုံး တွဲတေးသိန်းတန်လေသံနှင့် အဆုံးသတ်သွားသော သန်းဝင်းအောင်ကို ကျော်သူက ခြေထောက်နှင့် တင်ပါးကို





ဘန်လိုက်လေလျှင်…

“ဟင့်…သွပ်ပြားကို”

“ကဲ…နောက်တစ်ယောက်”

“ဒီတစ်ခါ မိန်းကလေးအလှည့်…သင်းသင်း…နိုက်”

“ဘုရား…ဘုရား”

သင်းသင်းအလှည့်မှာတော့…

“ခုနစ်ထွေအက…အမယ်လေးတော်”

“အမယ်လေးမတော်နဲ့…ကပေတော့”

ခွန်း ကိုယ့်အလှည့်ကျရင်တော့ သက်သက်သာသာဖြစ်ပါစေဟုပဲ ဆုတောင်းနေမိတော့သည်။

ဆုသာတောင်းရတယ်။ မဲတိုင်းက ဟာသတွေ ဖြစ်နေမှာတော့ ကျိန်းသေပါပဲ။ ကိုယ်က ဟာသမလုပ်တတ်တဲ့သူ။ ဟူး….



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၆)

"ဒီတစ်ခါ…ခွန်းအလှည့်ဟေ့"

ခွန်းအလှည့်ဆိုတော့ ခွန်းကိုယ်လေး မတ်ကနဲ ဖြစ်သွားလေသည်။

"ကဲ…မဲနှိုက်မယ်"

သူများတွေအလှည့်တုန်းကတော့ ဗိုက်နှိပ်ရယ်ပြီး ကိုယ့်အလှည့်ကျမှ နွံနေလို့ မရဘူးလေ။ ဒါကြောင့် ခွန်း မဲလိပ်ကိုနှိုက်ပြီး ဖြန့်ကြည့်လိုက်တော့…

"ဟင်"

"ဘာလဲ"

သင်းသင်းနဲ့မော်မော် ခွန်းအနားသို့ မျက်နှာလေးတွေ တိုးကပ်သွားပြီး…





"မဲကျသူသည် ယောက်ျားလေးဖြစ်ပါက အလှပြင်ပြီး မိန်းကလေးပုံစံဖြင့် အိမ်ပြန်ရမည်။ မိန်းကလေးဖြစ်ပါက ဖိနပ်ကို လက်ကကိုင်၍ လွယ်အိတ်အစုတ်လွယ်ကာ အရူးမပုံစံဖြင့် အိမ်ပြန်ရမည်တဲ့"

"ဟု…ဟု…တစ်ခုမှ မသက်သာပါလား"

ခွန်း စကားတစ်ခွန်းမျှမပြောဘဲ နဖူးမှာ ချွေးစို့လာတော့သည်။ သူ…ဘာလုပ်ရမလဲ။

"ခွန်း"

"……………"

"တို့…လှလှလေးပြင်ပေးမယ်နော်…ဟိ…ဟိ"

"ဘာ…ဟိ…ဟိလဲ"

ခွန်း ခပ်ငေါက်ငေါက်ပြောလိုက်တော့ သင်းသင်းတို့ ခေါင်းလေးတွေ ပုကုန်ကြလေသည်။ ကျော်သူက သူများအလှည့်တုန်းက မင်းလည်း ရယ်ခဲ့တာ။ ကိုယ့်အလှည့်ကျမှ တောပြောတောင်ပြောတော့ ပြောမယ်မကြံနဲ့၊ လုပ်တဲ့။ မတတ်နိုင်ဘူးလေ။

ဒါကြောင့်…

သင်းသင်းတို့မိန်းကလေးသုံးယောက် ဝိုင်းပြင်ပေးသမျှ ခွန်း ငြိမ်ခံနေရတော့သည်။ မော်မော်က အိမ်ရှေ့က နှင်းဆီပင်မှာ အနီရောင်နှင်းဆီပန်းလေးတစ်ပွင့် သွားခူးပြီး ခွန်းရဲ့နားအထက်မှာ ပန်ပေးလေသည်။

"ဟယ်…ခွန်းရယ်…လှလိုက်တာဟယ်။ တကယ့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကျနေတာပဲ"

"ဘာ"

"အဟဲ…အရမ်းလှတယ်လို့ပြောတာ"

"မပြောနဲ့"

ထိုစဉ် အလုပ်ရုံရှေ့သို့ ကားတစ်စီးရပ်လာပြီး ကားပေါ်က ဆင်းလာသူက သရပါ။

"ခွန်း"

"…………"

"ခွန်း…ပြန်မယ်"

"ဟင်"

အသံနှင့်အတူ သရ ဝင်လာလေတော့ ခွန်း ထိုင်ရမလို ထရမလိုနှင့် ဘယ်ပြေးရမှန်းမသိတော့ပေ။ နဂိုကတည်းက ဒီလူက ကိုယ့်ကို အခြောက်လို့ ပြောနေရတဲ့အထဲ။ မဲကလည်း ကိုယ့်ကျမှ ကတ်ဖိုးကတ်ဖဲ့ကျတတ်ပါ့။ မိန်းကလေးပုံစံနှင့် အိမ်ပြန်ရဦးမည်လေ။

"မော်မော်…ခွန်းရော"

မော်မော်ကိုကြည့်ပြီး မေးလေတော့ အားလုံးက ပြုံးစိစိပါ။ မော်မော်က…

"ခွန်းက ဒီမှာလေ ကိုသရရဲ့"

မော်မော် မေးဆတ်ပြရာသို့ သရ ကြည့်လိုက်ပြီး…

"ဟင်"





"…………"

"ခွန်း"

ခွန်း ခေါင်းကိုသာငုံ့၍ သရကို မကြည့်တော့ပေ။ မျက်နှာလေးက ရှက်ကိုးရှက်ကန်းနှင့် ပါးမို့လေးက ရဲလာသယောင်ပင်။

"ငါ ပြန်တော့မယ်"

"ခွန်း"

ခွန်း ထထွက်သွားလေတော့ သရက သုတ်သီးသုတ်ပျာနှင့် လိုက်သွားသည်။ ကျန်တဲ့သူတွေက ပြုံးစိစိနှင့်ပါ။ ခွန်း ကားပေါ် ရောက်နေပြီဆိုမှတော့ သရ မောင်းထွက်ရုံပဲပေါ့။ သရ အင်္ကျီ အိတ်ထဲမှာ နှင်းဆီနီတစ်ပွင့်။ ခွန်း ကားပေါ်တက်ကာနီးမှာ ထွက်ကျတဲ့ နှင်းဆီပွင့်ကို ကောက်ယူလာခဲ့တာပါ။

သရ ခွန်းကို ခဏခဏ လှည့်ကြည့်ဖြစ်ပေမယ့် ခွန်းက တော့ သရကို လုံးဝလှည့်မကြည့်ပေ။ တစ်ဖက်လှည့်ပြီး မြင်ဖူး နေကျနေရာတွေကို လိုက်ကြည့်နေမိ၏။ နည်းနည်းလူရှင်းတဲ့နေရာ ကိုရောက်တော့ သရ ကားကိုရပ်လိုက်ကာ…

"ခွန်း"

"……………"

"မင်း…အရမ်းလှတာပဲ…သိလား။ မင်းသာ မိန်းကလေး ဆိုရင် ငါ မင်းကို ချစ်မိမှာ ကျိန်းသေတယ်ကွ"

"ဘာဗျ"

"ဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



သရ အင်္ကျီအိတ်ထဲက နှင်းဆီပွင့်လေးကို ထုတ်ယူပြီး နမ်းလိုက်ကာ…

“မင်းခေါင်းကနေ ထွက်ကျတဲ့ပန်းမို့လို့ ငါ ကောက်လာခဲ့တာကွ။ သိမ်းထားမယ်ဆိုတဲ့စိတ်ကူးနဲ့ပေါ့။ တကယ်လို့ မင်းသာ လက်ခံမယ်ဆိုရင် ယောကျ်ားချင်းလည်း ဘာဖြစ်လဲ။ ကိုယ်ချစ်လို့ ကိုယ်ယူတာ…မင်းကို ငါ လက်ထပ်ယူမယ်ကွာ”

“ဟော့လူ…ခင်ဗျား”

“တစ်သက်လုံး ရိုးမြေကျပေါင်းသင်းပြီး အိမ်တစ်ဆောင်မီးတစ်ပြောင်နဲ့ထားမယ်လေ”

“ခင်ဗျားကြီးနော်…ပေး…အဲဒီပန်း”

ခွန်း လုယူဖို့ကြိုးစားပေမယ့် သရလက်က နောက်ဆုတ်သွားလေသဖြင့် မအောင်မြင်ပေ။ ဒီလူကြီးတော့ နာချင်ပြန်ပြီထင်တယ်။ ဟိုတစ်ခါ အထိုးခံရတာ မမှတ်သေးဘူး။

“ကိုသရ”

“ဟင်”

မျက်ခုံးပင့်ပြီး ထူးပုံက မချိုမချဉ်။ နှုတ်ခမ်းကလည်း ပြုံးချိုနေတာပဲ။ အဲဒီအပြုံးမျိုးကိုပဲ ခွန်း မုန်းတာ။

“ခင်ဗျား ပြန်ပေးမလား…မပေးဘူးလား…ဒါပဲပြော”

“ဘာပြန်ပေးရမှာလဲ”

“နှင်းဆီပန်း”





“ဟာ··မင်းက ယောကျ်ားလေးဖြစ်ပြီး ဒီပန်းကို မက်နေရသေးလား။ မင်း ကျကျန်ခဲ့လို့ ငါ ကောက်ယူတာ… ဘာဖြစ်လဲ…မပေးဘူးကွာ”

“တောက်”

ခွန်းက ဒေါသထွက်လေ ပိုပြီးချစ်ဖို့ကောင်းလေပါပဲ။ အဲ·· အမြဲတမ်းကြီးတော့ ရန်ဖြစ်မနေချင်ပေ။ ဘိုးဘိုးက မှာလိုက်သည်လေ။ ခွန်းက မင်းနဲ့ လက်ထပ်ရမယ့် မင်းရဲ့ဇနီးလောင်း။ သူ့ရဲ့စိတ်တွေ ပျော့ပျောင်းနူးညံ့လာပြီး မိန်းမပီသဖို့က မင်းဘာသာပဲ ပြုပြင်ပေတော့တဲ့။

သူ့အမှားကိုလည်း ဝန်ခံရှာသည်။

သမီးဖြစ်သူ စိတ်ဒဏ်ရာရခဲ့ဖူးတော့ သမီးအလိုကိုလိုက်ပြီး ခွန်းကို ယောကျ်ားလေးပုံသွင်းခဲ့တာ။ အခုတော့ ကိုယ်ဖော်တဲ့ဆေး ကိုယ်မစားနိုင်တော့ဘူး။ ဆေးစွမ်းတစ်ဖုံဖြစ်အောင် မင်းပဲ တာဝန်ယူပေတော့တဲ့။ တစ်နေ့ ဒီမိန်းကလေးကိုပဲ မလွဲမသွေ လက်ထပ်ရမယ်ဆိုတဲ့အသိနဲ့ အခြားမိန်းကလေးတွေကို စိတ်မဝင်စားမိအောင်နေခဲ့သည်။

ခွန်းရဲ့မာတ်ပုံလေးမြင်လိုက်ရတော့…

ကိုယ်လက်ထပ်ရမယ့်မိန်းကလေးက ကိုယ်စိတ်ကူးယဉ်မိတဲ့ပုံစံနှင့် ထပ်တူညီနေတော့ ပျော်လိုက်တာမပြောပါနှင့်တော့။ ဓာတ်ပုံလေးကြည့်ပြီး ကိုယ့်မှာ အရူးကြီးလိုပါပဲ။

“ဘာလဲ…မင်းက ငါ့ကို စိတ်ဆိုးတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဆိုးတယ်ဗျာ…ဆိုးတယ်"

"ချစ်ကလည်း စိတ်မဆိုးပါနဲ့ကွာ…ကိုကိုက ချစ်လို့ပြော တာကို"

"ဟာ…ခင်ဗျား"

ပြောရင်း သရက ခွန်းလည်ပင်းကိုဖက်၊ ပါးချင်းကပ်လိုက် တော့ ခွန်း ရှန်းလည်းရှန်း၊ လက်ကလည်း ရွယ်လေလျှင် သရက ခွန်းလက်ကို ဖမ်းဆုပ်ထားပြီး…

"အဟွန်း…ဒီတစ်ခါတော့ မရတော့ဘူး ချာတိတ်ရဲ့… ငါ နပ်သွားပြီကွ။ မင်းကလည်းကွာ…ယောကျ်ားချင်း ကို ဘာဖြစ်နေတာလဲ။ ကြီးကျယ်လိုက်တာ"

"မသိဘူး…ဖယ်ဗျာ…လွှတ်"

"ငါက အဲဒီလိုမျိုးဆို အရွဲ့တိုက်ချင်တာ…ကဲကွာ"

သရ ခွန်းကိုယ်လေးကို သိမ်းဖက်ပြီး ပါးပြင်လေးကို နမ်း လေလျှင်…

"ဟာ"

"ကဲ…ဘာတတ်နိုင်သေးလဲ"

"တောက်"

ခွန်း 'တောက်'ခေါက်ပြီး အနမ်းခံလိုက်ရတဲ့ ပါးပြင်ကို လက်ဝါးနှင့် ဖိပွတ်ပစ်လိုက်သည်။ ဒီလိုပွတ်ပစ်လို့ အနမ်းက ပြယ်သွားမတဲ့လား။ ဖယ်ရှားလို့မရမှန်းသိပေမယ့် ပွတ်သုတ်နေ မိတာသည် ရင်ထဲမှာ ရှုံးရှုံးနာကျင်ခြင်းများနှင့်သာ။ ဒီလူ သိနေလို့





ဘမင်လုပ်တာလား။

ကိုယ့်ကိုယ်ကိုယ် မကျေနပ်သလို…

သရအပေါ်မှာလည်း ရှုံ့သလိုလို၊ မုန်းသလိုလို စိတ်တွေက ဖြစ်နိုင်လျှင် သတ်ပစ်ချင်စိတ်တောင်ပေါက်တာ တကယ်။

"ခွန်း"

"…………."

"ငါ…ဒီပန်းလေးကို သိမ်းထားမယ်နော်"

ခွန်း ဘာမှမပြောတော့ဘဲ ရေသန့်ဗူးကိုယူကာ ကားပေါ်မှ ဆင်းလိုက်သည်။ ကြွက်မနိုင် ကျီမီးနဲ့ရှို့ဆိုသလိုပါပဲ…ဒီသနပ် ခါးတွေကြောင့်ဆိုပြီး မျက်နှာသစ်ပစ်လိုက်တာများ… ပွတ်လွန်း လို့ မျက်နှာလေးတောင် နီနေပြီလားမသိတော့ပေ။ ခွန်း ကားပေါ် ပြန်တက်လာတော့…

"ဟူး…နေမြောစရာကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၇)

"တီ...တီ"

"..............."

"တီ....တီ"

"ဟော"

ကားဟွန်းတီးသံကြားတော့ ဒေါ်ကေခိုင်ဦး ခါးလေးမတ်သွားလေသည်။

"လာပြီထင်တယ်"

ပြောပြီး ချက်ချင်းထလာခဲ့တော့သည်။ ဒီနေ့ ဖေဖေ လာမယ်လို့ ဖုန်းဆက်ထားလို့ မျှော်နေတာလေ။ သူ့မြေး အိမ်ပေါ် ကဆင်းသွားပြီဆိုကတည်းက လာချင်နေတာတဲ့။ ဖေဖေက သူ့မြေးကို သိပ်ချစ်တာလေ။ သမီးကိုလည်း ချစ်ခဲ့တာပါပဲ။ ဒါကြောင့် သမီးကိုချစ်တဲ့စိတ်နဲ့ သမီးအလိုလိုက်ပြီး ခွန်းကို ဒီပုံစံ ဖြစ်စေခဲ့တာ။





ခုတော့...

မှားပြီလို့ နောင်တကိုယ်စီနှင့်ပါ။ အခု စိတ်အေးနေနိုင်တာ က ခွန်းအနားမှာ သရ ရှိနေလို့ပါပဲ။ သရက တစ်နေ့နေ့မှာ ခွန်းနဲ့ လက်ထပ်ရမယ့်သူလေ။

"ဖေဖေ"

"သမီး"

"အဖေ"

နောက်မှာ ဦးမြင့်လွင်လည်းပါလာပြီး ယောက္ခထီးကြီးကို ဆီးကြိုလေသည်။

"အဖေက ကိုယ့်ဘာသာပဲလာမယ်ဆိုလို့ အဖေရဲ့... မဟုတ်ရင် ကျွန်တော် လာခေါ်မလို့ပဲ။ လူကြီးဆိုတော့ ကားမောင်းရတာ အဆင်မပြေမှာစိုးလို့ပါ"

"ဟေ့ကောင်...အသက်ကြီးပေမယ့် ငါ မပျက်စီးသေးဘူးကွ"

ပြောပြီး သွက်လက်ဖျတ်လတ်စွာနှင့် အိမ်ထဲဝင်သွားတဲ့ ဖခင်ကိုကြည့်ပြီး ဒေါ်ကေခိုင်ဦးနှင့်ဦးမြင့်လွင် ပြုံးလိုက်မိကြသည်။ မှန်တာပေါ့။ ဦးမြဒင်က အားကစားလည်း လိုက်စားသည်လေ။ အသက်ခြောက်ဆယ်ကျော်ဆိုပေမယ့် မျက်စိမမှုန်၊ သွားမကျိုး။ ဖျတ်ဖျတ်လတ်လတ်နှင့် ဖလန်းဖလန်း ဖြစ်နေတုန်းပါ။

အဲ...ပြောစရာတစ်ခုကတော့...

ဆံပင်ဖြူနေပြီလေ။ ဆေးဆိုးထားရတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ပြောကြပါဦး။ ကလေး အိမ်ပေါ်က ဆင်းသွားတာကို ငါမိဘဆိုတဲ့မာနနဲ့ ပစ်ထားကြတဲ့အကြောင်းလေး"

"ဟာ…အဖေကလည်း ကြားစကားတွေ မယုံစမ်းပါနဲ့။ ကိုယ့်သားသမီးကို ဘယ်မိဘက ပစ်ထားမှာလဲ အဖေရဲ့"

"ဒါဆို မင်း ဘာလုပ်ပေးလဲ"

"သူ့အကြောင်းကို အမြဲစုံစမ်းနေတယ်လေ အဖေ။ ပစ်ထားတာက နှောင်တရအောင်ထားတာပါ"

"ဘာ…နှောင်တရအောင် ဟုတ်လား"

ဦးမြင့်လွင် ခေါင်းသာကုတ်မိတော့၏။ အစကတည်းက လာရင် အဆူခံရမယ်ဆိုတာ ကြိုတွေးထားပေမယ့် လက်တွေ့ အဆူခံရတော့လည်း ဘာမှပြန်မပြောရဲပေ။ ကြိုတွေးထားတာက တော့ ဘယ်လိုဆူရင် ဘယ်လိုဖြေရှင်းပြမယ်ပေါ့။ တကယ်တမ်း ကျတော့ မိဘကို ပြန်မပြောချင်တာပါ။

"အေး…နှောင်တရအောင်ဆိုပြီး မင်းတို့က ပစ်ထား… နှောင်တမရဘဲ ဒုက္ခရောက်မှာကိုရော မင်းတို့ သိလား။ မင်း စုံစမ်းတာ ဘာတွေသိလဲ။ ငါက မင်းထက် ပိုသိတယ်ဆိုရင် ယုံမလား"

"ဗျာ"

"ဗျာမနေနဲ့…အဲဒီယုယဆိုတဲ့ ကောင်မလေးက သူ့ကိုယ်သူ နယ်ကလာပြီး အလုပ်လုပ်တာ။ မိဘမရှိ၊ ညီအစ်ကို





မောင်နှမ မရှိ၊ တစ်ကောင်ကြွက်…မိန်းမလည်လေး ဆိုတာလောက်ပဲ မင်း သိတာမဟုတ်လား"

"ဟုတ်တယ်လေ"

"မပြောလိုက်ချင်ဘူး…ပြောရင် မြဒင်ပဲ လွန်ရာကျဦးမယ်"

ဇနီးဖြစ်သူက ဘယ်လိုလဲဆိုသောသဘောနှင့် မေးဆတ်ပြလေတော့ ဦးမြင့်လွင် ခေါင်းကို ထပ်ကုတ်မိပြန်သည်။ မန္တလေးမှာနေတဲ့သူက ရန်ကုန်ကလူအကြောင်း ကိုယ့်ထက် ဘာတွေများ ပိုသိနေလို့ပါလိမ့်။

"အဲဒီကောင်မလေးက နယ်ကဆိုတာတော့ မှန်တယ်။ ဒါပေမဲ့ သူ့ဇာတိကို ဘယ်သူမှ တိတိကျကျ မသိကြဘူး။ ငါ့မိတ်ဆွေတစ်ယောက်အိမ်မှာ အိမ်ဖော်လုပ်ဖူးတယ်။ စာရိတ္တမကောင်းလို့ အလုပ်ထုတ်ပစ်လိုက်တာတဲ့။ သူ့အစ်ကိုကလည်း ခပ်ရှုပ်ရှုပ်ပဲ။ ငါ့အလုပ်ထဲက ကောင်လေးတစ်ယောက်နဲ့ အသိတွေလေ။ အဲဒီကောင်မလေးက ငါ့မိတ်ဆွေရဲ့သားမက်နဲ့ ဖောက်ပြန်လို့ အလုပ်ထုတ်ပစ်တာ…ရှင်းလား"

"ဗျာ"

ဒါတွေအမှန်ဆိုရင် ကိုယ်သိတာတွေက အသေးအမွှားလေးပဲ ရှိသေးပါလား။ အခုမှ ဘုရားတရမလိုလို၊ သိကြားတရမလိုလို တော့ ဖြစ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အခု··· အဲဒီကောင်မလေး ဘာတွေကြံနေလဲ မင်းသိလား"

"မသိဘူးလေ···အဖေသိရင် ပြောပြပေါ့"

"အေး···အဲဒီကောင်မလေးက အခု သူ့အစ်ကိုကို လှမ်းမှာနေတာ။ ရန်ကုန်မှာနေခိုင်းပြီး သူ့ရွာက ဆွေရိပ်မကင်း မျိုးရိပ်မကင်းဆိုပြီး အဝင်အထွက် အသွားအလာလုပ်ခိုင်းမယ်။ ပြီးရင် ငါ့မြေး ခွန်းကို အပိုင်ကြံဖို့"

"အမယ်လေး···ဘုရား···ဘုရား"

အခုမှပဲ ဒေါ်ကေခိုင်ဦး ရင်တွေပူကာ ရင်ဘတ်ဖိ၍ ဘုရားတ,မိတော့သည်။

"ကိုလွင်···ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်···ရှင်ဒီအတိုင်းပဲ ကြည့်နေတော့မှာလား။ ကျွန်မသား···အဲ··· ကျွန်မသမီးလေး ဒုက္ခရောက်တော့မှာပဲ"

"အခုမှ ပြူးပြူးပျာပျာ လာလုပ်မနေနဲ့။ အဲဒါ အမိကတရားခံက မင်းပဲ။ အစကတည်းက မိန်းကလေးကို မိန်းမပီပီသသနေဖို့ မင်း ဆုံးမခဲ့လား···ပြော"

"ကဲ···အခုမှ ပြောမနေကြနဲ့တော့။ ငါ ရောက်လာပြီလေ။ ဘာလုပ်သင့်တယ်ဆိုတာကို အေးအေးဆေးဆေး တိုင်ပင်ကြတာပေါ့"

ဒေါ်ကေခိုင်ဦးကတော့ မအေးဆေးချင်တော့ပေ။ ဖြစ်နိုင်ရင် အခုပဲ ခွန်းကို ပြေးခေါ်လိုက်ချင်တာ။ ဟိုကောင်မလေးကိုလည်း





တွေ့နှပ်လောက်အောင် ငွေပေးပြီး နောက်ထပ် ခွန်းနဲ့ မပတ်သက်ဖို့ ပြောလိုက်ချင်တာ။

"သမီးကတော့ မအေးဆေးနိုင်ဘူး ဖေဖေ···ဖြစ်နိုင်ရင် ခွန်းကို အခုပဲ ပြေးခေါ်လိုက်ချင်တာ"

"အဲဒီလောက်မလောနဲ့ သမီး···ခွန်းအနားမှာ သရရှိတယ်။ သရက ခွန်းကို ကာကွယ်နိုင်မှာပါ"

"သရ···ဟုတ်လား···အဖေ"

"ဟုတ်တယ်လေ···ခွန်းအနားမှာ သရရှိနေတာ မင်း မသိဘူးလား။ ပြောတော့ စုံစမ်းတယ်ဆိုပြီး မင်း ဘာတွေစုံစမ်းနေတာလဲ မြင့်လွင်"

"ကျွတ်"

ပြောလည်း ခံရတော့မှာပဲပေါ့။ ကိုယ်က မြတ်နိုးယုယအကြောင်းကိုပဲ အမိအရ စုံစမ်းနေတော့ သရအကြောင်းကို ဘယ်သိမှာတဲ့လဲ။ သရဆိုတာက ခွန်းနဲ့ လက်ထပ်ပေးဖို့ သူ့အဘိုးသဘောတူထားတဲ့ ကောင်လေးပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၈)

ခွန်း ထမင်းဟင်းတွေလာပို့တော့ သရက ဖုန်းပြောနေသည်။ သရကိုင်တဲ့ဖုန်းကိုကြည့်ပြီး ခွန်း မျက်မှောင်လေးကြုတ်သွားလေတော့၏။ လူကတော့ စုတ်တိစုတ်ချာပုံစံနဲ့ ဒီမှာလာအခန်းငှားနေပြီး ခွန်းရဲ့ကားကို အုံနာကြေးပေး၍ Taxi မောင်းနေသူ။ ကိုင်တဲ့ဖုန်းကျတော့…

သူဌေးတွေကိုင်တဲ့ i-phone …

ဒီလူကို ခွန်း သိပ်မသင်္ကာတော့ပါဘူး။ ကိုယ်အလုပ်လုပ်လို့ရတဲ့ပိုက်ဆံကိုလည်း ခွန်း အဆင်ပြေဖို့အတွက်သာ လုပ်ပေးနေပြီး သူ့ရှေ့ရေးအတွက် ခြိုးခြံချွေတာတာ မရှိပေ။ ဒီလူ ဘာရည်ရွယ်ချက်နဲ့ ဒီကိုရောက်လာတာလဲ။ လက်ချောင်းတွေကိုလည်း ကြည့်ဦး။ ဖြူဖြူသွယ်သွယ်နဲ့။ ပင်ပင်ပန်းပန်း အလုပ်မလုပ်ခဲ့ရပုံပါပဲ။





"ဟုတ်ကဲ့…ဘွားဘွား"

"…………….."

"အဲဒီအတွက် စိတ်ချပါ ဘွားရဲ့…သားတစ်ယောက်လုံး ရှိနေတာပဲဥစ္စာ။ ဘာမှမဖြစ်စေရဘူး"

"…………….."

"အင်း…အဲဒါတော့ ဘယ်လိုပြောရမလဲမသိဘူး။ အခု လောလောဆယ်ကတော့ ဘယ်လိုမှ အဆင်မပြေသေးဘူး…ဘွား"

"…………….."

"ဟုတ်ကဲ့…သား ကြိုးစားမှာပါ"

"…………….."

"စိတ်ချပါ ဘွားရဲ့…အဆင်ပြေအောင် သား ကြိုးစားနေပါတယ်"

"…………….."

"ဟုတ်ကဲ့…ဘွား…ဖုန်းချတာနဲ့ သား ဆက်လိုက်ပါ့မယ်"

"…………….."

"ဟုတ်ကဲ့ပါ…ဘွားလည်း ကျန်းမာရေးကို ဂရုစိုက်နော်"

"…………….."

"ဟုတ်ကဲ့…ဟုတ်ကဲ့"

သရ ဖုန်းပြောပြီး ဒီဘက်သို့အလှည့်တွင် ခွန်းကို မြင်သွား



www.burmeseclassic.com

တော့…

"ခွန်းပါလား…ထမင်းဟင်းတွေ လာပို့တာလား"

ခွန်းက ဘာမှပြန်မဖြေဘဲ သူ့လက်တစ်ဖက်ကိုသာ စူးစူးစိုက်စိုက်နှင့်ကြည့်လေလျှင် ဘာများလဲလို့ သရလည်း ကိုယ့်လက်ကိုယ်ငုံ့ကြည့်လိုက်တော့ …ဟာ…သွားပါပြီ။ လက်စသတ်တော့ ခွန်း သူ့လက်ထဲကဖုန်းကို ကြည့်နေတာပါလား။ ဖုန်းစုတ်ကလေးကို အရောင်ပြကိုင်နေတာ။ အခု ဘွားက ဒီဖုန်းခေါ်လို့ကိုင်ကာမှ ခွန်းနဲ့ တိုးရတယ်လို့။

သရ…

မရတော့မှန်းသိသိနဲ့ လက်ကို နောက်သို့ ဝှက်လိုက်မိလေလျှင်…

"ကိုသရ"

"…………"

"ခင်ဗျား…ဒီကိုရောက်လာတာ ဘာအကြံအစည်၊ ဘာရည်ရွယ်ချက်နဲ့လဲ ကိုသရ"

သရ ဘယ်လိုဖြေရပါ့မလဲနော်။

"ညာဖို့တော့ မကြိုးစားနဲ့နော်။ အခု ခင်ဗျားကိုင်နေတဲ့ဖုန်းက လက်ရှိခင်ဗျားရောက်နေတဲ့နေရာမှာ ရှားပါးပစ္စည်းလို မြင်ရခဲတဲ့ဖုန်း"

အမှန်အတိုင်းဖြေလို့တော့ မဖြစ်သေးပါဘူး။ တော်ကြာရှုပ်ကုန်ရင် နီးရာကနေ ဝေးသွားနိုင်သည်လေ။ မညာချင်ပေမယ့်





ခွင့်လွှတ်ပါ ခွန်း။ ဒါ…မင်းအတွက် မင်းအနားမှာ ငါ ရှိနေဦးမှဖြစ်မှာမို့လို့ပါ။

"ဩော်…ဒါလား…ဟိုလေ…ငါက အရမ်းဆင်းရဲတဲ့ မိသားစုက ပေါက်ဖွားလာတာတော့ မဟုတ်ဘူးကွ။ ဒါပေမဲ့ အရမ်းချမ်းသာတာမျိုးလည်း မဟုတ်ပြန်ဘူး။ အခု ငါက အိမ်နဲ့ အဆင်မပြေလို့ အိမ်ပေါ်က ဆင်းလာတာ"

"…………"

"ငါ့ကို မိန်းမပေးစားမယ်ဆိုလို့…အဲဒါကြောင့်"

ဒီတော့မှ ခွန်း မျက်မှောင်ကြုတ်ရာကနေ ပြေသွားလေသည်။ တကယ်တော့ သရတို့ကလည်း ခွန်းတို့လို ချမ်းသာသည့်အသိုင်းအဝိုင်းကပဲလေ။ ကိုယ်တိုင်ကလည်း လုပ်ငန်းရှင်တစ်ဦးပါ။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုရဲ့ MD။ သူ ဒီမှာ ဒီလိုလာနေနိုင်ဖို့အတွက် သူငယ်ချင်းကို အကူအညီတောင်းထားရတာလေ။

အခုကတော့…

ခွန်းကားနဲ့ သွားလာနေရတာ အဆင်ပြေတာပေါ့။ ခွန်းတို့သိနေတာက သရ Taxi ထွက်မောင်းနေတယ်ပဲပေါ့။ တကယ်က ဘယ်ခရီးသည်ကိုမှ လိုက်မပို့။ ဘယ်ကိုမှသွားတာမဟုတ်ပေ။ ကိုယ့်အလုပ်ကိုယ် လုပ်နေတယ်ဆိုတာ…

"မိန်းမပေးစားတာပဲ…ယူလိုက်ပေါ့ဗျ"

"ဟ…ငါကမှ မယူချင်သေးတာကွ။ အိမ်တောင်ပြေးတယ်

www.burmeseclassic.com



ဆိုတာကို လွယ်တယ်များမှတ်နေလား။ သူက ငါ့ကိုချစ်၊ ငါကလည်း သူ့ကို ချစ်ဦးမှပေါ့။ အခုပဲ ငါက တစ်ယောက်ယောက်ကို ချစ်မိနေပြီလေ''

''ဟင်''

ခွန်းရင်ထဲမှာ ထိတ်ကနဲ ဖြစ်သွားလေသည်။ ယုယလားလို့လေ။ လောလောဆယ် အနီးကပ်နေရတာဆိုလို့ ယုယပဲရှိတာ။ ယုယ အမှန်တွေကိုများ ပြောပြထားပြီလား။ ပြီးတော့ ယုယက ကိုသရအတွက်ဆိုရင် ဟင်းပိုထည့်ပေးသူ။ အဝတ်တောင် လျှော်ပေးခဲ့တာလေ။ သူတို့နှစ်ယောက်က ဘာတွေလဲ။

''အဲဒီတစ်ယောက်ယောက်က ဘယ်သူလဲ ကိုသရ''

''မင်းလေ''

''ဘာဗျ''

''ခွန်းရေ''

''.............''

''ခွန်း''

တစ်ဖက်အခန်းမှ ယုယရဲ့ခေါ်သံကြောင့် ခွန်း...သရကို စကားဆက်မပြောဖြစ်တော့ဘဲ...

''လာပြီ...ယုယ''

''ဘာလို့ ကြာနေတာလဲ ခွန်းရဲ့...ပို့ပြီး မြန်မြန်ပြန်လာလေ။ ပြောစရာရှိလို့...ဗိုက်လည်းဆာနေပြီ''

''လာပြီ...လာပြီ''





ခွန်း သုတ်သီးသုတ်ပျာနှင့် ပြန်သွားလေတော့ သရ ပြုံးထိုက်မိသည်။ ခွန်းအဖြစ်က မယားကြောက်လို့ ပြောရအောင်ကလည်း ဘောင်မဝင်။ သူငယ်ချင်းကို အနစ်နာခံခင်တာလို့လည်း ပြောမရ။ လူက ဖားတစ်ပိုင်း ငါးတစ်ပိုင်းဆိုတော့ အခြေအနေကလည်း ဟိုမရောက် ဒီမရောက်ပါ။

အဲဒီဟိုမရောက် ဒီမရောက်ကို ကိုယ့်ဘက်ရောက်အောင် ကြိုးစားရဖို့က ကိုယ့်တာဝန်။

''ခွန်းကလည်း သွားတာကြာလိုက်တာ...ဘာလုပ်လို့ ကြာနေတာလဲ''

''ကိုသရနဲ့ စကားပြောနေလို့ပါ ယုယရဲ့''

''ဘာတွေပြောနေတာလဲ''

''မသက်သာလို့ မေးကြည့်တာပါ။ အခုတော့ ပေါ်ပြီလေ။ ကိုသရက သူဌေးအသိုင်းအဝိုင်းက။ အိမ်က မိန်းမပေးစားမယ်ဆိုလို့ ဆင်းလာတာတဲ့''

''ဟင်...ဟုတ်လား''

ယုယ တွေကနဲ ဖြစ်သွားလေသည်။ ကိုသရက ချမ်းသာဘယ်တဲ့လား။ ယောကျ်ားပီသပြီး ချောမောရုံနဲ့တင်တောင် သူ့မှာ ကျိတ်ပြီးစိတ်ဝင်စားနေမိတာ။ အခု ချမ်းသာတယ်ဆိုတော့ ယုယအတွက် မက်လုံးကြီးပေါ့။ ခက်တာက ယုယကို သူက စိတ်မဝင်စားခြင်းပါပဲ။

အို...ဘာခက်တာမှတ်လို့။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမမာယာ သဲကိုးဖြာတဲ့။ မာယာသုံးရမှာပဲပေါ့။ ခွန်းကို လည်း မကြာခင် ရှင်းထုတ်နိုင်ရမည်။

"ယုယ"

"ဟင်"

"ဗိုက်ဆာလို့ဆို...ထမင်းစားမယ်လေ"

"ဪ...အင်း...ကူပြင်ပါဦး ခွန်းရဲ့"

"အင်း"

ခွန်း ခေါင်းညိတ်ပြီး ထမင်းပွဲကူပြင်ရလေတော့သည်။ အိမ်မှာဆို ကူလုပ်ဖို့မပြောနဲ့...ထမင်းဝိုင်းမှာ ချက်ထားတဲ့ ဟင်းမကြိုက်ရင်တောင် ဂျီကျတတ်သူပါ။ အိမ်အကြောင်း တွေးမိ တာနှင့် ဖေဖေ့စကားကိုသာ ပြန်ကြားယောင်မိတော့၏။ နင့်ကို နွားလိုခိုင်းစားနေတာတဲ့။

"ခွန်းကို ယုယ ပြောစရာရှိသေးတယ်"

"ပြောလေ...ဘာပြောမှာလဲ"

"မနက်ဖြန် ယုယသွားစရာရှိလို့ ခွန်းရဲ့...အဲဒါ... ခွန်းသိအောင် ပြောပြတာ...ပြီးတော့"

"ဘယ်ကိုသွားမှာလဲ"

"ယုယနဲ့ ဆွေရိပ်မျိုးရိပ်မကင်းတဲ့ အစ်ကိုတစ်ယောက်လေ ရန်ကုန်ရောက်နေလို့ ခွန်းရဲ့... အဲဒါ ဖုန်းဆက်လို့ သွားတွေ့မလို့ပါ။ ပြီးတော့ လောလောဆယ် သူ့မှာ နေစရာ စားစရာမရှိဘူးလေ။ အဲဒါ ယုယတို့ဆီမှာ ခေါ်





ထားရမှာ"

"ဟင်"

ခွန်း လက်ဆေးပြီး ထမင်းဝိုင်းဝင်မလို့လုပ်ပြီးမှာ မဝင်ဖြစ် သေးဘဲရှိကာ...

"အဲဒါတော့ မဖြစ်နိုင်ဘူး...ယုယ"

"ဘာလို့မဖြစ်ရမှာလဲ"

"ဒီမှာ ယောကျ်ားတစ်ယောက်ကို ညအိပ်ညနေ့ လက်ခံ ဖို့ဆိုတာ ယုယ တွေးကြည့်လေ"

"တွေးပြီးလို့ ပြောတာလေ။ အိပ်တာတော့ ကိုသရကို ပြော ပြီး ဟိုဘက်အခန်းမှာ အိပ်ခိုင်းမှာပေါ့။ ဒီကိစ္စ မဖြစ်နိုင် လည်း ဖြစ်အောင်လုပ်ရမယ် ခွန်း...မကျေနပ်ရင် လဲသာ သေလိုက်တော့"

"ကျွတ်"

ခွန်း ထမင်းဝိုင်းမှာ ဝင်မထိုင်တော့ဘဲ အပြင်သို့ ထွက်လာ ခဲ့တော့သည်။ ဆန့်ကျင်ဘက်ဖြစ်သွားပြီဆိုမှတော့ ထမင်းလည်း ဘားချင်စိတ်မရှိတော့ပါဘူး။ ဒီတော့ မစားတော့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

"ဗျာ…ဘိုးဘိုးပြောပုံအရဆို ခွန်းမှာ အန္တရာယ်ရှိနေတာပေါ့…ဟုတ်လား…ဘိုးဘိုး"

သရ အသံခပ်အုပ်အုပ်နှင့်ပဲ ပြောနေရတာပါ။ ဟိုဘက်အခန်းက လူတွေကြားရင် အဘွားဆက်ပြီး အဘိုးက ဆက်ပြန်ပြီလားလို့ ပြောနေဦးမယ်လေ။ ပြီးတော့ ပြောနေရတာက ခွန်းအကြောင်းဆိုတော့ ခွန်းနာမည် ထည့်ထည့်ပြောနေရတာ ခက်တာပေါ့။

"ကျွတ်"

"…………"

"ဟား…တော်တော်အကြံပက်စက်တဲ့ မိန်းကလေးပါလားတောက်"

"…………"





"မလုပ်ပါဘူး ဘိုးဘိုးရဲ့…ဒီကိစ္စ စိတ်လိုက်မာန်ပါလုပ်ရင် ကိုယ့်ဘက်ကပဲ ခံရမယ်ဆိုတာ ကျွန်တော် သိပါတယ်"

"…………"

"စိတ်ချပါ ဘိုးဘိုး…ကျွန်တော် တတ်နိုင်သလောက် သူ့ကို ကာကွယ်သွားမှာပါ"

"…………"

"ရှိတယ် ဘိုးဘိုး…စောစောကမှ ကျွန်တော့်အခန်းကနေပြန်သွားတာ…ထမင်းစားနေတယ်ထင်တယ်"

"…………"

"ဒါတော့ ဘိုးဘိုးရယ်…ဒီလမ်းကို သူ ရွေးခဲ့တာပဲ"

အဘိုးဖြစ်သူကတော့ မြေးအတွက် စိတ်ပူလွန်းလို့ ကိုယ့်ကိုယ်စိုက်စောင့်ရှောက်ပေးဖို့မှာတာ တဖွဖွပါပဲ။ စားတာသောက်တာမှအစ အဆင်ပြေပါ့မလားတဲ့။ စားလို့တော့ အဆင်ပြေပါတယ်။ ဒါပေမဲ့ အိမ်မှာလိုတော့ သူများချက်ပြီးသားကို အခန့်သားထိုင်စားလို့ မရဘူးလေ။

အခု ခွန်း ဖြစ်နေပုံက…

ဝဋ်ကြွေးရှိလို့ ဆပ်နေရတယ်ပဲ ပြောရတော့မှာပေါ့။ သူ့အတွက် ဘာအကျိုးအမြတ်၊ ဘာခံစားခွင့်မှမရှိဘဲ အချစ်ဆိုတာကို ပတ်တွယ်ပြီး ဒုက္ခခံနေတာ။ တစ်ခါတလေတော့ လူတွေအကြောင်း မင်း ဘယ်လောက်သိလဲလို့ တုတ်နဲ့ရိုက်ပြီး မေးချင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပေါက်တာ တကယ်…။

တကယ်တော့…

ဒါ အချစ်စစ်လို့ မပြောနိုင်ပါဘူး။ ယုယက အချွဲကောင်းတာရယ်…ပြီးတော့ ခွန်းကလည်း သူ့ကိုယ်သူ ယောကျ်ားလို့ ခံယူပြီး ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းချင်တဲ့စိတ် ကြီးစိုးတာလည်းပါမှာပါ။

"…………….."

"ဗျာ…ဘိုးဘိုး"

"…………….."

"ဟုတ်ကဲ့…စိတ်ချပါဆို ဘိုးဘိုးရာ…ဘိုးဘိုး…ဒီထက် ပိုပြီး စိတ်ချရအောင် သူ့ကို ကျွန်တော် သွားလေရာ ခေါ်သွားမယ်…ရလား"

"…………"

"ဟာ…အဲဒါတော့ ထားခဲ့မှာပေါ့ ဘိုးဘိုးရ…အိမ်သာထဲတော့ ခေါ်သွားလို့ဖြစ်မလား"

"…………….."

"ဟား…ဟား…ဟား"

"…………….."

"ဟုတ်ကဲ့ပါဗျာ"

ဘိုးဘိုးနဲ့သရက စကားပြောရင် သူငယ်ချင်းတွေလို ရင်းရင်းနှီးနှီးနှင့် စလိုက်နောက်လိုက်ပါ။ သရ အလုပ်ကိစ္စနဲ့





ခရီးလေးသွားရင် ဘိုးဘိုးအိမ်မှာပဲ တည်းရတာလေ။ သရကို အနေခက်မှာစိုးလို့ဆိုပြီး ဘိုးဘိုးက သူငယ်ချင်းလို ရင်းရင်းနှီးနှီး ဆက်ဆံခဲ့တာပါ။ အခုလည်း သရ မဟုတ်တာပြောလိုက်တော့…

ဆဲပြီး ဖုန်းချသွားလေပြီ။

ဘိုးဘိုး ရန်ကုန်ကို ရောက်နေပြီတဲ့။ ဖုန်းချပြီး သရ အပြင်ထွက်လာတော့ ခွန်း ထိုင်ခုံပေါ်မှာ ထိုင်နေတာကို မြင်လိုက်ရလေလျှင်…

"ဟင်…ခွန်း"

ခွန်းက လှည့်ကြည့်လေလျှင်…

"မင်း…ထမင်းစားတာ မြန်လှချေလား။ ဒါမှမဟုတ် မစားတာလား"

"ဟုတ်တယ်…မစားတာ"

"ဘာဖြစ်လို့လဲ"

"စားချင်စိတ်မရှိတော့လို့ပါ"

"ခွန်း"

ယုယ ထွက်လာပါပြီ။

"ဘာလဲ…စိတ်ကောက်သွားတာလား"

"မကောက်ပါဘူး"

"ဒါဆို ဘာလို့ ထမင်းမစားတာလဲ။ ယုယပြောတာက ဆွေရိပ်မျိုးရိပ်မကင်းတဲ့ လူတစ်ယောက် နေစရာ စားစရာ မရှိတာကို ယုယ ဒီအတိုင်း ပစ်မထားနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ။ အဲဒါကြောင့်ပါ”

“ယုယသဘောပါ…ကိုယ် ဘာမှမပြောတော့ဘူး”

ပြောပြီး ခွန်း ထရပ်ကာ အပြင်သို့ ထွက်သွားလေလျှင် သရ နောက်ကလိုက်သွားပြီး…

“ခွန်း”

“…………”

“မင်း ဘယ်သွားမလို့လဲ”

“လမ်းထိပ်သွားမလို့”

“ဘာသွားလုပ်မှာလဲ”

“ခင်ဗျား တော်တော် လျှာရှည်ပါလား…ကွမ်းယာ သွားဝယ်စားမလို့ဗျာ”

သရ စိတ်ညစ်နေတဲ့သူ့ကို ဘာမှထပ်မပြောချင်တော့တာ ကြောင့် နောက်ကနေလိုက်လာတော့ ခွန်းက လိုက်ပါလည်း မပြော၊ မလိုက်နဲ့လို့လည်း မတားဆီးပေ။ ထမင်းစားမယ်ဆို ပြန်သွားပြီးမှ မစားဘဲ ထွက်လာပုံထောက်တော့ ယုယ ဘာပြော လိုက်လို့ပါလိမ့်။

ကိုယ်ကလည်း… ဘိုးဘိုးနဲ့ စကားပြောနေတော့ သတိ မထားလိုက်မိပေ။ သြော်…တွေးမိပြီ။ စောစောက ယုယပြော လိုက်တဲ့စကားနဲ့ ဘိုးဘိုးပြောပြတဲ့စကား ဆက်စပ်ကြည့်လိုက်ရင် ယုယ သူ့အစ်ကိုကို သူတို့နဲ့အတူနေဖို့ ခေါ်ထားမယ့်အကြောင်း ပြောတာပဲ ဖြစ်ရမယ်။





“ကိုသရ”

“ဟင်”

“ယုယနဲ့ပတ်သက်လာရင် ကျွန်တော် အမြဲတမ်း အလျှော့ ပေး ခေါင်းညိတ်နေမိတာ ဝဋ်ကြွေးတစ်ခုလား မသိပါ ဘူးဗျာ။ အဲဒါ ဝဋ်ကြွေးဆိုရင် ကျွန်တော် မြန်မြန်ကျေ အောင် ဆပ်ချင်တယ်”

“ကိုယ်အသုံးမကျတိုင်း ကံကိုပုံချသလိုမျိုး မတွေးနဲ့ ခွန်း။ ဝဋ်ကြွေးဆိုရင်တောင် အဲဒီဝဋ်ကြွေးက မင်းကို ခိုင်းစေ နေတာမဟုတ်ဘူး။ မင်းက ဝဋ်ကြွေးရဲ့ရှေ့မှောက် ဒူး ထောက် အရှုံးပေးနေတာ”

ခွန်း ခေါင်းကိုမော့ပြီး ဆံပင်တွေကို လက်နှင့်ထိုးဖွလိုက် သည်။ ဒုက္ခဆိုတာ မသိ။ စိတ်ညစ်တယ်ဆိုတာ လိုတာမရရင် စိတ်ထင့်သွားတာကလွဲပြီး ဒီထက်ပိုမသိခဲ့တဲ့ ခွန်းပါ။ အခု စိတ်ညစ်တယ်ဆိုတာကို ထဲထဲဝင်ဝင်သိတော့ ဖေဖေ့လက်သည်းက ခွန်းမျက်နှာရှေ့မှာ တဝဲဝဲ ရှိနေသလိုပါပဲ။

“မိဘစေတနာကို နားမလည်ဘူး။ ဒင်းက အေကိုက်ပြီး အသေခံချင်တာ။ သွား…ငါ့စေတနာကို နားမလည်ရင် ထွက်သွား…ခလုတ်ထိမှတော့ အမိတပြီး ပြန်မလာနဲ့။ ဒီအိမ်မှာ နင့်အတွက် နေရာမရှိဘူး”

ဖေဖေပြောခဲ့တဲ့ ဒီစကားတွေကို ခွန်း မမေ့ပါဘူး။

“မင်း…ကာဆီးကာဆီး လုပ်မနေနဲ့။ တားမရတာကို



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်။ ဒီလောက်တောင် မိဘရင်ဝကို စုံကန်ချင်တာ သွားပစေ…ဒင်း ဒုက္ခလှလှကြီးကို တွေ့ဦးမှာ"

မိဘမျက်ရည်တစ်စက် သားသမီးဆင်းရဲတစ်သက်တဲ့။ အဲဒီတုန်းက မေမေ ငိုကျွန်ခဲ့မှာ အသေအချာပါပဲ။ မိဘကို စိတ်ဆင်းရဲအောင်လုပ်တဲ့သားသမီး ဒုက္ခရောက်မှာပဲလေ။ ဒီဒုက္ခတွေက ဒီထက်အရောင်ဘယ်လောက်ပိုရင့်ဦးမှာလဲ။

"မိဘကတော့ တစ်ဦးတည်းသောသမီးလေးမို့ ဘာမှမခိုင်းရက်ဘဲ ရွှေပေါ်မြတင်ထားခဲ့တာ။ အခုတော့ ဟိုမိန်းမလည်မ ခိုင်းသမျှ နင် လုပ်နေရပြီမို့လား။ မိဘရင်ဝကို ခြေစုံကန်ပြီး ထွက်သွားတာ နင် ဒီထက်ပိုပြီး ဒုက္ခရောက်ဦးမယ်…သိလား ခွန်းဆင့်ချို"

ဖေဖေ့စကားတွေက ခွန်းကို ကျိန်စာတိုက်ခဲ့သလိုပါပဲလား။

"ဟိုမှာ…ဟိုမှာ…သူပဲကွ"

"ဟုတ်လို့လား…သေချာရဲ့လားကွာ"

"သေချာပါတယ်ကွာ…သူမှသူပဲ။ မှားစရာကိုမရှိတာ"

"ဟုတ်တယ်ကွ…သူမှ သူ့အစစ်ပဲ"

အသံတွေနှင့်အတူ ကိုယ်တွေဆီကို ဦးတည်လာနေတာမို့ ကြည့်လိုက်တော့ မြင်ဖူးထားတဲ့သူပါနေသည်။ သူတို့ပုံစံတွေ ကြည့်ရတာ ခွန်းကို မြေလှန်ရှာနေသလိုပါပဲ။ ခွန်းရော သရုပါ ခြေလှမ်းတွေ ရပ်လိုက်ကြသည်။ ရန်ငြိုးရန်စဆိုတာ မလွယ်ပါလား။





ကိုယ်တွေက ပြီးပြီလို့ထားလိုက်ပေမယ့်…

သူတို့က မပြီးနိုင်ဘဲ အငြိုးထားကာ ရှေ့မှ ပိတ်ရပ်ထားကြပြီး ခွန်းနဲ့ ပြဿနာတက်ဖူးတဲ့ကောင်က စ၍…

"ပန်းကလေး"

"…………….."

"မင်းက ကျားအရေခြုံခြုံထားတဲ့ ပန်းကလေးဆိုတာ သိနေတော့ တစ်နေ့တစ်နေ့ မင်းကို မေ့လို့မရဘူးကွာ။ အဲဒါကြောင့် ငါ လိုက်ရှာနေတာကွ"

ခွန်း အောက်နှုတ်ခမ်းကို ဖိကိုက်မိလိုက်သည်။

"မင်းက ဟိုမရောက် ဒီမရောက်ပုံစံလေးနဲ့ကိုက အရမ်းချစ်ဖို့ကောင်းတာကွ…သိလား"

"ဒီမှာ ကိုယ့်လူ…မင်းတို့က ဘယ်သူတွေလဲ။ ကိုယ့်လမ်းကိုယ်သွားကြတာ ကောင်းလိမ့်မယ်နော်"

"ဟ…တို့လျှောက်တဲ့လမ်းက ဒီလမ်းလေ။ ဒီပန်းလေးကိုပဲ လိုက်ရှာနေတာ။ ကိုယ်နဲ့မဆိုင်ရင် အသာလေးနေစမ်းပါကွာ။ ဆိုင်တယ်ဆိုရင် ဘယ်လောက်ပေးရမလဲ…ပြော။ မင်း တောင်းသလောက် တို့…ပေးမယ်"

"တောက်…ကွာ"

"ခွပ်"

"အ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမသား"

"ဘုန်း"

"အ"

ခွပ်"

တမင်တကာ စော်ကားနေတဲ့စကားကို သည်းခံပြီး နားမထောင်နိုင်ဘူးလေ။ ကိုယ်တွေက သည်းခံပါရမီ အားကောင်းတဲ့သူ တော်စင်တွေမှ မဟုတ်တာ။ သိက္ခာကို စော်ကားလာပြီဆိုမှတော့ ခေါင်းငုံ့ခံနေရဦးမှာလား။ နဂိုကတည်းက မဟုတ်မခံတွေမို့…

ကိုယ်တွေဘက်ကပဲ ပွဲစလိုက်ပါပြီ။ နှစ်ယောက်နဲ့ လေးယောက်။

"ကဲ…ကွာ"

"ခွပ်"

"အား"

"ဟင်"

ခွန်း နောက်မှာလဲနေတဲ့သူက ထလာပြီး လက်ထဲမှာ ဓားရောင် လက်ကနဲမြင်လိုက်တော့ သရ ရင်ထဲမှာ ဓားရောင်နဲ့ အတူ မီးတောက်ကြီးတစ်ခုကိုပါ မြင်လိုက်ရသလိုပါ။

"ခွန်း"

"ကဲ"

"အား"





"ဟာ"

ခွန်းကို တွန်းပစ်ပြီး သရ ကာကွယ်လိုက်ပေမယ့် ဓားက သရလက်မောင်းကို ရှပ်ထိသွားလေသည်။

"ဟေ့ကောင်တွေ…အဲဒါ ဘာဖြစ်နေကြတာလဲ"

"ဟာ…ဟိုကောင် ဓားထိသွားပြီ။ ဟေ့ကောင်တွေ မပြေးနဲ့"

ပတ်ဝန်းကျင်ကလူတွေ မြင်သွားပြီး ဝိုင်းလာကြသဖြင့် ဟိုကောင်တွေလည်း ထွက်ပြေးကုန်ကြလေသည်။ သရ လက်မောင်းကို ဖိထားရင်းမှ သွေးတွေက ကျလာလေတော့…

"ဟာ…သွေးတွေ တော်တော်ထွက်နေတာပဲ။ ညီလေး မင်း ဆေးခန်းသွားမှဖြစ်မယ်။ အစ်ကိုတို့ လိုက်ပို့မယ်…လာ"

"ကိုသရ"

သရ လက်ကာပြလေသဖြင့် ခွန်း ဘာမှဆက်မပြောတော့ဘဲ ပတ်ဝန်းကျင်ကလူတွေနှင့်အတူ သရကို ဆေးခန်းလိုက်ပို့ရလေတော့သည်။

သူသာ မကာကွယ်ရင်…

အခုချိန်မှာ ခွန်း သေမလား…ဆေးရုံရောက်မလား။ တစ်ခုခုတော့ တစ်ခုခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၀)

သရ လက်မောင်းမှာ ဓားဒဏ်ရာရှိနေတော့ သူ့ဝေယျာဝစ္စတွေအားလုံး ခွန်း လုပ်ပေးရတော့သည်သာ။ ထိတာက ညာလက်မို့ ထမင်းကစ ခွံ့ကျွေးရတာလေ။ ယုယက သူမ လုပ်ပေးမယ် ဆိုပေမယ့် သရက လက်မခံ။ ဒါကို ယုယက မကျေနပ်ဘူးလေ။

သူ လုပ်ကိုင်ပေးတာကိုကျေငြင်းပြီး…

ခွန်း လုပ်ပေးမှဆိုတော့ သူက ခွန်းကို ကြိုက်နေလားမှ မသိတာတဲ့။ ဒါကြောင့် ဒီမနက် ခွန်းနဲ့ စကားများပြီး ထွက်သွားပြီလေ။ သူ့အစ်ကိုဆိုလား ခေါ်ရအောင်တဲ့။ ခွန်းလည်း မတားတော့ပါဘူး။ မီးစင်ကြည့်ကရုံပဲ ရှိတော့တာပေါ့။

"ခွန်း"

"………"





"ဟိုကောင်ရောက်လာရင် ငါ့အခန်းမှာ လာမအိပ်နိုင်းနဲ့နော်…ငါ လက်မခံဘူး"

"ခင်ဗျားကလည်း ကျောချစရာ တစ်နေရာလေး ပေးရတာကို ကြီးကျယ်နေလိုက်တာ။ ရပါတယ်…ကိုယ့်အခန်းမှာပဲ အတူတူအိပ်ကြတာပေါ့"

"ဟာ…မင်းက သူနဲ့ အတူတူအိပ်မလို့လား။ အဲလိုဆို သူနဲ့တော့ အတူတူမအိပ်နဲ့။ မင်း ငါနဲ့ အတူတူလာအိပ်"

"ဘာဗျ"

"ဟာ…ဟော့"

ခွန်း လက်သီးနှင့်ထိုးဖို့ရွယ်လေတော့ သရ ပျာပျာသလဲနှင့် အော်လေတော့သည်။

"ငါက မင်းအတွက် စိုးရိမ်လို့ပြောတာကွ။ ဟိုကောင်က ဘာမှန်းမသိ ညာမှန်းမသိ။ အကျင့်စာရိတ္တ ကောင်းမယ်လို့ မင်း ပြောနိုင်လား"

"ဟင်"

ခွန်း…သရကို ခပ်တွေတွေ ကြည့်လိုက်မိသည်။ ဒီစကားကိုပြောတာ ခွန်းကို မိန်းကလေးအဖြစ်နဲ့ တွေးကြည့်ပြီး ပြောတာပေါ့။ ခွန်း မျက်နှာလေးပေါ်မှာ ရှက်ရိပ်ဖြာသွားလေသည်။ ဒါပေါ့လေ…ဟိုလူတွေတောင် ခွန်းကို မိန်းကလေးမှန်းသိတယ်ဆိုတော့…

ကိုသရက…



www.burmeseclassic.com

www.burmeseclassic.com



ခွန်းနဲ့ အတူသွား၊ အတူလာနေတဲ့သူ။ မသိဘဲနေပါ့မလား။

"ဒီမှာဆိုတော့ မင်းက အခန်းထဲဝင်အိပ်။ ငါက အပြင်မှာ အိပ်မယ်။ မင်းဘာသာမင်း တံခါးပိတ်အိပ်ပေါ့ကွ"

"တော်တော့ . . . မပြောနဲ့ဗျာ"

"မပြောလို့မရလို့ ပြောနေရတာပေါ့ကွ။ ဒီကိစ္စကို မင်းပေါ့သေးသေးများထင်နေလား"

သက်ပြင်းချပြီး ခွန်း ငြိမ်နေလိုက်တော့သည်။ ကိုယ့်အတွက် တွေးပေးတာဆိုတော့ ထော်လော်ကန့်လန့်လည်း မပြောချင်ပါဘူး။

"ခွန်း"

". . . . . . . . . . . ."

"မင်း . . . အခုထိ ယုယကို သံယောဇဉ် တွယ်နေတုန်းပဲလား"

"ဘာဖြစ်လို့မေးတာလဲ"

"အမှန်တရားကို မင်း လက်ခံသင့်နေပြီ ခွန်း . . . အခုလိုမျိုးနေတာ မင်းအတွက် အရမ်းအန္တရာယ်များတယ်။ အခုဆို မင်းကို ကျားချောင်းချောင်းနေတဲ့ကောင်တွေ"

"ခင်ဗျားကရော"

"ဟင် . . . ဘာလဲ"

"အဲဒီအထဲမှာပါလား"

ခွန်း ဝေ့ဝိုက်မနေဘဲ တည့်တည့်ပဲမေးလိုက်တော့ ပထမ





သရ အံ့သြသွားရသည်။ နောက်တော့ . . .

"ငါက မင်းကို ကျားချောင်းမချောင်းဘူး။ တင့်ကောင်းတင့်တယ်နဲ့ လက်ထပ်ယူချင်တာ။ မင်းကို ပြောပြီးသားပဲ . . . ချစ်တယ်လို့"

"ခင်ဗျား"

ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်တာကြောင့် ခွန်း နှာသီးများလေး ရဲရဲပွပွလေး ဖြစ်လာလေသည်။

"ငါ အစကတည်းက မင်းကို မိန်းကလေးမှန်းသိတာပဲ ဥစ္စာ . . . အဲဒါကြောင့်"

"တော်တော့ဗျာ . . . စေတနာနဲ့ လာလုပ်ပေးနေတာကို အခွင့်ကောင်းယူတဲ့သူ . . . ကဲ"

"ဝုန်း"

"အား"

ခွန်း ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်နှင့် သရ ထိုင်နေတာကို အားကုန်ဆောင့်တွန်းပစ်ခဲ့ပြီး ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၁)

"လာ…ကိုဇော်"

ယုယ ပြန်လာပါပြီ။ သူ့အမျိုးဆိုတဲ့လူ ပါလာပြီလေ။ ခွန်းကိုယ့်အထာနှင့်ကိုယ် ခပ်တည်တည်ပဲနေလိုက်၏။ ဂျာနယ်တစ်စောင်ကို ဖက်သာနေတာ ဘယ်တုန်းကထုတ်တဲ့ ဂျာနယ်မှန်း မသိအောင် ဟောင်းနွမ်းနေပြီလေ။ စကားမပြောချင်လို့ တွေ့ရာကောက်ဖတ်လိုက်တာ။ စိတ်ပါဝင်စားလို့မှ မဟုတ်ဘဲ။

"ခွန်း"

"…………….."

"ခွန်း"

"………………."

"ယုယ ခေါ်နေတယ်လေ ခွန်းရဲ့"





ယုယက ပြောရင်း မျက်နှာရှေ့က ဂျာနယ်ကို ဆွဲဖယ်လိုက်မှ…

"ဘာလဲ…ပြောစရာရှိရင်ပြော"

"ကိုဇော်နဲ့ခွန်းကို မိတ်ဆက်ပေးမလို့ပါ ခွန်းရဲ့…တစ်အိမ်တည်းမှာ အတူတူနေကြမှာဆိုတော့လေ။ ကိုသရန်နဲ့လည်း ပြီးရင် မိတ်ဆက်ပေးရဦးမယ်"

ပြောပြီး နောက်ကလူကို ပြန်လှည့်ကြည့်ကာ…

"ကိုဇော်"

"ဟင်"

"ခွန်းဆိုတာ သူပဲ ကိုဇော်…ခွန်းလည်း မှတ်ထားနော်။ သူက ကိုဇော်မိုးဝေတဲ့"

မကောင်းတတ်လို့ ခွန်း ခေါင်းညိတ်ပြီးအကြည့်မှာ ထိုလူက ခွန်းကို ကြည့်နေတာ စူးစူးစိုက်စိုက်ပါ။ တစ်ကိုယ်လုံးကို ပိုက်စိပ်တိုက်အကြည့်မျိုးနဲ့ ရုပ်က ပြိတ်တီ။ ခွန်းစိတ်ထဲမှာ ကျောပင်စိမ့်သွားသလိုပါပဲ။

"တွေ့ရတာ ဝမ်းသာပါတယ် ခွန်း… ကျန်တာတော့ ထွေထွေထူးထူး မပြောတော့ပါဘူး။ အတူတူနေကြရမှာဆိုတော့လေ"

"ခင်ဗျား ဒီမှာ ဘယ်လောက်ကြာကြာနေမှာလဲ"

ပြောစရာရှိရင် မျိုးသိပ်မထားတတ်သူပီပီ ခွန်း ပွင့်ပွင့်လင်းလင်းပဲ မေးပစ်လိုက်သည်။ ယုယ မျက်နှာပျက်သွားပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ခွန်းကလည်း"

"ကိုယ်က ပွင့်လင်းတတ်တာ ယုယ သိပါတယ်"

"ရပါတယ် ယုယ…မေးပါစေ။ ဘယ်လောက်ကြာကြာ နေမှာလဲဆိုတော့ အတိအကျတော့ ပြောလို့မရဘူး ခွန်းရဲ့။ အလုပ်ကိစ္စ အဆင်မပြေမချင်းပေါ့"

"ခင်ဗျား အလုပ်မရွေးဘူးဆိုရင်တော့ မြန်မြန်အဆင်ပြေမှာပါ"

"ယုယ"

"ရှင်"

"ခွန်းက ငါ့ကို သိပ်ကြည်ပုံမရဘူးဟ…နင်နဲ့ငါ ပြောထားတဲ့ကိစ္စ မြန်မြန်အဆင်ပြေမှပဲ ဖြစ်တော့မယ်"

"အဲဒါ…ကိုဇော်ရဲ့ ကြိုးစားမှုအပေါ်မှာ မူတည်တယ်လေ ကိုဇော်ရဲ့"

"အေးပါ…ဒီဇာတ်လမ်းမှာ နင်က ဒါရိုက်တာပဲဟာ။ နင့်ရဲ့အလှည့်အပြောင်းလေးတွေလှရင် အဆင်ပြေမှာပေါ့"

သူတို့ ဘာတွေပြောနေကြတယ်ဆိုတာကို ခွန်း နားမလည်ပေ။ သူတို့စကားတွေက သမားရိုးကျမှ မဟုတ်တာ။ ဘာတွေလျှို့ဝှက်နေကြတာလဲ။ ကိုသရက သတိပေးထားလို့ပဲ ကိုယ့်စိတ်က သံသယဝင်မိတာလား။

"ကဲပါ…ကိုဇော်နဲ့ခွန်း စကားပြောကြဦးနော်။ ယုယ လုပ်စရာရှိတာလေးတွေ သွားလုပ်လိုက်ဦးမယ်"





ပြောပြီး ယုယ ထွက်သွားလေတော့…

"ခွန်း"

"…………"

"မင်းက တော်တော်ချောတဲ့ကောင်ပဲကွ…ယုယ စွဲလမ်းမယ်ဆိုလည်း စွဲလမ်းစရာပါ။ ချောတာမှ မိန်းကလေး တစ်ယောက်လိုကို ချောတာ"

ပြောရင်း ခွန်းပေါင်ပေါ်ကို သူက လက်လာတင်လေတော့

"ခင်ဗျား ဘာလုပ်တာလဲဗျ"

"ဟာ"

ပြောပြောဆိုဆိုနှင့် ခွန်း…ဇော်မိုးဝေလက်ကို ရိုက်ထုတ်ပစ်လိုက်သည်။ ဒါ ခွန်းကို တမင်သက်သက်ရိတာ။ ယုယက ပြောထားချင်ပြောထားမှာပေါ့။ ခွန်းက တကယ်ယောကျ်ားလေး မဟုတ်ဘူးဆိုတဲ့အကြောင်းကိုလေ။ ဒါကြောင့် ရိသ့ဲသဲ့ လုပ်နေသလားမှမသိတာ။

ဒီအတိုင်းဆိုရင်…

ခွန်း တစ်ခုခုတော့ လုပ်မှဖြစ်မှာပါ။ ကိုယ့်လုံခြုံရေးအတွက် ဘာလုပ်သင့်သလဲ။ အိမ်ပြန်ရင်လည်း ဖေဖေက လက်ခံပါ့မလား။

"မင်းကလည်း ဘာဖြစ်တာလဲကွ…ယောကျ်ားချင်း ကိုင်တာကို"

"ကျွတ်"

"ခွန်း"



www.burmeseclassic.com

www.burmeseclassic.com



"..........."

"ခွန်း"

"ဟင်"

တစ်ဖက်အခန်းကနေ သရ လှမ်းခေါ်တာမို့…

"ဗျာ"

"ခဏလာပါဦးကွ…ဒီမှာ ဒဏ်ရာက ဆေးထည့်ရဦးမှာ။ ငါ့ဘာသာထည့်လို့ မရဘူး"

"လာပြီ…လာပြီ"

ခွန်း ချက်ချင်းပဲ ထသွားလိုက်သည်။ ဒါ သူ့အတွက် ထွက်ပေါက်ပဲလေ။ ကိုသရကို သူ ဆေးထည့်ပေးပြီးသားပါ။ တမင် ခွန်းကို ထွက်ပေါက်ဖန်ပေးတယ်ဆိုတာ သိလိုက်ပြီး စိတ်ထဲကနေ ကျေးဇူးတင်လိုက်တာ။

"ဘယ်လိုလဲ…အခြေအနေ"

ခွန်းရောက်တာနှင့် သရက ဆီးမေးလေသည်။ ခွန်း သက်ပြင်းချလိုက်ပြီး…

"မလွယ်တာတော့ အမှန်ပဲ…ဒီလိုလုပ်ဗျာ"

"ဘယ်လိုလဲ"

"အဲဒီလူကို ခင်ဗျားအခန်းမှာ လာအိပ်ခိုင်းလိုက်"

အသံခပ်အုပ်အုပ်နှင့် ခွန်း ပြောလေတော့ သရ ခွန်းနားရွက်ကို ဆွဲလိမ်လိုက်ကာ…

"တော်း…ငါက သူ့ကို မျက်လုံးဒေါက်ထောက်ပြီး စောင့်





ကြည့်မနေနိုင်ဘူးကွ။ ငါ အိပ်ပျော်နေတုန်း သူ ထသွားရင် ငါ ဘာမှ သိမှာမဟုတ်ဘူး။ မင်းက အပြင်ခန်းမှာ အိပ်မှာလေ။ နှစ်ခန်းကြားကအပေါက်ကို ဘာနဲ့ပိတ်ရမလဲ…ပြော"

ခွန်း ခေါင်းသာကုတ်လိုက်မိတော့သည်။ သူ့အခန်း၊ ကိုယ့်အခန်း တံခါးပေါက်တွေကို ပိတ်လို့ရပေမယ့် ဟိုဘက်အခန်းနဲ့ ဒီဘက်အခန်းကို ကူးလို့ရအောင် လူတစ်ကိုယ်ဝင်သာအောင် ဖောက်ထားတဲ့အပေါက်မှာ တံခါးမရှိပေ။ ဒီအပေါက်ကို ဖောက်ခဲ့တာလည်း သိပ်မကြာသေးပေ။ ကိုသရအတွက်ပါ ထမင်းဟင်း ပို့ချက်ရပြီးမှပေါ့။ လွယ်လွယ်ကူကူ သွားလို့လာလို့ရအောင် ဖောက်ထားတာ။

ကိုသရက…

အပြင်သွားရင် အိမ်ဝတံခါးကို ပိတ်ခဲ့တော့ ဒီဘက်က ဝင်လို့ရအောင် လုပ်ခဲ့တာ။ ဒါလည်း ယုယပဲ လုပ်ခိုင်းခဲ့တာ။ အခုကျမှ ပြန်ပိတ်လို့လည်းမကောင်း။

"မသိတော့ဘူးဗျာ… ကျွန်တော်တော့ စိတ်ညစ်တာပဲ သိတယ်"

"အဲဒါပဲ…ခွန်း"

"ဘာလဲဗျ"

"မင်း…အမှန်တရားကို လက်ခံပြီး အိမ်ပြန်သင့်ပြီ။ မဟုတ်ရင် မင်းအတွက် အန္တရာယ်များတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ…ဒီစကား"

"ဟ…မပြောမဖြစ်လို့ ပြောနေရတာလေ။ ဒါမှမဟုတ် မင်း ငါနဲ့ လက်ထပ်မထား…ပြော"

"ခွပ်"

"အား"

ခွန်း…သရ မေးရိုးကို လက်သီးနဲ့ထိုးလိုက်တော့ သရ မျက်နှာ ရှုံ့မဲ့သွားလေသည်။ ဘေးလူမကြားအောင်ထိုးတာဆိုတော့ ခံရတာ မနာမကျင်။ သရက လက်မှာဒဏ်ရာနဲ့ဆိုတော့ မလုပ်လေတန်ဘူးထင်ပြီး မကာကွယ်မိတာပါ။

"မင်း…ငါ့ကို နှိပ်စက်တာများနေပြီ"

"ဘာဖြစ်လဲ"

"ငါပြန်လုပ်ရင် မင်း အဆိုးမဆိုနဲ့"

"ဘာလုပ်မှာလဲ…လုပ်လေ"

"ကဲ"

"ဟာ"

ခွန်း မထိမဲ့မြင်ပုံစံနှင့် ပါးကို စောင်းငဲ့ပေးလိုက်တော့ သရ ကောင်းတဲ့လက်တစ်ဖက်နှင့် ခွန်းကို ဖက်နမ်းပစ်လိုက်တာ ဖြစ်သည်။

"ကဲ"

"ခင်ဗျား"

"မင်း…ဘာတတ်နိုင်သေးလဲ"





"တောက်"

ပါးပြင်ကို ပွတ်ရင်း ခွန်း အောင့်သက်သက်နှင့် ငြိမ်နေလိုက်ရတော့သည်။ ဆူဆူညံညံလုပ်ရင်လည်း ဟိုလူတွေ သိဦးမှာ။ အခုမှ ခွန်းမှာ ဆူးနှစ်ဖက်ကြားပေါက်သည့် ဖူးသီးလိုပါပဲ။

"ငါက အဲဒါပါပဲ။ မင်း မကြည်ဖြူဘဲနဲ့ ဒီထက်တိုးပြီး ဘာအခွင့်အရေးမှ မယူဘူး။ ဟိုကောင်ကြီးကိုသာ သတိထား"

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ရမလဲ"

"ဘာလုပ်ရမလဲဆိုတော့"

သရ မေးစေ့ကို လက်ညှိုးနှင့်ကုတ်ပြီး စဉ်းစားကာ…

"ဒီလိုလုပ်…"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

ခွန်း အိမ်ကထွက်လာပြီးကတည်းက ဖုန်းကို ဆင်းကတ် အသစ်လဲပြီး သုံးနေခဲ့တာပါ။ ဖေဖေကတော့ ကိုယ့်ဖုန်းကို ခေါ်မှာမဟုတ်ဘူးဆိုတာ သိပြီးသားပါ။ မေမေကတော့ မခေါ်ဘဲ မနေပါဘူး။ ခေါ်ရင် ငိုကာရယ်ကာနဲ့ အိမ်ပြန်ခေါ်မှာစိုးလို့လေ။ အခုကျတော့ မေမေ့ကို သတိရလိုက်တာ။

ကိုယ်ကစပြီး ဖုန်းဆက်ဖို့ကျတော့ မဆက်ချင်။ ဒါကြောင့် ခွန်း ဖုန်းထဲကို အရင်ကသုံးခဲ့တဲ့ ဆင်းကတ်ကလေး ပြန်ထည့်နေစဉ်…

"ခွန်း"

နောက်ကနေ ခါးကိုဖက်ပြီး ခေါ်လိုက်တာကြောင့် လှုပ်ရှားနေတဲ့လက်တွေ ငြိမ်သက်သွားလေသည်။





"ယုယကို အရင်လို ချစ်သေးရဲ့လား…ဟင်"

ခွန်း ဒီအဖြေကို မဖြေချင်တော့ပါဘူး။ စိတ်ကုန်တယ်ဆိုတာထက် အဲဒီအချစ်ဆိုတာကို စိတ်နာတာ။ တောင်မရောက်မြောက်မရောက်အချစ်နဲ့ ကိုယ်က အသုံးချခံဖြစ်နေပြီလားလို့လေ။

"ယုယမေးတာ ဖြေလေ ခွန်းရဲ့…ယုယကို ချစ်သေးရဲ့လားလို့။ ဘာလဲ…ယုယကို စိတ်ကောက်နေတာလား"

ဘာမှပြန်မဖြေဘဲ ခွန်း ဖုန်းကိုသာ ပြီးစီးအောင်လုပ်ပြီး စားပွဲပေါ်သို့ လှမ်းတင်လိုက်သည်တွင်…

"ခွန်း"

"ပြောပါ…ယုယ ဘာလိုချင်လဲ…ဘာဖြစ်ချင်လဲ"

"ခွန်း…ယုယအပေါ် ဆက်ဆံတာ အရင်လိုမဟုတ်တော့ဘူးနော်။ ဘာလဲ…ကိုသရကို ခွန်းက"

"ယုယ"

ခွန်း…ယုယလက်ကို ဖယ်ပြီး မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"မဆိုင်တာတွေကို မပြောနဲ့ ယုယ…မင်းနဲ့ပတ်သက်ပြီး ကိုယ်ဘယ်လောက် ပေးဆပ်ခဲ့ပြီးပြီလဲ။ ကိုယ် အသုံးမကျတာကို ဝင်ကြွေးလို့လည်း မသတ်မှတ်ချင်ဘူး။ ပြောပါ…မင်း ဘာဖြစ်ချင်လဲ၊ ကိုယ် ဘာတွေထပ်ပြီး ပေးဆပ်ရမလဲ"

"ခွန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



ယုယ စိတ်မကောင်းသလို ညည်းရင်း ခွန်း ခါးကို ဖက်လိုက်ကာ…

"ယုယ…ခွန်းကို တကယ်ချစ်တာပါ။ အဲဒါကြောင့် ခွန်းကို စိတ်မချဘူး…သိလား။ ခွန်း စိတ်ပြောင်းသွားမှာ အရမ်းစိုးရိမ်တာပဲ။ ခွန်း ထားခဲ့မှာကြောက်တယ်။ အဲဒါကြောင့်လေ…စိတ်ချရအောင်လို့"

စကားကို ဖြတ်ထားပြီး ကိုယ်ချင်းခွာလိုက်ကာ ခွန်းကို ကြည့်နေတဲ့ မျက်လုံးထဲမှာ တကယ်ပဲ အချစ်တွေ ပျော်ဝင်ရှုန်းလို့ နေသလိုပါ။

"ခွန်း"

"…………"

"ခွန်းရဲ့ကားကို ရောင်းလိုက်ပါလားဟင်…ပြီးရင် ခွန်းနဲ့ ယုယ အဲဒီငွေနဲ့ လုပ်ငန်းတစ်ခု တည်ထောင်ကြတာပေါ့။ အိုစာမင်းစာအတွက် ကြိုပြီးရှာထားရမယ်လေ… မဟုတ်ဘူးလား"

"ဟင်"

ဖုန်းက အသံမြည်လာလေသဖြင့် ခွန်းမျက်နှာလေး ပြုံးသွားလေသည်။ ဖုန်းကို ကောက်ကိုင်ပြီး နံပါတ်ကို ကြည့်လိုက်တော့ ထင်တဲ့အတိုင်းပါပဲ။ စိတ်မကောင်းဖြစ်သွားရပြန်သည်။ ဒီလိုပဲ မရမှန်းသိသိနဲ့ နေ့တိုင်းများ ခေါ်ကြည့်နေသလား မေမေရယ်။

"ဟယ်လို"





ခပ်တိုးတိုးလေး ဟယ်လိုလုပ်လိုက်တော့ မေမေ့ဘက်က အားတက်သရော အသံနှင့်ပါ။

"သား…အဲ…ခွန်း မေမေ ခွန်းဖုန်းကို နေ့တိုင်း ခေါ်ကြည့်နေတာ ခွန်းရဲ့။ ဒီနေ့လည်း အလွမ်းပြေသာ ခေါ်ကြည့်တာ။ စက်ပိတ်ထားတယ်လို့ ဖြေမယ်ထင်တာ။ အခု ဖုန်းဝင်သွားတော့ မေမေ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့"

"မေမေ"

"ခွန်း…အိမ်ကို ပြန်မလာသေးဘူးလား ခွန်းရယ်… မေမေ အရမ်းလွမ်းနေပြီ…သိလား"

ပြောပြီး မေမေက ငိုတော့ ခွန်းလည်း မျက်ရည်ဝဲရပါပြီ။ အနားမှာ ယုယရှိနေတာမို့ ရှည်ရှည်ဝေးဝေးလည်း ပြောမနေချင်တော့ပါဘူး။ ဒါကြောင့် နေကောင်းကြလား၊ ဘာလားလောက်သာ လိုရင်းကိုမေးပြီး မေမေ့ကို နောက်မှပြန်ဆက်မယ်ပြော၍ ခွန်း ဖုန်းချပစ်လိုက်တော့သည်။

"ခွန်း…ယုယ ပြောတာကို ဘယ်လိုသဘောရလဲဟင်"

ယုယကလည်း လိုရင်းကိုသာ မေးနေသဖြင့်…

"မင်းသဘောပါ…မင်းစိတ်တိုင်းကျလုပ်ပါ ယုယ"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၃)

သရအဖြစ်ကလည်း ညကိုနေ့လုပ်၊ နေ့ကို ညလုပ်ပြီး အိပ်နေရတဲ့ဘဝပါ။ ယုယက သူ့ညွှေ့သည်ကို ကိုသရအခန်းမှာ သိပ်ပါရစေတဲ့။ ခွန်းကိုငှဲပြီး ငြင်းလို့မဖြစ်ဘူးလေ။ ဒါကြောင့် ခွန်းရဲ့လုံခြုံရေးအတွက် ညဘက်ကျတော့ မအိပ်ဘဲ facebook ထိုင်သုံး။

နေ့ဘက်ကျမှ အိပ်ရသည့်အဖြစ်ပါ။

အခု သရလည်း Taxi မမောင်းရတော့သလို ခွန်းလည်း အလုပ်မဆင်းရပေ။ ကားက ယုယတို့ နေ့စဉ် ယူမောင်းပြီး အပြင်ထွက်နေလို့လေ။ ဒီတော့ သရလည်း ဒဏ်ရာမပျောက်သေးချင်ယောင်ဆောင်ပြီး ခွန်းကို အလုပ်မဆင်းခိုင်းတာပါ။ ခွန်းကြောင့်ရတဲ့ဒဏ်ရာဆိုပြီး ခွန်းကို မခိုင်းချင်ဘဲ ဟိုဟာခိုင်း ဒီဟာခိုင်းနဲ့ အကြောင်းပြနေရတာပဲလေ။





"ကိုသရ"

ဇော်မိုးဝေခေါ်တာမို့ သရ လှည့်ကြည့်လိုက်သည်။

"ညဉ့်နက်နေပြီ...မအိပ်သေးဘူးလားဗျ"

"မအိပ်သေးပါဘူး...မျက်လုံးက အကျင့်ပါနေပြီဗျ။ ပြီးတော့ Facebook ကလည်း ဘိန်းထက်ဆိုးတယ်။ ကိုယ့်လိုလူမျိုးတွေ အများသားပဲ။ လိုင်းပေါ်မှာခင်ပြီး ရယ်စရာတွေပြောကြ၊ ဘာရယ်မဟုတ်ပေမယ့် အဲဒါကိုပဲ ပျော်နေမိတာ"

မှုသားမပါ လက်ာမချောတဲ့။ တကယ်တော့ သရ Facebook ကို အဲဒီလောက်ကြီး မသုံးချင်ပါဘူး။ အပျင်းပြေ ...ထားပြောရအောင်ဆိုပြီး ကိုယ်ကပဲစဟိုင်းဟိုင်း၊ သူများကပဲ ...ဟိုင်းဟိုင်း ပြောရမေးရတာက မေးခွန်းဖြေဖို့။ မေးဖို့ အလွတ် ...ကျက်ထားသလို ဒါပါပဲ။ တက်လာတဲ့ post တွေ ကြည့်လိုက်။

ကဗျာတွေ၊ စာတွေဖတ်ရတာ ကောင်းသလောက်... စမ်း ...လား...သားရှလားဆိုတာတွေက စိတ်ပျက်စရာပါ။ ဝါသနာ ...ပါလို့ တင်ကြတာပေမယ့် အချို့က ကိုးရိုးကားရားတွေလေ။

"သုံးတော့လည်း သုံးပေါ့ဗျာ...ကျွန်တော်က ဆရာလုပ်တာမဟုတ်ဘူးနော်။ ဖြစ်နိုင်ရင် လျှော့သုံးပါ ကိုသရ... အိပ်ရေးပျက်ပြီး ကျန်းမာရေးထိခိုက်မှာစိုးလို့ ပြောတာပါ။ ပြီးတော့ မျက်စိကိုလည်း ထိခိုက်မယ်"

"ခုလို စေတနာနဲ့ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်မိုးဝေ"

"ရပါတယ်ဗျာ...အချင်းချင်းတွေပဲဟာ"

သရ နှုတ်ခမ်းကို မသိမသာ မဲ့ပစ်လိုက်မိသည်။ သုံးချင်လုလို့ သုံးနေရတာမှ မဟုတ်ဘဲလေ။ ဒင်းကြောင့်...ဒင်းကို စိတ်မချလို့ ဝင်္ကြီးဝင်္ငယ်ခံနေရတာ။

"ကိုသရ...ကော်ဖီသောက်မလား။ ကျွန်တော် သွားဖျော်ပေးမယ်။ ကျွန်တော်လည်း ဒီညမှ ဘာဖြစ်နေတယ်မသိဘူး။ အိပ်မပျော်လို့ဗျ။ အဲဒါ ကော်ဖီဖျော်သောက်ရင်ကောင်းမလားလို့ စဉ်းစားနေတာ"

ဘာဖြစ်ရမှာလဲ။ နှာဘူးရောဂါ ထနေတာလေ။ မသိရင်ခက်မယ်။

"ကျွန်တော် ကော်ဖီသွားဖျော်လိုက်ဦးမယ်နော် ကိုသရ"

"ခင်ဗျား သောက်ချင်ရင် သွားဖျော်လေ။ ကျွန်တော့်အတွက်တော့ မဖျော်ပါနဲ့။ ကျွန်တော် မသောက်ချင်လို့ပါ"

ဇော်မိုးဝေ ခေါင်းကုတ်ရမလို၊ လည်ပင်းပွတ်ရမလိုနှင့် ကိုယ့်အကြံအစည်တွေ အကောင်အထည်မပေါ်တော့ စိတ်ကြီးအီးပါပါ။ ဒီလူ့မျက်လုံးကိုပဲ တတ်နိုင်ပါ့။ ဖုန်းကို ဒီလောက်ကြည့်နေတာတောင် ဘာမှမဖြစ်ဘူး။ ကိုယ်ဆို အဲဒီလောက်ကြည့်ရင် မျက်လုံးတွေ အောင့်လာရောလေ။

"ခင်ဗျား မသောက်ရင်တော့ မဖျော်တော့ဘူးဗျာ။ အိပ်





တော့မယ်"

"စောစောအိပ်တော့ အိပ်ရေးဝတာပေါ့ဗျာ...အိပ်ပါ"

ဒီည သတိဝီရိယနဲ့နေမှဆိုပြီး သရ...ခွန်းဖုန်းကိုလည်း ကော်ဆော့ချ်တစ်စောင် ပို့လိုက်သည်။ သတိဝီရိယနဲ့ အိပ်ဖို့မှာတာလေ။

ဒီလိုနဲ့...

ငုတ်တုတ်မိုးလင်းခဲ့ပြီး သူများတွေနိုးချိန် ကိုယ်အိပ်လိုက်ချိန်မှာတော့...

"ကိုသရ...ကိုသရ"

"........."

"ကိုသရ ထပါဦး"

"............"

"ကိုသရ"

"အင်...ဟင်"

သရ အတင်းလူးလဲထလိုက်တော့ သူ့ကိုနှိုးတာ ယုယပါ။ ကိုယ်ကတော့ ခွန်းနှိုးတာမှတ်လို့ လူးလဲထလိုက်တာ။

"ယုယ"

"အင်း...ဟုတ်တယ်လေ။ အိပ်ပုပ်ကလည်း ကြီးလိုက်တာ။ ယုယ အပြင်သွားစရာရှိလို့...အဲဒါ ကိုသရကို လိုက်ပို့နိုင်းမလို့ ကိုသရရဲ့"

"ဟင်...ကိုဇော်မိုးဝေကရော ဘယ်သွားလို့လဲ။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပို့နိုင်းလေ”

“မနက်မိုးလင်းကတည်းက ခွန်းနဲ့ အတူတူ အပြင်ထွက်သွားကြတယ်လေ… လက်ဖက်ရည်ဆိုင်သွားတာထင်တယ်”

“ကျွတ်”

သေသေချာချာ မှာထားရဲ့သားနဲ့။ ခွန်း ဒီလူနဲ့ ဘာလို့ရောနေတာလဲ။

“ကိုသရ”

“ဟင်”

“ယုယ မလှဘူးလားဟင်”

ရင်ကိုကော့ပြီး ခါးပေါ်လက်ထောက်မေးလေတော့ သရအကြည့် လွှဲပစ်လိုက်ရသည်။

“ကြည့်ပါ ကိုသရရဲ့…ရဲရဲကြည့်စမ်းပါ။ ယုယ ဘယ်လောက်လှလဲလို့လေ…ကြည့်စမ်းပါ”

ယုယက သူ့မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် ညှပ်ကိုင်ပြီးကြည့်နိုင်းလေတော့…

“လှ…လှပါတယ်”

“လှတယ်ဆိုပြီး ကိုသရ ယုယကို ဘာလို့ မချစ်တာလဲဟင်”

“…………….”

“ယုယကတော့ ကိုသရကို ချစ်တယ်။ အရမ်းချစ်တယ်..





သိလား”

“ဟာ”

ယုယက အတင်းဖက်တွယ်ထားလေတော့ သရ ခြေကားယား၊ လက်ကားယားနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိပေ။ ပြန်လည်းမဖက်။ ယုယကို တွန်းဖယ်ပစ်ပေမယ့် ယုယကလည်း အတင်းဖက်တွယ်ပြီး တွန်းလိုက်တော့ နှစ်ယောက်စလုံး အိပ်ရာထဲမှာ လုံးထွေးသွားလေတော့သည်။

“ယုယ…ဖယ်စမ်း”

“ဘာဖြစ်နေတာလဲ ကိုသရရဲ့…အိမ်မှာ ဘယ်သူမှ မရှိပါဘူး”

“ယုယ…မင်း”

“ဟော့…အဲဒါ ဘယ်လိုဖြစ်နေကြတာလဲ”

“ဟင်”

သရ…ယုယကို အတင်းတွန်းပစ်လိုက်ပြီး အသံရှင်ကိုကြည့်လိုက်တော့ ဇော်မိုးဝေနှင့်ခွန်းပါ။ နှစ်ယောက်စလုံးက သူ့ကိုကြည့်နေတာ ရှုးရှုးရဲရဲပါပဲ။ ဘယ်လိုဖြေရှင်းရမလဲ။ ဖြေရှင်းလို့ရပါ့မလား။

“ကိုဇော်…ခွန်း…အဟင့်…ဟင့်”

“သရ…လူယုတ်မာ…ငါက မင်းကို လူကြီးလူကောင်းဆန်လိမ့်မယ်လို့ အထင်ကြီးလေးစားနေမိတာ။ လက်စသတ်တော့ မင်းက ကြောင်သူတော်ကြွက်သူခိုးပဲကွ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး…ခင်ဗျား ကျွန်တော့်ကို မစွပ်စွဲနဲ့။ ရောက်နေတဲ့နေရာကိုကြည့်"

"မင်း ကြောင်လိမ်ကြောင်စားမလုပ်နဲ့…သရ။ ငါရော ခွန်းရော မြင်နေတာလေ"

"မြင်တဲ့နေရာကို ထည့်ပြောလေဗျာ"

"ကိုဇော်…ခွန်း…ယုယက အပြင်လိုက်ပို့ခိုင်းဖို့ မောင်နှမစိတ်နဲ့ သူ့အိပ်နေတာကို လာနှိုးမိတာပါ။ အဲဒါကို သူက လေ…အဟင့်"

"ယုယ…နင် မဟုတ်တာတွေ မပြောနဲ့နော်"

"မင်း…ရှည်ရှည်ဝေးဝေး လျှောက်ပြောမနေနဲ့ သရ။ မင်းတို့ကိစ္စကို ငါ ဓာတ်ပုံရိုက်ယူထားတယ်။ မင်း ဘယ်လိုတာဝန်ယူမှာလဲ…ပြော"

"ဟာ"

သရ ဒက်ကနဲ သိလိုက်ပါပြီ။ ဒါ…ကြိုတင်ကြံစည်မှုတစ်ခုပါပဲ။ ဇော်မိုးဝေက ခွန်းကို အပြင်လှည့်ခေါ်သွားပြီး ဒီအချိန်ကွက်တိပြန်လာတယ်ဆိုတော့ တွေးကြည့်ရင် ပြေးကြည့်တာထက် မှန်တယ်ဆိုတဲ့စကား ရှိတယ်လေ။ သူတို့ရွှေ့တဲ့အကွက်ထဲမှာ ကိုယ့်ဘဝတော့ သွားပါပြီ။

သိက္ခာ…

သွားပြီပေါ့။ ခွန်းအပေါ်ကျလာမယ့် အန္တရာယ်ကို ကာကွယ်လိုက်နိုင်ပြီး ကိုယ့်အပေါ်ကျလာတဲ့အန္တရာယ်ကိုကျတော့





မကာကွယ်လိုက်နိုင်။

"မင်း ဘယ်လိုလူ…ဘယ်အတန်းအစားထဲကလာတယ်ဆိုတာ ငါ သိတယ်…သရ။ မင်းသိက္ခာကို မင်း ဘယ်လိုအဖတ်ဆယ်မလဲ။ တာဝန်မယူနိုင်ဘူးဆိုပြီး ခါချရင်တော့ ဒီဓာတ်ပုံတွေ ဘယ်လိုပျံ့သွားမလဲ…သိတယ်နော်"

"တောက်…ယုတ်မာတာ"

ခွန်း ဒီမျက်နှာတွေကို ဆက်မမြင်ချင်တော့ပါဘူး။ ဘယ်သူမှန်၊ ဘယ်သူမှားမှန်းမသိတဲ့ကိစ္စကိုလည်း ဆက်မကြားချင်တော့ပေ။ ဒါကြောင့် ချာကနဲ လှည့်ထွက်လာခဲ့တော့၏။ ရင်ထဲမှာ တဆစ်ဆစ်နဲ့ နာကျင်နေမိတာ ဘယ်သူ့အတွက်လဲ။

ယုယအတွက်အလား…

ကိုသရအတွက်လား…

လူယုံသတ်လို့သေတာ။ နောက်ကျောကို ဓားနဲ့အထိုးခံရတာ။ ကိုယ့်အပေါ် မကောင်းတဲ့လူတွေကို ခင်တွယ်မနေချင်တော့ပါဘူး။ ယုယက ကိုယ့်ကို အသုံးချတယ်။ ကိုသရက ကိုယ့်ယုံကြည်မှုကို အလွဲသုံးစားလုပ်တယ်။ နောက်ဆုံးတော့ ကိုယ့်မိဘကလွဲရင် ကိုယ့်အပေါ် ဘယ်သူမှ မကောင်းကြပါလား။

"သရ"

"…………"

"မင်း…ဘယ်လိုလုပ်မှာလဲ…ပြောလေ။ မင်းရဲ့သိက္ခာကို



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်လိုတန်ဖိုးဖြတ်မှာလဲ''

''ခင်ဗျားတို့ တော်တော်ယုတ်မာကြတာပဲ။ ခင်ဗျားတို့က အကွက်လှလှတွေ ရွေးပြီး ကျွန်တော့်ကို ချောက်ချတာ။ အပိုင်ကြံတာဆိုရင် ပိုမှန်မယ်။ လိုက်မမီအောင်ပါပဲ''

''ဒါကတော့ ရှင် ညံ့လို့ ရှင် ခံရတာပဲ ခံလိုက်ပေါ့။ ကျွန်မ ဘယ်လောက်တော်လဲ စဉ်းစားကြည့်စမ်း။ မြွားတစ်စင်းနဲ့ ငှက်နှစ်ကောင်ကို ပစ်နိုင်တာ…အဟွန်း''

''တောက်''

ဒေါသဖြစ်လို့ တောက်ခေါက်ရုံကလွဲပြီး သရ ဘာမှမတတ်နိုင်တော့ပေ။ ခွန်း ကိုယ့်ကို ဘယ်လိုထင်သွားပြီလဲ။ လူယုတ်မာလို့ ထင်သွားပြီလား။ အဲဒါကို ပိုပြီး စိုးရိမ်မိတာပါ။ ခွန်းရယ်… မင်းက ကိုယ့်ရင်ထဲက ပန်းကလေးမို့ ကြွေမှာစိုးခဲ့တာ။

ပန်းပေမို့…ကြွေမှာ စိုးတယ်လေ။

ဒါကြောင့် သူ့ကိုပဲ သဲသဲမဲမဲ ကာကွယ်လာတာ အခု ကိုယ် ချောက်ထဲကို ပြုတ်ကျသွားခဲ့ပြီ။

''တော်ပါတယ် ယုယ…မင်း တော်ပါတယ်။ အေး… သိက္ခာရှိရှိတော့ တော်ခြင်းမဟုတ်ဘူး။ ကလိမ်ကကျစ်နဲ့ မတရားသဖြင့်မှာ တော်တာ။ အဲဒီတော်တာတွေ ကျပြီဆိုရင်တော့ ခွေးကျကျလိမ့်မယ်…သတိထား''

''ဘာ''

''အချိန်တန်မှ ဘာကျပဲကျကျပါ။ အဲဒါ မင်းစိတ်ပူပေးဖို့





မလိုဘူး။ အခုလောလောဆယ် အိုကေမှာ စိုပြေဖို့ မင်း ဘာလုပ်ပေးမှာလဲသာ ပြော''

''ခင်ဗျားတို့ ဘာဖြစ်ချင်လဲသာ ပြောပါ။ ဒါပေမဲ့ ကတိတော့ တည်ပါစေ''

ဇော်မိုးဝေက လက်ညှိုးတစ်ချောင်း ထောင်လိုက်ပြီး…

''သိန်းတစ်ရာ''

သရ မဲ့ပစ်လိုက်မိသည်။ ကိုယ်တိုင်က လက်ကြောတင်းအောင် ဘာတစ်ခုမှမလုပ်ဘဲ သူများဆီက မတရားသဖြင့် တောင်းတာ သိန်းတစ်ရာတဲ့။

''ကောင်းပြီ…မနက်ဖြန် ရစေရမယ်''



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၄)

"မေမေ"

"ဟင်"

နားထဲမှာ မေမေလို့ ခေါ်သံကြားလိုက်တာမို့ ဒေါ်ကေခိုင်ဦး ဆွယ်တာထိုးနေတဲ့လက်တွေ ရပ်တန့်သွားလေသည်။

"မေမေ"

မော့ကြည့်လိုက်တော့ ခွန်းမှ ခွန်းအစစ်ပါပဲ။ ဒေါ်ကေခိုင်ဦး ဆွယ်တာကို ဘေးသို့ချလိုက်ပြီး…

"သား"

"ကေ"

"ဟင်"

ခင်ပွန်းသည်ကို လှည့်ကြည့်ပြီး ဒေါ်ကေခိုင်ဦး ခြေလှမ်းတွေက ရှေ့မဆက်ဖြစ်ပေ။





"ဘာသားလဲ ငါ ပြောထားပြီးသားနော်။ အမှန်တရားကို မင်းတို့ လက်ခံနိုင်မှ ဒီအိမ်မှာ ခွန်းအတွက် နေရာရှိမယ်လို့"

"ကျွန်မ နားလည်ပါတယ်"

ပြောပြီး ခွန်းဆီသို့ လှမ်းသွားတဲ့ ခြေလှမ်းတွေက သွက်လက်စွာ…

"ခွန်း"

"မေမေ"

"ခွန်း ပြန်လာတယ်နော်…မေမေတို့ဆီကို အပြီးပြန်လာတာ မဟုတ်လားဟင်"

ခွန်း…ခေါင်းညိတ်ရင်း မျက်ရည်ကဝဲလာသည်။ မိဘရင်ခွင်က သားသမီးတွေအတွက်ဆို ဖွင့်ထားလျက်။ အိမ်ကလည်း တံခါးမရှိ၊ ဓားမရှိ ဝင်ချင်ရာအချိန်ဝင်၊ ထွက်ချင်ရာအချိန် ထွက်ပါ။ ခွန်း နားလည်ပါပြီလေ။ ကိုယ့်အပေါ်မှာ မိဘထက် ပိုကောင်းနိုင်မယ့်သူမှမရှိတာ။

"မေမေ ဝမ်းသာလိုက်တာ ခွန်းရယ်"

"အရာအားလုံးကို ခွန်း နားလည်ပါပြီ မေမေ။ ပြီးခဲ့တဲ့ ကိစ္စတွေအတွက် ဝဋ်ကြွေးရှိလို့ ဆပ်ရတယ်လို့ပဲ သဘောထားပါတယ်။ အခု ဝဋ်ကြွေးကျေသွားပါပြီ"

"ကိုယ်အသုံးမကျတာကို ဝဋ်ကြွေးလို့ သတ်မှတ်ရအောင် နင်က ပြားကိုးဆယ်လား…ခွန်း။ ကိုယ်ညံ့လို့ ကိုယ်ခံရတာကို ရဲရဲဝန်ခံလိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလွင်"

"ကလေးက ပြန်လာတာကို ပြန်ထွက်သွားအောင် ရှင်လုပ်နေတာလား"

ခွန်း မေမေ့လက်ကို အသာလေးဖယ်ချပြီး ဖေဖေ့ဆီသို့ လျှောက်သွားလိုက်သည်။ ပြီးတော့ ဖေဖေ့ရှေ့မှာ ဒူးထောက်လိုက်ကာ...

"ခွန်း...ဝန်ခံပါတယ် ဖေဖေ။ ခွန်း ညံ့လို့ ခွန်း ခံရတာပါ။ လူတွေအကြောင်းကို ခွန်း ကောင်းကောင်းကြီး သိသွားပါပြီ။ ဖေဖေပြောခဲ့သလိုပဲ ခွန်းက သူများခိုင်းတာလုပ်ခဲ့တဲ့ နွားပါ။ နဖားထိုးပြီး အခိုင်းခံရတဲ့ နွားဖြစ်ရုံတင်မက ဘူး။ သူများ လမ်းလျှောက်ချိန်မှာ ခြေပူမှာစိုးလို့ ချအစီးခံခဲ့ရတဲ့ ဖိနပ်ပါ ဖြစ်ခဲ့တာပါ"

ဦးမြင့်လွင် မဲ့ပြုံးပြုံးလိုက်ပြီး...

"အခု နောင်တရလို့ ပြန်လာတယ်ပေါ့...ဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ"

"ပြန်လာတာက ဟုတ်ပါပြီ။ ဒီလိုပုံစံမျိုးနဲ့တော့ ငါ လက်မခံနိုင်ဘူး...ခွန်း။ နင် အမှန်တရားကို လက်ခံမှ"

"ဟုတ်ကဲ့...ခွန်း ဆုံးဖြတ်ပြီးပါပြီ ဖေဖေ...ဖေဖေ့ စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်"

ဒေါ်ကေခိုင်ဦး ခင်ပွန်းသည်မျက်နှာ ပြုံးရောင်သမ်းသွားတာကိုမြင်မှ ဟင်းချနိုင်တော့သည်။ ဒီတစ်ခါတော့ သူ့အဖေ





စိတ်တိုင်းကျ ဖြစ်ပါစေတော့။ တကယ်တော့ သူမ အယူအဆ မှားခဲ့တာပါ။ မိန်းကလေးကို ယောကျာ်းလေး ပုံသွင်းပေးတော့လည်း လူတိုင်းက တော်းငအတွေမှ မဟုတ်တာ။

အခုလို ဟိုမရောက် ဒီမရောက်ပုံစံကို...

အချို့က အမြင်ကပ်ပြီး ပိုလို့တောင် ရွံ့ချင်စိတ်နဲ့ ဖျက်ဆီးချင်သေး။ ဒီတော့ ပိုပြီး အန္တရာယ်များတာပေါ့။

"ထ"

"ထတော့"

ဦးမြင့်လွင် သမီးပခုံးနှစ်ဖက်ကို ကိုင်ပြီး ဆွဲထူကာ...

"ဒါမှ ငါ့သမီးကွ...ဒါမှ ဖေဖေ့သမီးအစစ်"

"ဟင်"

ခွန်း ဖေဖေ့မျက်နှာကို မော့အကြည့် ဖေဖေက ပြုံးပြီး မေးဆတ်ကာ...

"ဖေဖေ့သမီး...ဟုတ်တယ်...ဟုတ်"

"ဟုတ်ကဲ့...ဖေဖေ့သမီး ခွန်းဆင့်ချိုပါ ဖေဖေ"

"အေး...အဲဒီလိုအမှားကို အမှန်ပြင်နိုင်တာမှ လူတော်"

ပြောပြီး သမီးကိုယ်လေးကို ပွေ့ဖက်ကာ အတူတူ ထိုင်လေတော့ ဒေါ်ကေခိုင်ဦးမျက်နှာမှာ သကာရည်များလူးထားသည့်နှယ်။

"ခွန်း ပြန်လာတာလားဟေ့"

လှေကားကနေ ဆင်းလာရင် လှမ်းမေးလိုက်တဲ့အသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခွန်း မော့ကြည့်လိုက်တော့…

"ဟာ…ဘိုးဘိုး"

"မြေး"

"ဘိုးဘိုး ရောက်နေတယ်"

"ရောက်နေတာကြာလှပေါ့"

"ဝမ်းသာလိုက်တာ ဘိုးဘိုးရာ…မြေး…ဘိုးဘိုးကို အရမ်း သတိရနေတာ ဘိုးဘိုးရ"

ခွန်း အခုမှပဲ ကလေးတစ်ယောက်လို ပြန်ပြီးချွဲခွင့်ဆိုးနွဲ့ခွင့် ရတော့သည်။ ဘိုးဘိုးရင်ခွင်ထဲဝင်ပြီး ချွဲပြီလေ။

"အင်း…ငါ့မြေးကတော့ အန္တရာယ်ကင်း ဘေးရှင်းစွာနဲ့ အိမ်ပြန်ရောက်လာပြီ။ ဟိုကောင့်ခများတော့ ရှင်းမရ အောင် ရှုပ်ကျန်ခဲ့ရတာ"

"ဟင်…ဘယ်ကောင်လဲ ဘိုးဘိုး"

ဦးမြဒင် မျက်နှာညိုညိုနဲ့ သက်ပြင်းချကာ…

"ဘယ်ကောင်ရှိရမှာလဲ…သရနှောင်ပေါ့။ သူ့ကို ဘိုးဘိုး လွှတ်လိုက်တာ။ မြေးကို အနီးကပ် ကာကွယ်စောင့် ရှောက်ဖို့ပေါ့"

"ဟင်"

သရဆိုတဲ့ နာမည်ကြားတာနှင့် ခွန်းမျက်နှာလေး တည်တင်းသွားလေသည်။ အလကားလူ…နာမည်ကြားတာနဲ့ အော်ကလီဆန်ပြီး အန့်ချင်စိတ်ပေါက်အောင် မုန်းတာ။ မိန်း





ကလေးတွေအပေါ်မှာ အသားယူအမြတ်ထုတ်နေတဲ့ လူကြီး။ ခွန်းကို မိန်းကလေးမှန်းသိလို့ ရိသဲ့သဲ့ ဆက်ဆံခဲ့တဲ့အပြင်…

ချစ်တယ်လို့ပြောပြီး လက်ထပ်ချင်တယ်လည်း ပြောခဲ့သူ လေ။ အမှန်ကို ဝန်ခံရရင် ခွန်း စိတ်တွေနူးညံ့ပြီး ပျော်ဝင်ခဲ့မိ တယ်လေ။ နောက်တော့ ယုယကိုလည်း သူ အလွှတ်မပေးခဲ့ဘူး မဟုတ်လား။ အလကား လူယုတ်မာကြီး။

"ဘိုးဘိုး…ဘိုးဘိုးနဲ့ အဲဒီလူက ဘယ်လိုပတ်သက်နေတာ လဲ"

"ဘယ်လိုပတ်သက်လဲဆိုတော့ သူက"

"တော်ပါ…သူ့အကြောင်း မကြားချင်ဘူး။ အဲဒီလူယုတ် မာနဲ့ ဘိုးဘိုး အတတ်နိုင်ဆုံး မပတ်သက်ပါနဲ့"

ပြောပြီး ခွန်း လှည့်ထွက်ကာ အပေါ်ထပ်သို့ တက်သွားလေ တော့…

"ဟား…သူပဲမေး၊ သူပဲပြော၊ ငါကဖြင့် ဘာမှမပြောလိုက် ရပါလား"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၅)

သရ ပြဿနာကိုရှင်းဖို့ ကျန်တဲ့သူတွေက ဘာလုပ်ရမှန်း မသိ။ ဦးမြဒင်က သရကို ဖုန်းဆက်ပြီး ဇော်မိုးဝေနဲ့ ယုယဓာတ်ပုံတွေကို Facebook သို့မဟုတ် Viber ကနေ ပို့နိုင်းသည်။ ပြီးတော့ အဲဒီလူတွေ ဒီနေ့ ဘယ်သွားလဲ။ ဘယ်မှာရှိနေနိုင်မလဲ မေးသည်။

နောက်ထပ် တောင်းတာက ဇော်မိုးဝေ ဖုန်းနံပါတ်နဲ့ယုယ ဖုန်းနံပါတ်။ ဘယ်သွားတယ်ဆိုတာ အတိအကျမသိတော့ ဖုန်းနံပါတ်လိုတာပေါ့။ ဖုန်းနံပါတ်ရတာနှင့် စပြီးလှုပ်ရှားပြီလေ။

"ဟဲလို"

"ဒီဖုန်းက မြတ်နိုးယုယရဲ့ဖုန်းလား မသိဘူး"

"ဪ…ဟုတ်ပါတယ်ရှင်…အခုပြောနေတာ မြတ်နိုးယုယပါ"





"အဲဒါဆိုရင် အန်ကယ်လ်ကပဲ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပါရစေ။ အန်ကယ်လ်က သရအောင်ရဲ့အဘိုးပါ"

"ရှင်"

မောင်နှမနှစ်ယောက် အကြည့်ချင်းဆုံသွားကြလေသည်။

"အခု သမီးတို့ ဘယ်မှာလဲ…အန်ကယ်လ် ငွေသိန်းတစ်ရာကို ဘယ်လာပို့ရမလဲ သိချင်လို့ပါ"

ယုယက ဘယ်ချိန်းရမလဲလို့ အစ်ကိုဖြစ်သူကို မေးပြီးနောက် လာရမယ့်နေရာကို ပြောပြလေလျှင်…

"OK…အန်ကယ်လ် အခုပဲ လာခဲ့မယ်…စောင့်နေပါ"

"ဪ…အန်ကယ်လ်"

"ပြောပါ"

"အကြံအဖန်တော့ လုပ်မလာနဲ့နော်။ အန်ကယ်လ်တစ်ယောက်တည်းပဲ လာခဲ့ပါ။ ဒါမှမဟုတ် ကိုသရနဲ့ နှစ်ယောက် လာလို့ရပါတယ်။ အကြံအဖန်လုပ်လာရင်တော့ အဟွန်း…အန်ကယ်လ်မြေးရဲ့ ဂုဏ်သိက္ခာက ကျွန်မတို့လက်ထဲမှာ"

"စိတ်ချပါ…အကြံအဖန်မလုပ်ဘူး။ အမှန်အကန်ပဲ လာခဲ့မှာ။ အန်ကယ်လ်မြေးရဲ့ ဂုဏ်သိက္ခာက တန်ဖိုးသတ်မှတ်လို့မရအောင် ခမ်းနားတယ်လေ"

"အိုကေ…ဒါပဲနော်"

ဖုန်းချပြီး ယုယ ကျေနပ်စွာ ပြုံးလိုက်မိသည်။ သိန်းတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သူမတို့ တစ်ခါမျှ ကိုင်မကြည့်ဖူးတဲ့ ပမာဏပေါ့။ အခု တော့ ပိုင်ဆိုင်ခွင့်ရတော့မယ်လေ။ ပြီးတော့ ခွန်း ကားကိုလည်း ရောင်းခဲ့ပြီးပါပြီ။ ဒီငွေတွေနဲ့ မောင်နှမနှစ်ယောက် အဆင်ပြေ မယ့်မြို့တစ်မြို့မှာ အခြေချပြီး လုပ်ကိုင်စားသောက်ကြမယ်ပေါ့။

ခွန်းတို့က အရမ်းချမ်းသာတာဆိုတော့…

ဒီကားလောက်ကို လှည့်ကြည့်မှာမှ မဟုတ်တာ။ အဲဒီ အတွက်က အေးဆေးပါပဲ။

ဦးမြဒင်…

ယုယတို့ချိန်းတဲ့တိုက်ခန်းကို ရောက်လာလေတော့…

"ကဲ…ဘယ်မှာလဲ‥မင်းတို့ဖုန်း။ ရှေ့ပတ္တမြား… ရှေ့ နဂါးပေါ့"

ဇော်မိုးဝေက မထီမဲ့မြင်အပြုံးနဲ့ လျှောက်လာပြီး ဖုန်းကို ကမ်းပေးလေလျှင်…

"ဒီဖုန်းတစ်လုံးပေးရုံနဲ့ ငါ ဘယ်လိုယုံရမှာလဲ။ ကလေးမ ဖုန်းပါပေးမှ ဖြစ်မှာပေါ့"

"ဟင်"

"ပြီးတော့ ဓာတ်ပုံတွေကို ဘယ်မှာပြန့်ပွားထားသေးလဲ"

"အဲဒီအတွက်တော့ စိတ်ချပါ။ ကျွန်တော်တို့က ယုတ်မာ ပေမယ့် သစ္စာရှိရှိ ယုတ်မာတာ။ ဘယ်မှာမှ ပြန့်ပွား မထားဘူး"

"သေချာလား"





"အသေအချာပါပဲ…ယုယ နင့်ဖုန်းပေးလိုက်"

ယုယကလည်း သူမဖုန်းကို ပေးလေသည်။ ဦးမြဒင် နှင်းနှစ်လုံးစလုံးရတာနှင့် ပိုက်ဆံအိတ်ကို ပေးလိုက်လေလျှင်…

"မင်းတို့လည်း ငွေကိုစစ်ကြည့်…ငါလည်း ဖုန်းထဲက ပုံတွေ ဖျက်လိုက်ဦးမယ်"

"အိုကေ"

ဦးမြဒင် ဖုန်းထဲကပုံတွေကို Delete လုပ်ပစ်လိုက်သည်။

"ဟာ"

"ဘာလဲ…ကိုဇော်"

"အောက်က စက္ကူတွေ"

မောင်နှမနှစ်ယောက်စလုံး မျက်စိပျက်၊ မျက်နှာပျက်နှင့် ဦးမြဒင်ကို ကြည့်လိုက်ကြပြီး…

"အဘိုးကြီး…ခင်ဗျား"

"ဟင်း…ဟင်း…ဟင်း…ကတုံးပေါ် ထိပ်ကွက်ဆိုတာ ကြားဖူးလား။ အဲဒီအထဲမှာ အစစ်က သိန်းသုံးဆယ်ပါ တယ်ကွ။ သဒ္ဒါသလောက် ထည့်လိုက်တာ။ ယူချင်ယူ‥ မယူချင်နေ။ တို့က သမ္မာအာဇီဝကျကျ ရှာထားရတဲ့ငွေ တွေကွ။ မင်းတို့တောင်းသလောက် သဒ္ဒါပေါက်ရအောင် မင်းတို့က ဘုရားတည်ကျောင်းဆောက်ကြမှာမှ မဟုတ် တာ"

"တောက်…ကလိမ်ကကျစ်ကြီး…ခင်ဗျား သေဖို့သာ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပေတော့"

ပြောပြီး ဇော်မိုးဝေက ဓားကို ဆွဲထုတ်လေသည်။

"ဟဲ…ဟဲ…ထိုးမလို့လား…လာထိုးလေ။ ဩော်…ဒီလိုလေးလုပ်ပါလား။ မင်း ဓားနဲ့ ငါ့လည်ပင်းကို ထောက်…ပြီးတော့ နောက်ထပ် သိန်းတစ်ရာတောင်း။ ဘယ်လိုလဲ…အဲဒီလိုဆိုရင် ငါလည်း သေမှာကြောက်ပြီး နောက်ထပ် သိန်းတစ်ရာပေးကောင်းပေးနိုင်တယ်လေ"

ဇော်မိုးဝေ တွေကနဲ ဖြစ်သွားလေသည်။ အဘိုးကြီးပေးတဲ့ အကြံက မဆိုးဘူးဘဲ။ မှန်တာပေါ့။ အဘိုးကြီးကို ခြိမ်းခြောက်ရင် နောက်ထပ်တောင်ရဦးမယ်။ ဟီး…ဟီး။

"ကဲ…လုပ်မယ်ဗျာ"

ဇော်မိုးဝေ တကယ်ပဲ ဦးမြဒင်လည်ပင်းကို လက်နှင့် ဖက်ထားပြီး ဓားနှင့်ထောက်လေလျှင်…

"နေ…နေပါဦးကွ။ ငါ facebook မှာတင်ချင်လို့ selfie လေး ဆွဲလိုက်ပါရစေဦး"

"ဘာဗျ"

"နှစ်ပုံလောက်ပါပဲ"

"ကဲ…ဆွဲဗျာ"

ဟွန်း…သေကာနီးတောင် selfie က ဆွဲချင်တုန်း။ သိန်းတစ်ရာပေးမယ်ဆိုလည်း ပြီးရင် သူ့ဖုန်းကို ယူထားလိုက်မယ်ဆိုတဲ့အတွေးနဲ့ ရှုံ့ပြီး တကယ့်မိုက်ရပ်ပေါက်အောင် လုပ်လိုက်၊ လျှာ





ထုတ်ပြီး မျက်လုံးပြူးပြနှင့်တောင် လုပ်လိုက်သေးသည်လေ။

"ကဲ…အဘိုးကြီး တော်ပြီလား။ ထပ်ရိုက်ဦးမလို့လား…ကျွန်တော် စိတ်မရှည်တော့ဘူးနော်"

"ပြီးပါပြီကွာ…မင်းကလည်း…တော်ပြီ…တော်ပြီ"

"ခင်ဗျား…ကျွန်တော့်ကို သိန်းတစ်ရာ ထပ်ပေးမှာလား။ မပေးဘူးလား…ပြော"

အဘိုးကြီးက ချက်ချင်း ဘာမှပြန်မပြောတော့ ယုယစိတ်ထဲမှာ ထင့်ကနဲ ဖြစ်သွားလေသည်။ ကိုဇော်ကလည်း အဘိုးကြီး ခိုင်းတိုင်း လျှောက်လုပ်နေတယ်။ ဒုက္ခပါပဲ။ အဘိုးကြီးက ဘာတွေကြံစည်နေသလဲ မသိဘူး။

"အေး…မင်းတို့ကပဲ သူ့ဆီက သိန်းတစ်ရာရမလား။ မင်းတို့ကပဲ သိန်းတစ်ရာ ထပ်ပေးချင်သလားပဲ။ အဟား…ပုံတွေကတော့ ထိထိမိမိကို ရိုက်ထားတာ"

"ဟာ"

"ဟင်"

"သရ"

မှန်ပါသည်။ အသံနှင့်ထပ်တူ ဝင်လာကြတာ သရနဲ့ ဦးမြင့်လွင်။ ပြီးတော့ သက်သေဖြစ်အောင်ခေါ်လာတာ ဦးမြင့်လွင်ရဲ့မိတ်ဆွေသုံးယောက်။

"ကိုသရ"

"ဟုတ်တယ်…နင်တို့ယုတ်မာသလို သူများတွေလည်း

www.burmeseclassic.com



ယုတ်မာတတ်တာပဲ။ အခု တို့လုပ်တာက ပါးပါးလေးပါ။ မသကာ ထောင်နန်းစံရရုံပေါ့"

"မင်းတို့သက်သေထက် တို့သက်သေက များတယ်နော်။ ဪ...ဆရာ မင်းကိစ္စမှာ မျက်မြင်သက်သေက ဇော်မိုးဝေနဲ့ ခွန်းပဲနော်"

"ဟုတ်တယ်...အန်ကယ်လ်"

"အေး...အခု...တို့က ငါးယောက်"

ယုယ အစ်ကိုဖြစ်သူအနားသို့ တိုးကပ်သွားကာ ဘယ်လိုလုပ်ကြမလဲဟု မျက်ဝန်းထဲကပဲ မေးခွန်းထုတ်လိုက်လေလျှင် ဇော်မိုးဝေမျက်နှာက အခုမှ မျောက်အိုမ ပါးရိုက်ထားတဲ့အတိုင်းပါပဲ။ ဒါ...ဘာမှမတတ်နိုင်ဘူးဆိုတဲ့သဘောလေ။ ယုယတို့မှားတာပါ။

ကိုယ့်ဦးနှောက်ကလေးနဲ့ သွားလုပ်မိတာ။

ဟိုက ဖြတ်ထိုးဉာဏ်ကောင်းတဲ့သူတွေနဲ့တွေ့တော့ ပွမ်းပြီပေါ့။

"ကိုသရ...ယုယ တောင်းပန်ပါတယ် ကိုသရရယ်... ယုယတို့ကို ဘာမှမလုပ်ပါနဲ့နော်။ ဟိုလေ...တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့။ ကိုသရအပေါ်မှာ တကယ်စေတနာထားပြီး ယုယ ထမင်းဟင်းတွေကို ပို့ပေးဖူးတယ်လေ။ ကိုသရ စားတာ တစ်လုတ်တည်းမှ မဟုတ်တာ"





"ပြောတတ်လိုက်တာ"

ဦးမြင့်လွင်က မကျေမနပ်နှင့် ပြောလေသည်။ သရကတော့ သက်ပြင်းချလိုက်မိ၏။ ကိုယ်ကလည်း လုပ်ချင်လှလို့ ပြန်လုပ်တာမှမဟုတ်တာ။ သူတို့ယုတ်လို့ ကိုယ်ပြန်ယုတ်ရတာမဟုတ်လား။

"ကောင်းပြီလေ...အဲဒီထမင်းလုတ်တွေရဲ့ကျေးဇူးကြောင့် နှင်တို့ကို ချမ်းသာပေးလိုက်မယ်။ ဒါပေမဲ့ ကတိတစ်ခုတော့ပေးရမယ်"

"ဟုတ်ကဲ့...ဘာကတိလဲ။ ပေးပါ့မယ် ကိုသရ...ယုယတို့ကိုသာ ဘာမှမလုပ်ပါနဲ့နော်"

"ဪ...ကိုယ့်အလှည့်ကျတော့ ကြောက်သလား"

ဦးမြဒင် မကျေမနပ်နှင့် ပြောလိုက်တာပါ။

"ခွန်းကားကိုလည်း နှင်တို့ ရောင်းပြီးပြီ။ ခွန်းရဲ့ လက်ဝတ်လက်စားအချို့လည်း နှင့်ဆီမှာဆိုတော့ တော်ရောပေါ့။ အဲဒါတွေနဲ့ နှင်တို့ ရိုးရိုးသားသား ရင်းနှီးလုပ်ကိုင်စားသောက်ပါ ယုယ...လူတိုင်းက လူညံ့လူအတွေမဟုတ်ဘူး။ နှင်တို့ ထပ်ပြီး သူများကို မကောင်းကြံရင် ဒုက္ခရောက်သွားလိမ့်မယ်"

"ဟုတ်ကဲ့ပါ ကိုသရ...ယုယ နားလည်ပါပြီ။ အခုလို နားလည်ခွင့်လွှတ်ပေးတဲ့ ကိုသရကို ယုယ အများကြီး ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တကယ် နှောင်တရလား၊ မရလားတော့ မသိပေ။ လောလောဆယ်တော့ မျက်နှာငယ်လေးနှင့်ပြောနေတာ သနားချင်စရာပါပဲ။ ဘာပဲဖြစ်ဖြစ် နောက်ထပ် မပြုပြင်ဘဲ ဆက်မိုက်ရင် ကိုယ်ပြုသည့်ကံ ကိုယ်သာခံပေါ့။

"ကဲ…သွားကြတော့"

"ဟုတ်ကဲ့…ခွင့်ပြုပါဦး ကိုသရ"

သရ ခေါင်းညိတ်လိုက်လေလျှင်…

"ကိုဇော်…သွားရအောင်"

ဇော်မိုးဝေတစ်ယောက် ဘာမှမပြောတော့ဘဲ ကြက်ကြီးလည်လိမ်ထားသလိုပါ။ ယုယ ဆွဲခေါ်လို့ပါသွားပြီးနောက်…

"ဟော့…ဒီမှာ"

ဦးမြဒင် လှမ်းခေါ်လိုက်လို့ ယုယတို့ ပြန်လှည့်ကြည့်လေလျှင်…

"ပိုက်ဆံတွေ ယူသွားကြဦးလေကွာ"

ရှုံ့တာသိလို့ ပြန်လှည့်ထွက်သွားကြလေတော့…

"ဟား…ဟား…ဟား…ဟား…မြဒင်ကွ…မြဒင်"





# အခန်း (၂၆)

မိဘအိမ်မှာတော့ ခွန်းက ကလေးလို အလိုလိုက်ခံထားရသူလေးပါ။ ဒါပေမဲ့ ခွန်း အရင်ကလို မဆိုးတော့ပါဘူး။ ဟင်းလည်းချေး (ဂျေး) မများတော့ပေ။ မိန်းကလေးလို မိတ်ကပ်ကလေးလိမ်း။ အပေါ်က ရှင်မတောင်သနပ်ခါးရေကျဲလေး ခပ်ပါးပါးလိမ်းထားတာနှင့် နှုတ်ခမ်းနီ အုတ်ခဲရောင်လေးဆိုးထားတာ ဖွးစင်ဝင်းနှစ်နေအောင်လှသည်။

ဝတ်တာကတော့…

ဘောင်းဘီနှင့်တီရှပ် သို့မဟုတ် ရှပ်ပဲ ရှိသေးသပေါ့။ မိန်းကလေးဝတ်တွေ မနေ့က ဦးမြင့်လွင်နှင့် ဒေါ်ကေခိုင်ဦး သွားဝယ်လာတာ အများကြီးပါပဲ။

"သမီး"

"ဗျာ…အဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်လွင် ပြုံးလိုက်ကာ…

"ရပါတယ် သမီးရယ်…ချက်ချင်းကြီးကတော့ အကုန် ဘယ်ပြောင်းလဲလို့ရမှာလဲ။ ဖေဖေ နားလည်ပါတယ်။ တဖြည်းဖြည်းနဲ့ ဖြစ်လာမှာပါ"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကေ"

"ရှင်"

"ငါ့သမီးကို ကြည့်စမ်း…အခုလိုပုံစံလေးနဲ့ကျတော့ ဘယ်လောက်လှသလဲ။ တကယ့်ကို တော်ဝင်ပန်းလေး တစ်ပွင့်လိုပဲ"

"အမေတူသမီးလေ ကိုလွင်ရဲ့"

"အေးပါကွာ…ထားပါတော့။ မင်း စိတ်ချမ်းသာရင် ကမ္ဘာကြီး အေးချမ်းမှာပါ"

"ရှင်နော်…ဒါ ကျွန်မကို အရှုးလို့ပြောတာပေါ့လေ… ဟုတ်လား"

ဦးမြင့်လွင် ဘာမှပြန်မပြောတော့ဘဲ တဟဲဟဲနှင့် ရယ်လေတော့သည်။

"ဖေဖေ"

"ပြောလေ သမီး"

"ဖေဖေ ခွန်းကိုယ်စား ဘိုးဘိုးကို တောင်းပန်ပေးပါနော်။ ခွန်းရဲ့ မိုက်ရူးရဲဆန်မှုတွေကြောင့် ဘိုးဘိုးဝယ်ပေးတဲ့





ကားနဲ့ ရွှေထည်ပစ္စည်းတွေ"

"အဲဒါတွေ ခေါင်းထဲထည့်မနေနဲ့တော့ သမီး…သမီး ဘိုးဘိုးပိုင်ဆိုင်မှုအားလုံးက တစ်နေ့ သမီးပဲ ပိုင်မှာ။ အဲဒီ ကိစ္စကိုထားလိုက်တော့…သမီး စဉ်းစားရမှာက သမီးရဲ့ အနာဂတ်အတွက်ပဲ။ ဖေဖေပြောတာ သဘောပေါက်လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

မိဘတွေက အဲဒီလို ခွင့်လွှတ်လေလေ ခွန်းရင်ထဲမှာ နာကျင်ရလေလေပါပဲ။ ခွန်း မိုက်ခဲ့တာပါ။ မိဘစကား နားမထောင်ခဲ့လို့ ဒုက္ခရောက်ခဲ့တာ။ ခွန်း မလုပ်ဖူးတဲ့အလုပ်တွေကို လုပ်မစားဖူးတဲ့ အစားအစာတွေကို စားရတာ။ ယုယ ချစ်တယ်ဆိုတဲ့ စကားလုံးလှလှလေးတွေ ဗန်းပြပြီး ခွန်းကို သူမရဲ့ အခိုင်းအစေလို သတ်မှတ်ခဲ့တာ။

ခွန်းကလည်း မြှောက်ပေးသမျှ ကွေးနေအောင် ကခဲ့တာပဲလေ။ နောက်ဆုံးတော့ ခွန်းကို နောက်ကျောဓားနဲ့ထိုးခဲ့ကြတာ။ ကိုသရလည်း အတူတူပါပဲ။ မုန်းတယ်…သူတို့တွေကို ခွန်း အရမ်းမုန်းတာပဲ။

"ကေခိုင်"

ခေါ်သံကြောင့် ဒေါ်ကေခိုင်ဦး နောက်သို့ သမင်လည်ပြန် ကြည့်လိုက်လေလျှင် ဖေဖေပါ။ ထို့ကြောင့်…

"ရှင်…ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဈေးမသွားသေးဘူးလား…ဒီနေ့ ဧည့်သည်တွေ လာမှာ နော်။ နောက်ကျနေဦးမယ်"

"ဟုတ်ကဲ့ပါ ဖေဖေ…သမီး အခုပဲ ဈေးသွားတော့မလို့ပါ"

ခွန်း ထိုင်ရာကနေ မတ်တတ်ရပ်နေတဲ့ မေမေ့မျက်နှာကို မော့ကြည့်လိုက်ပြီး…

"ဘယ်က ဧည့်သည်တွေ လာမှာလဲ…မေမေ"

"မောင်သရတို့မြေးအဘွား လာမှာ…သမီးရဲ့။ သူတို့နဲ့ သမီးဘိုးဘိုးက အရမ်းရင်းနှီးကြတာလေ"

"ဟင်"

'သရ'ဆိုတဲ့နာမည်ကြားတာနှင့် ခွန်းမျက်နှာလေး တည်တင်းသွားလေသည်။ သူလည်း ခွန်းကို ညာခဲ့တာပါပဲ။ ချစ်တယ်ဆိုတဲ့စကား လေကိုငွေနဲ့ မဝယ်ရတိုင်း ပါးစပ်အရသာခံပြီး ပြောခဲ့တာ။ ခွန်းခေါင်းက ကျကျန်ခဲ့တဲ့ နှင်းဆီပန်းလေးကိုတောင် သိမ်းထားဦးမတဲ့။

အခုလောက်ဆို အစအနတောင် ရှိပါဦးမလား။

ခွန်းပါးပြင်ကို ပထမဦးဆုံး နမ်းခဲ့ဖူးတဲ့ ယောကျ်ားဟာ သရပါပဲ။ ခွန်းပါးပြင်လေးကို လက်နှင့်စမ်းမိလိုက်သည်။ ဒီပါးပြင်ကို အဝတ်တစ်ထည်လို လျှော်ဖွပ်သန့်စင်လို့ရရင် ခွန်း အထပ်ထပ် လျှော်ဖွပ်ပစ်လိုက်ချင်ပါသည်လေ။

"နောက်ဆို အခုထက် ပိုရင်းနှီးကြတော့မယ့်အကြောင်းပါ





တစ်ခါတည်းသာ ပြောလိုက်တော့ သမီး… နောက်လည်း ပြောရမယ့်အတူတူပဲဟာ"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဒေါ်ကေခိုင်ဦး သမီးပခုံးလေးကို ဖက်လိုက်ကာ…

"သမီး"

"မေမေ…ကိုသရအကြောင်းပြောမယ်ဆိုရင် မပြောပါနဲ့။ ခွန်း သူနဲ့ပတ်သက်တဲ့အကြောင်း ဘာမှမကြားချင်ဘူး မေမေ"

"ဟင်"

ခွန်း အပြတ်ပြောပြီး ထလာခဲ့တော့သည်။

"သမီး"

ဘာတွေပြောကြမှာလဲ။ သူနဲ့ပတ်သက်ပြီး ဘာအကြောင်းပဲဖြစ်ဖြစ် ခွန်း မကြားချင်ပေ။

သရ… တစ်ခါမကတဲ့ အနမ်းတွေနဲ့ ခင်ဗျား ကျွန်တော့်နှလုံးသားကို ပြုစားသွားခဲ့တာ။ ခင်ဗျားကို ကျွန်တော် မကျေဘူး။ မုန်းတယ်…အရမ်းမုန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၇)

"တီ...တီ"

"............"

"တီ...တီ"

ခြံရှေ့က ကားဟွန်းတီးသံကြောင့် ခွန်း လည်ပင်းလေးရှည်ပြီး မျှော်ကြည့်လိုက်မိသည်။ သူတို့လား...သူတို့ဆိုရင်တော့ ခွန်း ခြံတံခါးကို ထာဝရသော့ခတ်ပိတ်ထားချင်လိုက်တာ။ ဒါပေမဲ့ စိတ်သာရှိပြီး ကိုယ့်မှာ တားပိုင်ခွင့်မရှိပေ။

"တီ...တီ"

"..........."

"တီ...တီ"

တံခါးလာဖွင့်မပေးမချင်း ကားဟွန်းတီးနေတာမို့ ခွန်း ဘယ်သူ လာတံခါးဖွင့်ပေးမလဲလို့ ကြည့်နေလိုက်သည်။ ဦးတိုး ဘယ်သွားနေပါလိမ့်။





ဟော...လာပြီ။

ဦးတိုး ခြံတံခါးဖွင့်ပေးလိုက်တာနှင့် ကားက ခြံထဲသို့ မောင်းဝင်လာပြီး...

"ဟင်"

ကားရပ်ပြီး ကားပေါ်ကဆင်းလာသူမှာ သရမှ သရအစစ်ပါပဲ။ ရင်ထဲမှာ တင်းကျပ်နာကျင်ခြင်းများနှင့် အကြည့်ကို လွှဲဖယ်ပစ်လိုက်တော့သည်။

သရ...

အိမ်ထဲကို ရောက်တာနှင့် မျက်လုံးက အငြိမ်မနေ။ ခွန်းကို ရှာနေမိသည်လေ။ ရင်ထဲမှာ ခွန်းကို ပြောချင်တဲ့စကားတွေက အများကြီးပါပဲ။ စာအုပ်တစ်လုံးဆိုရင် ကိုယ့်ရင်ဘတ်က အလွမ်းတွေနဲ့ ပြည့်နှက်နေတဲ့ စာအုပ်ကြီးပေါ့။ အတူတူ အနီးကပ်နေခဲ့ကြပြီး အခုလို ခွဲခွာလိုက်ရတော့...

လွမ်းချင်းတွေသာ ထပ်လို့ ဘယ်သောက်အထိ ချစ်မိသွားတယ်ဆိုတာကလည်း ထုထည်က နှိုင်းဆပြလို့ မရပေ။

"သရကတော့ ကုမရတဲ့ ရောဂါကပ်နေပြီ ကိုမြဒင်ရေ... အခု ဘယ်လိုကုရမလဲဆိုတာ အကြံလေးဉာဏ်လေး ပေးကြပါဦး"

"ရှင်...သရက ဘာရောဂါဖြစ်နေလို့လဲ အန်တီ"

ဒေါ်မြနှစ်က ပြုံးလိုက်ပြီး...

"ခွန်းရောဂါလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"ဟာ…အဘွားကလည်း ဘာတွေပြောနေတာလဲ"

"မှန်တာတွေ ပြောပြတာလေ မြေးရဲ့…မြေးရောဂါကို ကုဖို့ ဆေးဖော်နိုင်တဲ့ သမားတော်တွေရှေ့မှာ ပြောပြရတာပေါ့"

သရ ရှက်မျက်နှာကို ဘယ်လိုထားရမှန်းမသိတော့ပေ။ ဒါနဲ့ ရယ်ကျဲကျဲလုပ်ရင်းပဲ တွေ့ချင်စိတ်ကို မမျိုသိပ်နိုင်တော့တာကြောင့် လက်ဝါးချင်း ဖိပွတ်လိုက်ကာ…

"ဟိုလေ…အန်တီ"

"ပြောလေ…သား"

"အဟဲ…ခွန်းကို မမြင်လို့။ ဘယ်သွားလဲမသိဘူးနော်"

လူကြီးတွေ ပြုံးစိစိနှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြလေသည်။ ခွန်းက ယောကျ်ားလို့ သူ့ကိုယ်သူ ခံယူထားတော့ လူကြီးချင်းသာ ပြောထားရတယ်။ သိပ်တော့ မမျှော်လင့်ရဲခဲ့ကြပေ။ အခုလိုလေးကြတော့ အဆင်ပြေတာပေါ့။ ခွန်းကလည်း အမှန်တရားကို လက်ခံပြီး ပြောင်းလဲ…

သရကလည်း…

ခွန်းမှခွန်း…ခွန်းကို ချစ်သည်ဆိုတော့ လူကြီးတွေ စိတ်ချမ်းသာရပြီပေါ့။

"ခွန်း ခြံထဲမှာရှိလိမ့်မယ်…သား၊ စောစောလေးကမှ ဆင်းသွားတာ…လိုက်သွားလိုက်လေ"





"ဟုတ်ကဲ့ပါ အန်တီ…ဒါဆို ကျွန်တော် သွားလိုက်ပါဦးမယ်"

"အေး…အေး…သား"

သရ ခြေလှမ်းခပ်သွက်သွက်နှင့် ထွက်လာခဲ့တော့သည်။ ချစ်သူ့မျက်နှာလေးကို မြင်ချင်လှပြီလေ။ အင်း…ချစ်သူလို့သာ ပြောရတယ်။ ကိုယ်ကချစ်ပြီး သူကတော့ ကိုယ့်ကို ဖုတ်လေသည့် ငါးပိ ရှိတယ်လို့ဂင် မှတ်ပါ့မလား မသိပါဘူး။

ခွန်း…

ခြေသံကြားလို့ လှည့်အကြည့်မှာတော့…

"ဟင်"

"ခွန်း"

"ခင်ဗျား"

ခွန်း ဆတ်ကနဲ ထရပ်လိုက်ကာ…

"ခင်ဗျား ဘာလာလုပ်တာလဲ ကိုသရ…ခင်ဗျားနဲ့ ကျွန်တော် ပတ်သက်စရာအကြောင်း မရှိတော့ဘူးနော်"

"ခွန်း"

သရ ရင်ထဲမှာ ကျင်ကနဲ ဖြစ်သွားလေသည်။ ကိုယ်ချစ်တဲ့သူက ကိုယ့်ကို သူစိမ်းလို ဆက်ဆံလိုက်တာ အခံရအခက်ဆုံးပါပဲ။

"ပြီးခဲ့တာတွေကို ကျွန်တော် ပြည်ဖုံးကားချလိုက်ပြီ"

"ခွန်း…အဲဒီလိုတော့ မပြောပါနဲ့။ ခွန်းဘက်က ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



"စရာအကြောင်း မရှိပေမယ့် ကိုယ့်ဘက်က ပတ်သက်နေဦးမှာပဲ။ ခွန်းဘက်က ပြည်ဖုံးကားချလည်း ကိုယ်က အခုမှ ကန့်လန့်ကာစဖွင့်မှာ။ ကိုယ့်ရင်ထဲမှာ ခွန်းကို ပြောချင်တဲ့စကားတွေ အများကြီးပဲ"

"ကျွန်တော် နားထောင်မပေးနိုင်ဘူး ကိုသရ။ ခင်ဗျား အတွက် ကျွန်တော် အချိန်မပေးနိုင်ဘူး"

"ခွန်း"

ခွန်း ထွက်သွားမယ်လုပ်တော့ သူ ခွန်းရှေ့ကနေ ပိတ်ရပ်ထားလိုက်သည်။ ခွန်းကို သူ ထွက်သွားခွင့်မပြုနိုင်ပါဘူး။ တစ်သက်တာဝေးရမယ့်စကားဆို လေသံပင်မကြားချင်။ အခုရက်ကလေးမှာ ဝေးနေရတာတောင် ကိုယ်ဘယ်လောက်လွမ်းနေခဲ့ရသလဲ။ ကိုယ်သာအသိဆုံးပါ။

ခွန်း...

သရ နှလုံးသားမှာ ဒီနာမည်လေး ရှင်သန်နေခဲ့တာ။ ဒီနာမည်လေးရွတ်ရင်းပဲ ကိုယ့်နှလုံးသားကို အသေဆုံးမခံနိုင်ဘူးလေ။ ဒီနှလုံးသားက ခွန်းတစ်យောက်တည်းကိုပဲ စွဲလမ်းတပ်မက်နေခဲ့မိတာပါ။

"ခင်ဗျား...ဖယ်နော်"

"ခွန်းရယ်...ကိုယ့်အပေါ် အဲဒီလောက် မရက်စက်ပါနဲ့ကွာ...ကိုယ့်စကားကို နည်းနည်းလောက်တော့ နားထောင်ပေးပါ"





"မထောင်ဘူး...ဘာမှလာမပြောနဲ့။ ရှေ့တင်တစ်မျိုး၊ ကွယ်ရာတစ်မျိုးနဲ့။ အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစားစိတ်မျိုးနဲ့ ခင်ဗျားလို ယုတ်မာတတ်တဲ့လူမျိုးကို ကျွန်တော် စကားမပြောချင်ဘူး"

"ခွန်း"

"..........."

"မင်းထင်သလို မဟုတ်ဘူး...ခွန်းရဲ့။ ကိုယ်သာ ယုတ်မာတတ်ရင် ဘယ်သူ့အရင် ဘဝပျက်မှာလဲ ပြန်စဉ်းစားကြည့်ပါဦး"

ခွန်း နှုတ်ခမ်းလေးမဲ့ပစ်လိုက်မိ၏။ ကိုယ်က ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်လို့ ဘဝမပျက်တာ။ ဒါတောင် ထိကပါးရိကပါးတော့ ရှိခဲ့တာပဲလေ။ အခုတော့ သူကပဲ သူတော်ကောင်းလိုလိုနဲ့ အသံကောင်းဟစ်တာ။ ရှုစရာကောင်းလိုက်တာ။ သူများပြောပြတာဆိုရင်တောင် ခွန်း ယုံချင်မှယုံမယ်။

အခုတော့...

ခွန်းကိုယ်တိုင် ခွန်းမျက်စိနဲ့ တပ်အပ်မြင်ခဲ့တာပဲ။ ဒါကို မဟုတ်ဘူးပြောတိုင်း ယုံရအောင် ခွန်းက ပုခက်ထဲက ကလေးမှ မဟုတ်တာ။

"ခွန်းက ကိုယ့်ရင်ထဲက အမြတ်နိုးဆုံး တော်ဝင်ပန်းကလေးတစ်ပွင့်ပါကွာ။ အဲဒီပန်းကလေး ညှိုးနွမ်းသွားမှာစိုးလို့ ကိုယ်က အမြဲကာကွယ်နေခဲ့တဲ့ ပန်းကာခူး။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ အဲဒီပန်းကို ခိုးချင်လို့ ဒီဆူးက အချိုးခံလိုက်ရတာပါ ခွန်းရဲ့"

"ဘာ…အချိုးခံလိုက်ရတဲ့ဆူး…ဟုတ်လား"

ခွန်း သူ့ကို ခပ်စူးစူး ကြည့်ပစ်လိုက်သည်။

"လူပေါ်မီးကျ ခွေးပေါ်ခါချတော့ မလုပ်ပါနဲ့ ကိုသရ။ ခင်ဗျားပြောပုံက ကျွန်တော်ကတောင် ခင်ဗျားကို ကျေးဇူးရှင်ကြီးဆိုပြီး ပြန်ဒူးထောက်တောင်းပန်ရမလိုပါလား။ စိတ်ကူးယဉ်မနေနဲ့…ကျွန်တော် မြင်ခဲ့တာ ရှုတင်တစ်ခုက သရုပ်ဆောင်တွေမဟုတ်ဘူး"

"ခွန်း"

"……………"

"မင်း စကားကို အဲဒီလို တစ်ဖက်သတ် မပြောပါနဲ့။ အမှန်တရားကို မသိတာ မင်းတစ်ယောက်တည်းပဲ ရှိတယ်။ မင်းက ကိုယ့်ကို မကောင်းမြင်ဝါဒနဲ့ ကြည့်နေခဲ့တာကိုး"

"ခင်ဗျားကောင်းရင် ကျွန်တော် အကောင်းမြင်ဝါဒနဲ့ ကြည့်မှာပါ"

"ခွန်း"

ပြောပြီးထွက်သွားတဲ့ ခွန်းလက်ကောက်ဝတ်ကို သရ ဖမ်းဆုပ်ထားလိုက်မိသည်။ ရှင်းပြလို့မရသေးဘဲ ဒီအတိုင်းပဲ ထွက်သွားခွင့်ပြုလိုက်ရမှာလား။ ခွန်း လက်ကိုရုန်းပေမယ့်





သရက လွှတ်မပေးပေ။

"ခင်ဗျား…လွှတ်နော်"

"……………"

"ကျွန်တော့်လက်ကို ခုလွှတ်"

"ကိုယ်…မင်းကို အရမ်းချစ်တယ် ခွန်း"

ခွန်း ခဏတော့ လက်ကို ရုန်းခြင်းမှ ငြိမ်သက်ပြီး…

"ကျွန်တော်ကလည်း တစ်ခါတည်း ဖြေလိုက်မယ်။ ခင်ဗျားအတွက် ကျွန်တော့်နှလုံးသားမှာ ဘယ်တော့မှ နေရာမပေးဘူး…ရှင်းလား"

"ခွန်းရယ်"

ခွန်းလက်ကို ဆောင့်ရုန်းလိုက်ပြီး…

"ကဲ"

"ခွပ်"

သရ မေးရိုးဆီမှာ နာကျင်သွားပေမယ့် လက်နှင့် မပွတ်မိပေ။ ချစ်ရသူရဲ့လက်နှင့် ထိသွားတဲ့နေရာမို့ ထိုနာကျင်မှုကို သိမ်းထားလို့ရမယ်ဆိုရင်…

သိမ်းထားချင်တယ်…ခွန်း။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၈)

သရ စာအုပ်ကြားထဲက နှင်းဆီပန်းခြောက်ကလေးကို စိုက်ကြည့်နေမိသည်။ ဒီပန်းခြောက်ကလေးလိုပဲ ကိုယ့်နှလုံးသားလည်း နွမ်းခြောက်သွားရတော့မှာလား။ ဟင့်အင်း…မနွမ်းခြောက်ပါဘူး။

ခွန်းကို ချစ်တဲ့အချစ်တွေက ထာဝရ ရှင်သန် လန်းဆန်းနေမှာပါ။

အချစ်ကြောင့်…

ခံစားမှုတွေကို ချရေးကြည့်ချင်သည်။ ဘာတွေရေးရမလဲ။ ကဗျာရေးမလား။ သရ ဘော့လ်ပင်နံကို ကောက်ကိုင်လိုက်ပြီး တွေးမိတာလေးကို…





**နှလုံးသားအိမ်**

ကောက်ကိုင်လိုက်သမျှ
အယောင်ယောင် အမှားမှားနဲ့
အတိတ်ကဝေ ပြုစားခံရတဲ့
ငါက စိတ္တဇဝေဒနာသည်။
သူ့အတွက် သော့ခတ်မထားတဲ့ ဒီအိမ်
ဘယ်တံခါးပေါက်ကပဲ ချောင်းကြည့်ကြည့်
ပန်းနုရောင်ဖုံးလွှမ်းမှုအပြည့်နဲ့
သူ့အိမ်ထဲမှာတော့
ငါနဲ့ပတ်သက်သမျှ
အမှတ်တရဆိုတာ ဘာမှမရှိ
ဗလာကျင်းနေတဲ့ အိမ်။

သရနှောင်

ကိုယ့်ကဗျာကို ကိုယ်ပြန်ဖတ်ကြည့်ပြီး သီချင်းပဲ အော်ဆိုချင်သလို၊ ငိုပဲငိုချင်သလိုလိုပါ။ ဒီည အိပ်မပျော်တဲ့ည။ ကြင်နာစွာ အိပ်ဆေးလေးများပေးပါလို့ ခွန်းဆီ ဖုန်းဆက်တောင်းရမလား။ အိပ်ဆေးတော့ပေးမှာမဟုတ်ဘူး။ နောက်နေ့မှ လက်သီးစာအကျွေးခံရမှာ။

ခုခံလို့ရပေမယ့် မခုခံခဲ့တာ မင်းကိုသိပ်ချစ်လို့ပါ ခွန်းရယ်။

“ကျွတ်”

တော်တော်ခံရခက်တဲ့ ဝေဒနာပါလား။ ရင်ဘတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေကျုပ်နေမှန်းကို မသိပါဘူး။

"မြေး"

"…………"

"မြေး…သရ"

"ဗျာ…ဘွား"

အဲ…အဘွား တစ်ရေးနိုးလာတာထင်ပါရဲ့။

"မြေး…အခုထိ မအိပ်သေးဘူးလား။ ဘာလုပ်နေတာလဲ၊ အိပ်တော့လေကွယ်"

"အိပ်လို့မပျော်ဘူး…ဘွားရဲ့"

"ဟင်"

အဘွားက သူ့အနားထိလျှောက်လာပြီး-

"ဘာဖြစ်လို့ အိပ်မပျော်တာလဲ မြေးရဲ့…ဟိုတွေးဒီတွေး တွေးနေပြီထင်တယ်"

"ဟုတ်တယ် အဘွား…သားရင်ထဲမှာ ဘယ်လိုကြီးမှန်း မသိဘူး။ အခံရခက်နေတာ"

"သြော်…မြေးရယ်…အဲဒီလောက်ကြီးလည်း ခံစားမနေပါနဲ့ကွယ်။ တစ်နေ့နေ့တော့ သားရဲ့မေတ္တာ စေတနာတွေကို ခွန်း နားလည်လာမှာပါ။ အမှန်တရားကို လူကြီးတွေ သိနေတာပဲလေ။ သူတို့ ဖြေရှင်းပေးကြမှာပါ"

သရ သက်ပြင်းချလိုက်မိသည်။ လူကြီးတွေ ဖြေရှင်းလို့ နားလည်မှာက နောက်မှ။ အခုလောလောဆယ် ခံစားနေရတာက





ရင်ဘတ်ကြီး ပွင့်ထွက်လုမတတ်ပါပဲ။ မင်း ကိုယ့်ကို ဘာကြောင့် နားမလည်တာလဲ ခွန်းရယ်။ တကယ်လို့ ယုယနဲ့ ဖောက်ပြန်တာ အမှန်ဆိုရင်…

ကိုယ့်ကို မကြည်ဖြူတဲ့သူဆီ ဘာလို့ တွယ်ကပ်နေမှာလဲ။ ခွန်း နားလည်ဖို့ကောင်းပါတယ်။ ကိုယ် ယုယနဲ့ မရင်းနှီးချင်လို့ အမြဲတမ်း ခွန်းနဲ့အတူတူ ရှိနေအောင် ကြိုးစားခဲ့တယ်ဆိုတာ…

"မြေး"

"ဗျာ"

"ဘာမှလျှောက်တွေးမနေနဲ့…အိပ်ပျော်အောင် အိပ်လိုက်နော်…ဘာပဲဖြစ်ဖြစ် ခွန်းကို မြေးပဲ ပိုင်ဆိုင်ခွင့်ရမှာပါ"

ပိုင်ဆိုင်ခွင့်တဲ့လား။ ကိုယ်က ခွန်းရဲ့ခန္ဓာကိုယ်ကို ပိုင်ဆိုင်ခွင့် ရချင်တာမှမဟုတ်တာ။ ခွန်းရဲ့နှလုံးသား၊ ခွန်းရဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ရချင်တာပါ။ ခွန်းကသာ ကိုယ့်ကို ပြန်ချစ်မယ်ဆိုရင် ဘာပဲ လုပ်ရလုပ်ရ သရနောင်ဆိုတာ ခွန်း လက်ညှိုးညွှန်ရာ…

ပန်းတွေပွင့်ပြီး စမ်းရေစီးစေချင်တဲ့ကောင်ပါ ခွန်းရယ်။ အဘွား စိတ်ကောင်းအောင်တော့…

"ဟုတ်ကဲ့ပါ…အဘွား…အဘွားလည်း အိပ်တော့လေ"

"အဘွားက တစ်ရေးနိုးလာတာ မြေးရဲ့…မြေးအခန်းက မီးရောင်မြင်လို့ လာကြည့်တာ။ ဘာမှတွေးမနေနဲ့တော့နော်…ခွန်းဘက်ကကြည့်ရင်လည်း မြေးကို ချက်ချင်း လက်ခံဖို့ သူ ရှက်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အဘွား"

သရ နားမလည်သလို အဘွားကို ပြန်မေးလိုက်တော့ အဘွားက ပြုံးပြီး သူ့ပခုံးကို ဆုပ်ကိုင်လိုက်ကာ…

"မြေး…စဉ်းစားကြည့်လေကွယ်။ ခွန်းက သူ့ကိုယ်သူ ယောကျ်ားလေးလို့ သတ်မှတ်ပြီး မိန်းကလေးနဲ့ အိမ်ထောင်ပြုခဲ့ဖူးတာ။ မပေါင်းသင်းပေမယ့် အဲဒီလိုအမည်ခံပြီး အခုအခြေအနေအရ သူ့ခမျာ အမှန်တရားဆိုတာကြီးကို လက်ခံလိုက်ရတာ။ အခုချက်ချင်း ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို ထပ်လက်ခံဖို့ သူ ရှက်နေမှာပေါ့။ အခုရေတွင်းတူး အခုရေကြည်သောက်ချင်လို့တော့ မရဘူးလေ မြေးရဲ့…မြေး သေသေချာချာ စဉ်းစားပါကွယ်"

အင်း…ဘွားပြောပြတာလည်း ဟုတ်တော့ဟုတ်သား။ ကိုယ့်စိတ်တွေက ဆန္ဒစောနေတာပဲဖြစ်မှာပါ။ အချိန်ယူပြီး ကြိုးစားရမှာပေါ့။ ခွန်းရယ်…မင်းနှလုံးသားက ကိုယ့်နှလုံးသားက အချစ်တွေကို ခံစားနားလည်နိုင်ပါစေ။

"သား…နားလည်ပါပြီ အဘွား။ သား ခွန်းကို နားလည်ပေးနိုင်ရမှာပေါ့"

ဒေါ်မြနုစ် ခေါင်းညိတ်လိုက်ပြီး…

"မြေး…အိပ်တော့နော်"

"ဟုတ်ကဲ့ပါ…အဘွား"





"ဒါဆို အဘွားလည်း သွားတော့မယ်"

"ဟုတ်ကဲ့"

အဘွား ပြန်ထွက်သွားတော့ သရ ပန်းခြောက်ကလေးကို ငုံ့နမ်းပြီး နှုတ်ဆက်လိုက်သည်။ ချစ်သူရဲ့ခေါင်းမှာ ပထမဦးဆုံး ပန်ဆင်ခဲ့ဖူးတဲ့ပန်းမို့ ခြောက်နေတာတောင် စိတ်ထဲမှာတော့ အမွှေးပျံ့ဆုံးပေါ့။

အိပ်ရာထဲရောက်တော့ ထိုနေ့က အဖြစ်အပျက်ကလေး ပြန်တွေးမိပြီး ခွန်းပါးပြင်က သနပ်ခါးနံ့လေးသည် နှာခေါင်းမှာ အခုထိ စွဲကျန်ရစ်သလို…

ရင်ထဲမှာ နွေးထွေးလိုက်ခုန်စွာ…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၉)

"ပြောလိုက်တိုင်း မပြောနဲ့၊ သူ့အကြောင်း မကြားချင်ဘူး ဆိုတော့ မပြောရင် ငါ့မြေး အမှန်တရားကို ဘယ်လို သိမှာလဲ…ပြောပါဦး"

ဘိုးဘိုးရဲ့အသံက ခပ်မာမာဖြစ်နေတာကြောင့် ခွန်း ငြိမ်နေလိုက်တော့သည်။ အစတည်လိုက်တဲ့စကားက သရနဲ့ပတ်သက်ပြီး မြေးအထင်လွဲနေတာကို ဘိုးဘိုး ရှင်းပြချင်လို့တဲ့။

ကိုယ့်မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာကို ဘာတွေများ ရှင်းပြချင်သေးတာလဲ။

"ဟုတ်တယ် သမီး…သရက သမီးထင်သလို မဟုတ်ဘူး။ သူက တော်တယ်၊ ထက်မြက်တယ်။ အဲဒါက ထားပါ။ သူ့စာရိတ္တကိုပဲ ဖေဖေ ပြောပြချင်တယ်။ သူသာ သမီးထင်သလို မိန်းမကိစ္စရှုပ်ချင်ရင် ယုယလို





မိန်းကလေးမျိုး သူ ဘယ်ရှုပ်မှာလဲ။ သူ့ရုပ်ရည်၊ သူ့အရည်အချင်းနဲ့ ယုယထက် အစစအရာရာသာတဲ့ မိန်းကလေးတွေကို သူ ရွေးချယ်မှာပေါ့"

"လူ့စိတ်ဆိုတာ ခန့်မှန်းလို့ရတာမှ မဟုတ်ဘဲ ဖေဖေ"

ဒီသမီးနဲ့ အပြောရခက်လိုက်တာလို့ ဦးမြင့်လွင် စိတ်ပျက်မိပါသည်။

"သမီး"

"…………….."

"သမီး အဲဒီလိုခေါင်းမာပြီး တဖွတ်ထိုးဆန့်မှုကြောင့် မမှားသင့်တာတွေ မှားခဲ့ပြီးပြီနော်"

ခွန်း ခေါင်းငုံ့ပြီး ငြိမ်နေလိုက်၏။ မှားခဲ့ဖူးတဲ့တစ်ခါက တစ်သက်စာပြောစရာ ဖြစ်နေခဲ့ပြီလား။ ကိုယ်လွန်ခဲ့တာမို့လည်း ခွန်း တောင်းပန်ပြီးပြီ။ ပြောင်းလဲပါဆိုလို့လည်း ပြောင်းလဲခဲ့တယ်လေ။

ဒါ့အပြင်…

ခွန်း ဘာတွေထပ်ပြီး လိုက်နာပေးဆပ်ရဦးမှာလဲ။

"မြေး…ယုယတို့မောင်နှမအကြောင်းကို ဘယ်လောက်သိလဲ။ ချစ်တယ်ဆိုတဲ့စိတ်နဲ့ပဲ အကောင်းဘက်ကချည်း မြင်နေမှာပေါ့"

"ခွန်း…သူတို့အကြောင်းလည်း မကြားချင်ဘူး ဘိုးဘိုး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဘက်က ဘဝကို ပြည်ဖုံးကားချလိုက်ပြီ''

''အဲဒီလို ပွဲပြီးမီးသေမဟုတ်လို့ ပြည်ဖုံးကားချလို့ မရသေးဘူး မြေး…အမှန်တရားကိုတော့ သိရမယ်။ တစ်ဖက်သတ်အမြင်နဲ့ပဲ ရှိစေတော့ဆိုရင် တကယ်ရိုးသားတဲ့သူက ဘယ်လောက်နစ်နာသလဲ။ ဆုံးရှုံးသွားတာက သိက္ခာနဲ့ ကိုယ်ကျင့်တရားလေ''

''ဟုတ်တယ်…သမီး… သမီး ဘိုးဘိုးနဲ့ ဖေဖေ ရှင်းပြတာကို နားထောင်လိုက်ပါ''

ခွန်း စိတ်ပျက်စွာ ခေါင်းခါလိုက်မိသည်။ ကိုယ့်လူ့ဘက်သားဖြစ်ပြီး ဘာလို့ သရကို ကာကွယ်ပေးနေကြတာလည်း နားမလည်နိုင်။ ခွန်းရင်ထဲမှာ နာကျင်ခံစားမှုတွေပြည့်နေတာ အဲဒီလူကြောင့်။ ခွန်းကို ညာတယ်။ ခွန်းကို လှည့်စားခဲ့တယ်။ ယိမ်းယိုင်ခဲ့မိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း မုန်းသည်။

''ယုယက အရင် မန္တလေးက သူဌေးအိမ်တစ်အိမ်မှာ အိမ်ဖော်လုပ်ဖူးတယ်။ အိမ်ရှင်က သူဌေးလင်မယားနဲ့ သမီးလင်မယား ကလေးတွေနဲ့နေကြတာ။ ယုယက သားမက်ဖြစ်သူရဲ့ အငယ်အနှောင်းဘဝနဲ့ ပိုင်းလုံးလုပ်ခဲ့တာ။ အဲဒါကြောင့်ပဲ သူတို့ နှင်ထုတ်ခဲ့ကြတယ်။ သူ့အစ်ကို ဇော်မိုးဝေကလည်း လူရှုပ်''

''ဟင်''

ဟုတ်ပါ့မလား။ ခွန်းနဲ့ စတွေ့တုန်းက ယုယက အထည်





ချုပ်စက်ရုံမှာ ရိုးရိုးသားသား လုပ်နေတာပါ။ ခွန်း သူငယ်ချင်းနဲ့ လိုက်သွားရင်း ယုယနဲ့ ခင်ခဲ့တာလေ။ သူငယ်ချင်းကလည်း ကိုယ့်လို ဟိုမရောက် ဒီမရောက်ဆိုတော့ မိန်းကလေးချောချော လှလှမြင်ရင် ပိုးရပန်းရပေါ့။

စက်ရုံက သူငယ်ချင်းရဲ့မိဘတွေ ပိုင်တာလေ။ သူ့အမေဆီ မုန့်ဖိုးတောင်းသွားရင်း ယုယနဲ့ ဆုံခဲ့ကြတာပါ။ နောက်တော့ ခွန်းပဲ ယုယအလုပ်သွားရင် လိုက်ပို့လိုက်ကြိုနဲ့ပေါ့။

''ငါ့သမီးကိုလည်း ယုယက ချူစားမြှူစားနေခဲ့တာပဲ။ သမီး စဉ်းစားကြည့်လေ။ တစ်သက်လုံး ပေါင်းသင်းလို့ ရကြတာမှ မဟုတ်တာ။ မက်လုံးမရှိရင် သမီးကို သူ…''

''တော်ပါတော့ ဖေဖေရယ်''

''မြင့်လွင်''

''ဗျာ…အဖေ''

''လိုရင်းကိုပဲ ပြောလိုက်တော့''

''ဟုတ်ကဲ့''

ဆက်မကြားချင်ပေမယ့် နားထောင်ရဦးမှာပါလား။

''သမီး''

''…………….''

''သမီးမြင်ခဲ့တဲ့ကိစ္စကလည်း လုပ်ကြံမှုတစ်ခုပါ။ ယုယက သရကို လုပ်ကြံတယ်။ ဇော်မိုးဝေက ဓာတ်ပုံရိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ အဲဒီဓာတ်ပုံတွေကို အင်တာနက်ပေါ်
တင်မယ်ဆိုပြီး ခြိမ်းခြောက်တယ်။ မတင်စေချင်ရင်
သိန်းတစ်ရာ ပေးရမယ်တဲ့”

ခွန်းမျက်လုံးလေး ဝိုင်းသွားလေသည်။ ဒီအဖြစ်မျိုးတွေ ဇာတ်လမ်းတွေထဲမှာပဲ ရှိတယ်ထင်တာ။ အပြင်မှာလည်း ရှိတယ်လား။ ဒါ တကယ်လား။ လုပ်ကြံဇာတ်လမ်းလား။ ခွန်း ဝေခွဲလို့ မရပေ။

“အဲဒီကိစ္စကို သမီးရဲ့ဘိုးဘိုးနဲ့ဖေဖေပဲ ဝင်ရှင်းပေးခဲ့ရတာပါ”

“အဲဒါ…တကယ်…တကယ်ပဲလား ဖေဖေ”

“ဖေဖေ့မှာ သက်သေရှိပါတယ်”

ပြောပြီး ဦးမြင့်လွင် ဖုန်းကို ယူလိုက်သည်။ ပြီးတော့ သူတို့ ရိုက်ယူလာခဲ့တဲ့ ဓာတ်ပုံတွေကို ပြလိုက်၏။ ခွန်း တအံ့တသြနှင့် သာ…

“တောက်…ယုတ်မာလိုက်တာ”

“ဟုတ်တယ် သမီး…ဒီဓာတ်ပုံတွေနဲ့ပဲ သူတို့ကို ပြန်ပြီး ခြိမ်းခြောက်လို့ ဘာငွေမှ မပေးလိုက်ရတာတဲ့လေ။ သရက အမှုမဖွင့်ဘဲ သူတို့ဆီက ရိုးရိုးသားသား လုပ်ကိုင်စားသောက်ဖို့ကတိပဲ တောင်းခဲ့တာတဲ့”

အခုတစ်ခါ ဝင်ပြောသူက မေမေပါ။ ဖေဖေတို့က လုပ်ကြံပြီး ပြောတယ်ထားဦး။ မေမေကတော့ လုပ်ကြံပြောမှာ မဟုတ်





သေ။ ယုယက အဲဒီလောက်အထိ ယုတ်မာပက်စက်တယ်လား။ ဒါဆို ခွန်း ကံကောင်းလို့ စောစောစီးစီး အိမ်ပြန်လာမိတာပေါ့။

“သူတို့ရဲ့ ပထမပစ်မှတ်က သမီးပဲ”

“ဟင်”

“ဇော်မိုး ရောက်လာတာ သမီးရဲ့ဘဝကို ဖျက်ဆီးပြီး အရယူလက်ထပ်ဖို့။ အဲဒါဆို သူ သူဌေးသားမက်ဖြစ်ပြီ ပေါ့”

အခုမှ ခွန်း ပြန်တွေးကြည့်မိပြီး ကျောပင်ချမ်းလာသလိုလို ပါ။

“ဒါပေမဲ့ သရက သမီးကို အတတ်နိုင်ဆုံး ကာကွယ်နေတော့ သူတို့အကြံ မအောင်မြင်ဘူးလေ။ ဒုတိယပစ်မှတ် ဖြစ်တဲ့ သရ ခံလိုက်ရတာပေါ့”

ခွန်း ရင်ထဲမှာ ဆစ်ကနဲ နာကျင်ခြင်းနှင့် အောက်နှုတ်ခမ်းကို ဖိကိုက်မိလိုက်သည်။ လုပ်ရက်လိုက်တာလို့လေ။ ယုယအပေါ်မှာ ခွန်း ဘယ်လောက်ကောင်းခဲ့လဲ။ မိဘအိမ်ပြန်လာတာတောင် ကိုယ်ပိုင်တဲ့ပစ္စည်းတွေကို ထားခဲ့ပေးတာ။ သူကတော့ ဘယ် မျက်နှာမှမထောက်ဘဲ…

ခွန်းဘဝကို ဖျက်ဆီးပစ်ဖို့အထိ အကြံပက်စက်ခဲ့တယ်တဲ့ သား။ ကိုယ့်စေတနာမေတ္တာတွေနဲ့ မတန်လိုက်တာ။ ခွန်းကိုက ရှုံးတာပါ။ လူတွေကို အယုံလွယ်ခဲ့တာ။ သနားတတ်ခဲ့တာ။

“သမီး”



www.burmeseclassic.com

www.burmeseclassic.com



“…………”

“တကယ်တော့ သရကမှ သမီးအပေါ်မှာ မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ခဲ့တာပါကွယ်…သူ့ခမျာ သမီးကို ကာကွယ်ဖို့အတွက် အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ လာနေခဲ့ရှာတာပါ”

“ဘယ်လို…မေမေ”

ခွန်း နားမလည်သလို ပြန်မေးလိုက်တော့…

“ဟုတ်တယ် မြေး…သရကို မြေးနဲ့ အနီးကပ်နေနိုင်အောင် မြေးကို ကာကွယ်စောင့်ရှောက်နိုင်အောင် ဘိုးဘိုးလွှတ်လိုက်တာ။ သရက မြေးခေတ်ပုံကို မြင်ပြီးကတည်းက မြေးကို သဘောကျနေတာလေ”

“လူကြီးချင်း သဘောတူထားကြတာတော့ ကြာပြီပေါ့။ ဒါပေမဲ့ ဖြစ်ပါ့ဖြစ်ပါ့မလားလို့ တွေးခဲ့ကြတာ။ အခု သရဘက်ကတော့ အဆင်ပြေပါတယ်။ ခွန်းမှခွန်း ဖြစ်နေတာ”

ခွန်း ကြားနေရသမျှ မယုံနိုင်စရာတွေချည်းပါပဲလား။ ကိုသရနဲ့ခွန်းကို လူကြီးချင်း သဘောတူထားကြတယ်တဲ့။ ခွန်း ဘာပြောရမလဲ။ ဘာဆက်လုပ်ရမလဲ။ ခက်တော့ ခက်နေပါပြီ။ ခွန်း လက်ခံလိုက်ရင် ပတ်ဝန်းကျင်က ဘာပြောကြမလဲ။ မိန်းကလေးဘဝကို လက်ခံလိုက်တာ ယောကျ်ားယူချင်လို့လို့ ပြောကြမှာပေါ့။





“သမီး”

“…………”

“သမီးဘက်ကရော လက်ခံမယ်မဟုတ်လား…ဟင်”

“ခွန်း…လက်မခံနိုင်ဘူး မေမေ”

“ဟင်”

“ခွန်း အမှန်တရားကို လက်ခံပါဆိုလို့ လက်ခံပြီးပြီ။ ဒါကို ထပ်ပြီး အိမ်ထောင်ပြုနိုင်းတော့ ခွန်းကို ဘာပြောကြမလဲ”

“ဘယ်သူဘာပဲပြောပြော ဂရုစိုက်စရာမလိုဘူး…သမီး။ လူကြီးတွေ စီမံလို့ လက်ခံတာပဲလေ”

“ခွန်း လက်မခံဘူး ဖေဖေ…ခွန်း အပြတ်ပဲပြောမယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး နောက်ထပ် ခွန်းကို ဘာမှမပြောပါနဲ့။ ဒါကိုမှ ဇွတ်တိုးစီစဉ်ကြမယ်ဆိုရင်တော့ ခွန်း အဆိုးမဆိုနဲ့”

ခွန်းက အဲဒီလို ဇွတ်တရွတ် တခေါက်ကန်းပါ။ လူကြီးတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး တိတ်ဆိတ်သွားကြတော့၏။

ဒီကိစ္စအောင်မြင်ဖို့…

သရကိုယ်တိုင် ကြိုးစားမှ ရမယ်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၀)

ဒီနေ့ အိမ်မှာ လူကြီးတွေမရှိဘူးတဲ့။ ပြောရရင် ရှောင်ပေးကြတဲ့သဘောလေ။ ကိုယ့်ဘာသာကိုယ် ကြိုးစားပေတော့တဲ့။ ဒါကြောင့် သရ ခွန်းတို့အိမ်သို့ လာခဲ့တာပါ။ ခြံတံခါး လာဖွင့်ပေးမယ့်သူရှိလို့ တော်သေးတာပေါ့။ ခွန်းတစ်ယောက်တည်းသာ အိမ်မှာရှိရင်…

ခြံတံခါး လာဖွင့်ပေးမှာမဟုတ်မှန်းသိလို့…

ခြံစောင့်တော့ အပြင်ခေါ်ထုတ်မသွားဘဲ အိမ်မှာ ချန်ခဲ့လို့ ယောက္ခမကြီးတွေကို ကျေးဇူးတင်လိုက်တာ။ သရ အိမ်ထဲကို ဝင်လာတော့ ခွန်းကို ဧည့်ခန်းထဲမှာ တွေ့လိုက်ရသည်။ ဝမ်းသာလိုက်တာ။





"ခွန်း"

"ဟင်"

ခွန်း စာအုပ်ဖတ်နေရင်းမှ မော့ကြည့်ပြီး သရကို မြင်လေတော့…

"ခင်ဗျား"

"ဘာလဲ…လန့်သွားတာလား"

"ခင်ဗျား…ခင်ဗျား ရောက်လာပြန်ပြီလား ကိုသရ"

"ရောက်လာတာ ဘာဆန်းလို့လဲ…ဒီအိမ်က ကိုယ့်အတွက် တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာခွင့် ပေးထားတာပဲ ဟာ…ပါမစ်ရပြီးသားလေ"

ပြောရင်းပဲ ဘယ်သူမှ ထိုင်ခွင့်မပေးလည်း ဝင်ထိုင်လိုက်လေသည်။

"ဒါဆိုလည်း လူကြီးတွေ အိမ်မှာရှိတဲ့အချိန် လာပါလားဗျ"

"ခွန်းတစ်ယောက်တည်း အိမ်မှာရှိတဲ့အချိန်ကိုပဲ ရွေးလာခဲ့တာလေ"

"ဘာ"

"လန့်မသွားပါနဲ့…မင်းကို ကိုယ် ဘာမှမလုပ်ပါဘူး"

"အမယ်…လုပ်ရဲလုပ်ကြည့်ပါလား။ ခွန်းအကြောင်း သိသွားမှာပေါ့"

သိတဲ့အတိုင်းပဲ တွေ့တာနှင့် ရန်ကဖြစ်ပြီ။ ခွန်းက



www.burmeseclassic.com

www.burmeseclassic.com



ရန်စကားပြောနေတာလေ။ သရကတော့ ခွန်းနဲ့ ရန်မဖြစ်ချင်ပါဘူး။ ငြိမ်းချမ်းရေးယူချင်တာပါ။

"ခွန်းကလည်း ကိုယ့်ကို တွေ့တာနဲ့ ရန်သူလို ဆက်ဆံတော့တာပဲ။ ကိုယ် ခွန်းနဲ့ ရန်မဖြစ်ချင်ဘူး"

"ရန်မဖြစ်ချင် မလာနဲ့လေ…ခင်ဗျားကို ဘယ်သူက ဖိတ်ခေါ်လို့လဲ"

"ခွန်း"

"ခင်ဗျား အဲဒီမှာပဲ ထိုင်နော်"

ခွန်းက လက်ညှိုးထိုးပြီးပြောလေတော့ သရ ထရပ်မလိုလုပ်ပြီးမှ ပြန်ထိုင်ရသည့်အဖြစ်ပါ။ ပြောတဲ့ကြားကသွားရင် လက်သီးနဲ့ ထိုးဦးမလားပေါ့။ ဒါ…ကြောက်တာမဟုတ်ပါဘူး။ ချစ်လို့ အလျှော့ပေးတာပါ။

"ကိုယ်…ခွန်းကို ပြောစရာရှိတယ်"

"ကျွန်တော် နားထောင်ဖို့မအားဘူး"

"ဟင်…မအားတဲ့သူက ဒီအတိုင်း ငုတ်တုတ်ထိုင်နေတာပဲလေ။ နားက အားနေတာပဲဥစ္စာ…မရဘူးပြောမှာပဲ"

ကဲ…ပြောဆိုသည့်သဘောနှင့် ခွန်း မေးဆတ်ပြလိုက်သည်။ မပြောနဲ့ဆိုလည်း ပြောမှာကို သိနေသည်လေ။ ပြန်လို့နှင်လို့လည်းမရ။

"လူကြီးတွေ ပြောထားပြီးပြီမဟုတ်လား"

"ဘာကိုလဲ"





"မင်းနဲ့ကိုယ် လက်ထပ်ဖို့ကိစ္စ"

"အပြတ်ငြင်းလိုက်တယ်"

"ဘာ"

ဒီတစ်ခါတော့ မရတော့ပေ။ သရ ထသွားပြီး ခွန်းဘေးမှာဝင်ထိုင်လိုက်ကာ…

"ပြန်ပြောစမ်း"

"ခင်ဗျား ကျွန်တော်နဲ့ ဝေးဝေးနေနော်"

"ဝေးဝေးမှာနေလို့မရအောင် ချစ်တာ"

"တောက်"

ခွန်း လက်ရွယ်လိုက်စဉ်မှာပဲ သရက ထိုလက်ကို ဖမ်းဆုပ်ထားလေသည်။ ဒီလက်က ကိုယ့်ကျမှ ဒီလောက်သွက်နေတာလားတော့ မသိပါဘူး။ ကိုယ့်လက်က သူ့ထက်သွက်ပေမယ့် သူ့ကိုတော့ အရှုံးပေးထားခဲ့တာလေ။ ဒါကိုပဲ အနိုင်ယူနေတာကောင်းသလား။ ကိုယ်ကတော့ ချစ်လိုက်ရတာ။ အရာရာမှာသူ့ကို ငဲ့ညှာခြင်းတွေနဲ့ပေါ့။

သူကကျတော့…

ဘာကိုမှ မထောက်ထား မငဲ့ညှာ။ ကိုယ်ပေးတိုင်း ပြန်မရတဲ့အရာသည် အချစ်တဲ့လား။

"ဒီတစ်ခါ မရတော့ဘူး ခွန်း…မင်း နှိပ်စက်သမျှ ကိုယ်ငြိမ်ခံနေခဲ့တာ ညံ့လို့မဟုတ်ဘူးကွ။ မင်းကို သိပ်ချစ်လို့ အရှုံးပေးခဲ့တာ…နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး…ဖယ်"

"မဖယ်ဘူး"

"ခင်ဗျားနော်"

"မင်းက ယုယအပေါ်မှာ ကောင်းခဲ့သလောက် ငါ့စေတနာ မေတ္တာတွေကိုကျတော့ ဥပေက္ခာပြုတယ်။ ဘာလဲ… ငါက မလိမ်တတ် မညာတတ်လို့လား…ခွန်း။ မင်းက လူရိုးကိုကျတော့ သူခိုးထင်ပြီး သူခိုးကိုကျ ဓားရိုးကမ်း ခဲ့တယ်။ ငါက မင်းအတွက် ပေးဆပ်မှုသက်သက်နဲ့ ချစ်ခဲ့တဲ့ကောင်ပါကွ"

အမယ်…သူ့လေသံက မာနေပါလား။ မျက်နှာထားက ဒေါသထွက်နေပုံ။ ခွန်းက သူ့ကို ပြန်ကြောက်ရမလိုပါလား။ သေသေချာချာ ပြန်တွေးကြည့်ရင် ဟုတ်တော့ဟုတ်ပါတယ်။ ခွန်း ယုယအတွက် ပေးဆပ်ခဲ့တာ အများကြီးပဲလေ။ ဒါပေမဲ့ ကိုယ့် အပေါ်မှာ ယုယ မကောင်းခဲ့ဘူး။

"ခွန်း"

"…………"

"မင်း ဘာဖြစ်လို့ ငါ့အချစ်ကို အသိအမှတ်မပြုနိုင်တာလဲ။ ငါ့မှာ မင်း မကြိုက်တဲ့အချက် ဘာရှိလဲ"

"မသိဘူး…မပြောနဲ့"

ခွန်း လက်ကိုဆောင့်ရုန်းလို့ လွတ်ထွက်သွားပေမယ့် ကိုယ် လေးက သရရင်ခွင်ထဲသို့ ရောက်သွားလေသည်။ ပထမ ကြောင်





သွားချိန်မှာ ပါးပြင်လေးဆီက နွေးကနဲပါပဲ။ နောက်မှ သတိရပြီး မျက်နှာကို လွှဲလိုက်ကာ…

"ခင်ဗျားနော်"

"…………"

"ကိုသရ"

"…………"

"အဟင့်…ဟီး"

"ဟင်"

ရုန်းမရလို့ ခွန်း ငိုချလိုက်တော့မှ သရ ခွန်းကိုယ်လေးကို လွှတ်ပေးလိုက်ကာ…

"ဆောရီး…ကိုယ် တောင်းပန်ပါတယ်"

"တောက်"

ခွန်း မျက်ရည်တွေကို လက်ခုံနှင့် ပွတ်တိုက်ပစ်ပြီး သရကို ခပ်စူးစူးကြည့်၍ တက်ခေါက်ပြီးနောက်မှာတော့ အပေါ်ထပ်သို့ ပြေးတက်သွားလေတော့သည်။

"ခွန်း"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၁)

ခွန်း…ကိုယ့်အခန်းထဲရောက်တော့ တသိမ့်သိမ့် ရှိုက်ငိုမိသည်။ ခွန်း ဘာလုပ်ရမလဲ။ လူကြီးတွေက သဘောတူလို့ လက်ထပ်ပေးချင်တယ်။ ခွန်းလည်း သူ့ကို သံယောဇဉ်ရှိပါတယ်လေ။

ဒါပေမဲ့ ခွန်း သူ့အချစ်ကို ဘယ်လိုလက်ခံရမလဲ။ ငါ ယောကျ်ားပါလို့ ကြွေးကြော်ခဲ့ပြီး အခု အခြေအနေအရ မိန်းကလေးဘ၀ကို လက်ခံထားတာမှ မကြာသေးဘူး။ အရင်က မိန်းမ ယူတယ်။ အခု ယောကျ်ားယူရမယ်ဆိုတော့ ဘယ်လောက် ရှက်ဖို့ကောင်းလဲ။

"ခွန်း"

"…………"

"သမီး"





"ဒေါက်…ဒေါက်"

"သမီး"

မေမေ့အသံမို့ ခွန်း မျက်ရည်တွေသုတ်ပြီး တံခါးသွားဖွင့်ပေးလိုက်သည်။ တံခါးဖွင့်ပေးပြီးတာနှင့် အိပ်ရာထက်မှာပဲ ပြန်လာထိုင်တော့ မေမေက လိုက်လာကာ…

"သရန့်ကိစ္စမှာ မေမေ ဝင်မပါဘူးဆိုပြီး ကြည့်နေခဲ့တာ။ အခု ဝင်မပါလို့ မရတော့ဘူး သမီး…သမီးဘက်က တရားလွန်နေပြီ"

"ဟင်"

ခွန်း မေမေ့ကို တအံ့တဩလေး ကြည့်လိုက်မိသည်။ တစ်ဦးတည်းသော သမီးလေးမို့ လေသံမာမာနှင့် မပြောခဲ့တဲ့ မေမေက အခု လေသံမာတဲ့အပြင် မျက်နှာကလည်း တင်းနေသည်။

"သရကို သမီးဘက်က ရှက်လို့ ချက်ချင်း လက်ခံမပေးနိုင်ဘူးဆိုရင် မေမေတို့ နားလည်ပေးလို့ရတယ်။ အခုက ဘာလို့ ခါးခါးသီးသီးဖြစ်နေတာလဲ"

"မေမေ"

"ဘာလဲ…သရက သမီးပိုင်ဆိုင်ရမယ့် ပစ္စည်းတွေကို လိမ်ညာမစားတတ်လို့လား။ မိန်းကလေးတန်မယ့် Taxi ထွက်မမောင်းနိုင်းလို့လား…ပြောပါဦး"

ကိုယ့်မိုက်ပြစ်က အခုတော့ ပြောစရာဖြစ်နေပြီပေါ့။ မိဘ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ထော်လော်ကန့်လန့်လုပ်ပြီး ထွက်သွားခဲ့တဲ့ ခွန်း။ အယုံလွယ်လို့ ဘဝမပျက်ခဲ့တာ ကံကောင်းပေ့။ ဒီကိစ္စတွေက ဒီလိုပဲ ခွန်းကို အရိပ်လို ကပ်လိုက်ပြီး နှိပ်စက်နေတော့မှာလား။ ကိုယ်မှားခဲ့တော့ ဖြေရှင်းစရာ စကားလုံးမရှိ။

ခံပေတော့ ခွန်း…

အပြောမခံနိုင်လို့ မိဘကို ကန့်နကောစလုပ်ပြီး ပြန်ထွက်သွားရင် အခုတစ်ခါလိုက်ပြီး ကာကွယ်စောင့်ရှောက်မယ့်သူ ရှိမှာမဟုတ်တော့ပေ။

"သူ့မှာ နင့်ကြောင့် ရခဲ့တဲ့ဒဏ်ရာတွေ အများကြီးပဲ။ လက်မောင်းက ဓားဒဏ်ရာ၊ စိတ်ဒဏ်ရာ၊ နှလုံးသားဒဏ်ရာ…အဲဒီအထဲမှာ အဆိုးဆုံးကတော့ စိတ်ဒဏ်ရာပဲ။ နင့်ကြောင့် လူတစ်ယောက် ဘဝပျက်စီးသွားခဲ့ရင်"

"မေမေ"

"…………"

"ခွန်းက တရားခံဖြစ်နေပြီလား မေမေ…ခွန်းကြောင့် သူက ဘဝပျက်သွားနိုင်တယ်တဲ့လား"

"သေချာတာတစ်ခုကတော့ အရက်သမားဖြစ်မလားပဲ"

"ဟင်"

ဒီလိုကျတော့ ခွန်း သူ့အတွက် စိုးရိမ်မိသွားသည်။ ခွန်းကြောင့် သူ အဲဒီလိုဖြစ်နိုင်သလား။ အဲဒီလိုကြီးတော့ ခွန်း အပြစ်မခံနိုင်ပါဘူး။





"မေမေ"

"…………"

"ခွန်း ဘာလုပ်ရမလဲ…ဟင်"

"ဘာလုပ်သင့်တယ်ဆိုတာ ကိုယ့်ဘာသာ စဉ်းစားဆုံးဖြတ်ပေ့။ ရော့…ဒါ သရ ပေးခဲ့တာ"

မေမေက ကမ်းပေးတာ စာအုပ်ကလေးတစ်အုပ်။ စာအုပ်ကိုပေးပြီး မေမေက ပြန်ထွက်သွားလေသည်။ ခွန်း စာအုပ်ကို ကမန်းကတန်းပဲ ဖွင့်လိုက်မိ၏။ သူ ဘာတွေ ရေးထားပါလိမ့်။

"ဟင်"

သိချင်ဇောဖြင့် ဖွင့်လိုက်မိတာက စာအုပ်ရဲ့ သုံးချိုးတစ်ချိုးနေရာ။ စာအုပ်ထဲမှာ ညှပ်ထားတာ နှင်းဆီပန်းခြောက်ကလေး။ တကယ်ပဲ သိမ်းထားခဲ့တာပါလား ကိုသရရယ်…

ခွန်း စာအုပ်ရဲ့အစကို လှန်လိုက်တော့ ပထမတစ်ရွက်မှာ ဘာမှရေးမထားပေ။ နောက်အရွက်မှာတော့ ရက်စွဲနှင့်အတူ…

အဟား…

ချာတိတ်က ကိုယ့်ကို ကြည်ပုံမရဘူး။

မကြည်မရှိပါနဲ့ ချာတိတ်ရယ်…

ငါက မင်းကို ကာကွယ်စောင့်ရှောက်ဖို့ ရောက်လာတဲ့သူပါ…

မင်းက ပန်းကလေးမို့ ကြွေမှာစိုးလို့ ငါက ကာကွယ်ပေးရမယ့်သူ…



www.burmeseclassic.com

www.burmeseclassic.com



ငါက…

ပန်းကာဆူးပေါ့ကွာ။

နောက်ထပ်စာမျက်နှာတွေမှာလည်း ခွန်းနဲ့ပတ်သက်တဲ့ အကြောင်းတွေချည်းပါပဲ။ နှင်းဆီပန်းညှပ်ထားတဲ့နေရာလေးကို ရောက်တော့…

ခွန်း…

မင်းက ယောကျ်ားလေးစိတ်ဝင်နေတော့ ဘယ်ပန်းပန်မှာလဲ နော်…

ဒီနေ့…

မင်း ပန်ခဲ့တဲ့ပန်းက မင်းခေါင်းမှာ ပထမဦးဆုံး ခစားခွင့် ရတဲ့ပန်းပဲ ဖြစ်ရမယ်။ အဲဒီပန်းလေးကို ငါ သိမ်းထားခွင့်ရလို့ ပျော်လိုက်တာကွာ…

မိန်းကလေးပုံစံလေးနဲ့…

မင်း အရမ်းလှတာပဲ ခွန်းရယ်။ မင်းကို ငါ အရမ်းချစ်တယ် ခွန်း…

အဲဒါကြောင့်…

မင်းပါးပြင်လေးကို မကြည်ဖြူဘဲ နမ်းလိုက်မိတဲ့အတွက် ခွင့်လွှတ်ပါကွာ…

ခွန်း နောက်ထပ် မဖတ်ချင်တော့ပေ။ ဒါကြောင့် စာအုပ်ကို ပိတ်ပစ်လိုက်တော့သည်။ သြော်…သူ ဒီပန်းလေးကို တကယ် သိမ်းထားခဲ့တာပဲ။





"ဒီတစ်ခါတော့ မရတော့ဘူး ခွန်း…မင်း နှိပ်စက်သမျှ ကိုယ် ငြိမ်ခံနေခဲ့တာ ညံ့လို့ မဟုတ်ဘူးကွ။ မင်းကို သိပ်ချစ်လို့ အရှုံးပေးခဲ့တာ နားလည်လား"

သြော်…ကိုသရရယ်…သူပြောတာ ဟုတ်တာပေါ့။ ခွန်း လက်သီးနဲ့ သူ့ကို ထိုးခဲ့တာ တစ်ခါနှစ်ခါ မကဘူးလေ။ သူ တုံ့ပြန်လို့ရပေမယ့် ခွန်းကို ဘာမှမတုံ့ပြန်ခဲ့တာ ခွန်းကို တကယ် ချစ်လို့သာပေါ့။

ဒါပေမဲ့…

အခြေအနေက ဖြစ်မှမဖြစ်နိုင်ဘဲလေ။ ခွန်း တစ်ချိန်က မိုက်ပြစ်ကို မျက်ရည်နဲ့ ဆေးကြောရတော့မည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၂)

"ဝေါ"

"ဖလပ်...ဖလပ်"

"ဝေါ"

"ဟင်"

အပြင်မှာ မိုးတွေရွာနေပါလား။ ခွန်းကျောထဲမှာ ချမ်းစိမ့်စိမ့်ဖြစ်လာတာမို့ တံခါးပိတ်ရန် အိပ်ရာထက်မှ ထလာခဲ့တော့သည်။

"ဝေါ"

"ဒိုး"

"ကျွိ"

"ဝေါ"

"ဂျိမ်း"

"အမေ့"





မိုးရော လေရော အသံတွေက ခပ်ကြမ်းကြမ်းနှင့် မိုးက ခြိမ်းလိုက်တော့ ခွန်း မျက်စိကို ယောင်ယမ်းမှိတ်လိုက်မိပြီး အော်လည်း အော်လိုက်မိသည်။ မိုးရယ်...အဲဒီလောက်ကြီး မခြောက်လှန့်ပါနဲ့။ လေနဲ့မိုး အပြိုင်သန်စွာ နှစ်ပွေလိမ်ပြီး ရင်ထဲက အလွမ်းတွေကို ထိုးဆွနေရော့သလား။

ကြောက်ဖို့ထက် တံခါးကို ပိတ်ပြီး ပြန်အလှည့်မှာ ရင်ထဲက ဆစ်ကနဲ နာကျင်သွားရသည်။ ဘာလို့ ဒီလိုနာကျင်ရတာလဲဆို ခွန်း သူ့ကို သတိရလို့လေ။ ဒီလိုအချိန်မျိုးမှာတောင် ခွန်း ဘာလို့ သူ့ကို သတိရနေမိပါလိမ့်။

"ခွန်း"

"............"

"ခွန်း"

"ဟင်"

ဒါ...ဒါ ကိုသရရဲ့အသံ။ ဟုတ်ရဲ့လား...ကိုသရလား။ သူ ဘယ်မှာလဲ။

"ခွန်း"

".........."

"ခွန်းရေ"

ဟုတ်တယ်။ ဒါ ကိုသရ အသံပဲ။ သူ ခွန်းဆီကိုလာတာလား။ အို...မိုးတွေက အရမ်းရွာနေတာ။ သူ ဘာလာလုပ်တာလဲ။ မိုးရေတွေများ ရွှဲနေမလား။ ခွန်း အခန်းထဲမှ ပြေးထွက်လာခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ခွန်းရေ"

"ကိုသရ"

"ခွန်း"

"ကိုသရ"

ခွန်း အိမ်ထဲကနေ ပြေးထွက်လာခဲ့တော့ မိုးက အရမ်းရွာနေသည်။ ဟော…ဟိုမှာ ကိုသရ။ တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲနေပါလား။ ကိုသရ ခြံဝကနေခေါ်နေတာ။ ဘယ်သူမှ ခြံတံခါးဖွင့်မပေးကြပါလား။ ဦးတိုး…ဦးတိုး မရှိဘူးလား။ ဘယ်ရောက်နေပါလိမ့်။ ခွန်း တံခါးသွားဖွင့်ပေးမလို့ ထီးရှာတော့ ထီးက လွယ်လွယ်ကူကူ ရှာလို့မတွေ့ပေ။

ဟော…တွေ့ပြီ။

တွေ့မယ့်တွေ့တော့ ထီးက ညှော်ခန်းထဲက စားပွဲပေါ်မှာ။ ခွန်း ထီးကို ကမန်းကတန်းသွားယူကာ ဖွင့်ဆောင်းပြီး ပြေးထွက်ခဲ့တော့သည်။

"ခွန်း…တံခါးမြန်မြန်ဖွင့်ပါ။ တံခါးမြန်မြန်ဖွင့်ပေးပါ"

အို…သူ ဘာဖြစ်လာပါလိမ့်။ ပြောနေပုံက အရေးတကြီးနဲ့။ ဘာဖြစ်လာလို့ပါလိမ့်။ ခွန်း တံခါးကို အမြန်ဖွင့်လိုက်ပြီး…

"ကိုသရ"

"ခွန်း"

ခွန်း…သရကို ထီးလေးမိုးပေးလိုက်စဉ်မှာပဲ…





"ဟား…ဟား…ဟား…ဟား"

"…………"

"ဟား…ဟား…ဟား…ဟား"

"ဟင်"

ကိုသရရဲ့နောက်မှာ ယုယနဲ့ကိုဇော်မိုးဝေ။ နှစ်ယောက်စလုံးက ရယ်မောပြီး ဇော်မိုးဝေက ကိုသရ လည်ပင်းကို ဓားနှင့် ထောက်လိုက်လေသည်။ ယုယက ကျေနပ်စွာ ရယ်နေဆဲပါပဲ။

"ဟား…ဟား…ဟား…ဟား"

"ယုယ"

"သိပ်အံ့သြသွားသလား ခွန်း…နင်တို့က နင်တို့ကိုယ်နင်တို့ လည်လှပြီထင်နေတယ်ပေါ့လေ…ဟုတ်လား။ ကိုသရရော နင်ရော တို့နဲ့ပြန်လိုက်ခဲ့"

"ဟင့်အင်း"

"နင်တို့နှစ်ယောက်ကို တို့မောင်နှမ အလွတ်မပေးနိုင်ဘူး။ အရင်လို နင် အလုပ်တွေပြန်လုပ်ရမယ်…လာ…လိုက်ခဲ့"

"မလိုက်ဘူး…မလိုက်ဘူး"

"မရဘူး…လိုက်ခဲ့"

"မလိုက်ဘူး"

"ခွန်း"

"ကိုသရ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခွန်း…သရကို အားကိုးကြီးစွာနှင့်ခေါ်ပြီး သရလက်မောင်းကို ဖက်ထားပေမယ့် ယုယက ခွန်းကို အတင်းဆွဲခေါ်သလို ဇော်မိုးဝေက သူတို့နှစ်ယောက်လက်တွေကို မရမက ဆွဲဖြုတ်ပြီး လေလျှင်…

"အေးအေးဆေးဆေး လိုက်ခဲ့နော်…မလိုက်ရင် ဒီမှာ တွေ့လား"

ဇော်မိုးဝေက ဓားတဝင့်ဝင့်နဲ့။ ဒုက္ခပါပဲ။ ဖေဖေတို့၊ မေမေတို့ ဘယ်ရောက်ကုန်ကြပါလိမ့်။ ခွန်းတို့ကို မကယ်ကြတော့ဘူးလား။

"ကိုဇော်မိုးဝေ…မလုပ်နဲ့နော်"

"ဟား…ဟား…ဟား"

ဇော်မိုးဝေက ဟက်ဟက်ပက်ပက်ရယ်ပြီး ဓားကိုင်ထားတဲ့လက်က မြှောက်တက်သွားခြင်းနှင့်အတူ…

"ကဲကွာ"

"မလုပ်နဲ့"

"အား"

"ကိုသရ"

"…………"

"အမယ်လေး သေပါပြီ…ကိုသရ"

ခွန်း အသံကုန်အော်ဟစ်ပစ်လိုက်လေတော့သည်။ အော်ပြီးမှ ကိုယ့်အသံနဲ့ကိုယ် လန့်နိုးချိန်မှာတော့ ခွန်း အိပ်ရာထက်မှာ





ထထိုင်လိုက်မိပြီး ရင်တွေခုန်နေမိတော့၏။ ချွေးတွေလည်း ထွက်လို့…

"သမီး"

"…………"

"သမီး…ခွန်း"

"မေမေ"

"သမီး ဘာဖြစ်လို့လဲဟင်"

ခွန်းဆီကိုရောက်လာတာ မေမေနဲ့ဘိုးဘိုးပါ။ မေမေက ခွန်းကိုယ်လေးကို ပွေ့ဖက်ထားတော့ ခွန်း မေမေ့ရင်ခွင်ထဲ တိုးဝင်ပြီး ငိုလိုက်မိတော့သည်။

"မြေး…ဘာဖြစ်တာလဲ၊ ဘိုးဘိုးကို ပြောစမ်း"

မြေးကို မေးလိုက်ရင်း ဦးမြဒင် မြေးဘေးကစာအုပ်ကို ကောက်ယူလိုက်သည်။ ခွန်း ဒီစာအုပ်ကလေးကို ပိုက်ပြီး ကိုသရအကြောင်းတွေးရင်း အိပ်ပျော်သွားတာပါ။

"သြော်…မြေး အိပ်ပျော်သွားတာထင်တယ်။ အိပ်မက်မက်နေတာမဟုတ်လား"

ခွန်း ခေါင်းညိတ်လိုက်ပြီး…

"ဟုတ်တယ် ဘိုးဘိုး…အိပ်မက်ထဲမှာ ကိုသရကို ကိုဇော်မိုးဝေက ဓားနဲ့ထိုးလိုက်တာ"

"ဒါကြောင့် လန့်အော်တာကိုး"

ဦးမြဒင် ခေါင်းတညိတ်ညိတ် ဖြစ်သွားပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုး…သိပြီ"

"ဟင်"

"မြေး…သရအကြောင်းတွေးရင်း အိပ်ပျော်သွားတာ မဟုတ်လား။ ဘိုးဘိုးတို့လည်း ငယ်ရာကကြီးလာတာ သိပါတယ်ကွယ်။ မြေး…ကိုယ့်ကိုယ်ကိုယ် မညာချင်စမ်းပါနဲ့"

ပြောပြီး ဦးမြဒင် မြေးလက်ထဲသို့ စာအုပ်ကလေးကို ပြန်ထည့်ပေးလိုက်သည်။ အတူသွား၊ အတူလာရှိခဲ့ကြတာပဲ။ သံယောဇဉ်တွေ အနည်းနဲ့အများ မရှိဘဲနေပါ့မလား။

"သမီး"

"……………"

"ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲပါနဲ့ သမီးရယ်…ပတ်ဝန်းကျင်ဆိုတာ ချိုးမွှမ်း ခုနစ်ရက်‥ကွဲ့ရဲ့ ခုနစ်ရက်ပါပဲ"

ဒီတစ်ခါတော့ ခွန်း ငြိမ်သက်နေမိပါပြီ။ နှလုံးသားရဲ့ဆန္ဒကို မလွန်ဆန်ချင်တော့ပါဘူးလေ။ အရှိကို အရှိအတိုင်းပဲ ဝန်ခံဖို့ ခွန်း ဆုံးဖြတ်လိုက်ပြီ ကိုသရ။





# အခန်း (၃၃)

သရ…ခွန်းနဲ့အတူနေခဲ့တဲ့ ဒီအိမ်လေးကို သံယောဇဉ် မပြတ်နိုင်ပေ။ ဒါကြောင့် ဒီအိမ်လေးကို ရောက်လာခဲ့တာပါ။ ဒီအိမ်ကို နောက်ထပ် လူငှားမတင်ပါနဲ့ဦးဆိုလို့ အိမ်ရှင်ဒေါ်မေခမျာလည်း မတင်ရဲပေ။ ဘယ်တင်ပါ့မလဲ။ ဒေါ်မေကို အိမ်ငှားခ ခြောက်လစာ စပေါ်တင်ထားတာပဲလေ။

အခု…

ခြောက်လမှ မပြည့်သေးတာ။ နောက်ထပ် ခြောက်လ ထပ်ငှားဖို့အစီအစဉ်နဲ့ သရ လာခဲ့တာပါ။ ပြီးခဲ့တဲ့ခြောက်လက ရက်လောက်ပဲ ကျန်တော့တာလေ။ နောက်ထပ် ခြောက်လ ထပ်ငှားပြီး ခွန်းကို သတိရတိုင်း ဒီအိမ်လေးမှာ လာနေချင်လို့ပါ။

သရ…



www.burmeseclassic.com

www.burmeseclassic.com



ခွန်း ထမင်းဟင်းတွေ လာပို့ရင် စားပွဲလေးပေါ်မှာ အုပ်ဆောင်းလေးနဲ့ အုပ်ထားနေကျမို့ အုပ်ဆောင်းလေးကို ဖွင့်လိုက်မိသည်။ ဘာမှမရှိပေမယ့် ထိုင်ငေးနေမလို့ပါ။

"ဟင်"

အုပ်ဆောင်းကို ဖွင့်ကြည့်ပြီး သရ မျက်လုံးလည်းဝိုင်း၊ ပါးစပ်ကလည်း ဟင်ကနဲ ဖြစ်သွားလေသည်။

"ထမင်းနဲ့ဟင်းတွေပါလား"

သရ သေသေချာချာ ငုံ့ကြည့်ပြီး…

"ဟင်းချို…ကြက်သည်းကြက်မြစ်…ငါးပိရည်နဲ့ တို့စရာ ပြီးတော့…ပန်းပွင့်ကြော်"

သရ ပန်းပွင့်ကြော်ကို အရင်ခပ်မြည်းလိုက်ပြီး…

"ပူပူနွေးနွေးပဲ ရှိသေးတယ်…ဘယ်သူချက်ထားပါလိမ့်။ ဒေါ်မေ လူသစ်များတင်ထားသလား မသိဘူး"

မျက်လုံးက ဟိုကြည့်ဒီကြည့်နှင့်ပဲ ပြန်ထွက်သွားရမလား၊ ဆက်နေရမလား သရ မသိတော့ပေ။ လူရှိတော့ ရှိနေမှာပါလို့ တွေးပြီး ရှာကြည့်ဖို့ ခြေလှမ်းစလိုက်စဉ်မှာ…

"ဟင်"

နောက်ကနေ သရ မျက်လုံးကို တစ်ဦးတစ်ယောက်က လက်နှင့်ဖိပိတ်ခြင်း ခံလိုက်ရသည်။ ဘယ်သူလဲ…ယုယများလား။ ဒီမှာ ပြန်လာနေတာများလား။ ဘုရား…ဘုရား…ကိုယ်တော့ ကျားရှေ့မှောက်လျက် လဲပြန်ပြီထင်ပါရဲ့။





"ဘယ်သူလဲ"

"……………"

"ဘယ်သူလဲလို့ မေးနေတယ်လေ"

"……………"

"ဟော့…ငါ မေးနေတယ်နော်"

နောက်ကလူက လုံးဝ အသံမတုံ့ပြန်ဘဲ သရမျက်လုံးကို ပိတ်ထားတဲ့လက်က ပို၍ ဖိလာလေသည်။ သရ ထိုလက်ကို ခပ်ကြမ်းကြမ်းဖယ်ချပြီး လှည့်ကြည့်လိုက်တော့…

"ဟင်"

"……………"

"ခွန်း"

ခွန်းက ရယ်နေသည်။ သရ ကိုယ့်မျက်လုံးကိုယ် မယုံသင်္ကာဖြစ်ပြီး ပွတ်လိုက်မိ၏။ အိပ်မက်မက်နေတာလား မဟုတ်ဘူး…ဒါ အိပ်မက်မဟုတ်ပါဘူး။

"ခွန်း…မင်း…မင်း ခွန်းအစစ်ပါနော်"

"စစ်တာမှ ရေမရောဘူး"

ခွန်းက လက်ကလေးခါပြပြီး ပြောလေတော့…

"ခွန်းရယ်"

"……………"

"ခွန်း…ဒီကို ဘာလာလုပ်တာလဲ"

"ဘာလာလုပ်တယ်ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



အထင်တစ်ခုနဲ့ ရင်ထဲမှာ နွေးသလို ဝမ်းသာသလိုလို ရှိသွားပေမယ့် ရာနှုန်းပြည့်တော့ မဟုတ်ပါဘူးလေ။ မမျှော်လင့်ရဲပါဘူး။

"ကိုယ် မထင်ရဲပါဘူး ခွန်းရယ်…ကိုယ်လိုရာဆွဲတွေး ကြည့်ချင်ပေမယ့် ကိုယ့်မှာ အဲဒီလိုအခွင့်အရေးမျိုးမှ မရှိတာ"

"ဘာလို့မရှိရမှာလဲ…ရှိတယ်လေ"

"ဟင်"

"ခွန်းရဲ့ခေါင်းမှာ ဒုတိယအကြိမ် ခစားခွင့်ရတဲ့ပန်းကို ခွန်းရဲ့နှလုံးသားကိုပဲ ပထမဦးဆုံး သိမ်းပိုက်ယူထားနိုင်တဲ့ သူ့လက်ထဲ ထည့်ပေးမလို့ မနက်အစောကြီးကတည်းက လာစောင့်နေတာ"

"ဟင်"

သရအကြည့်က ခွန်းခေါင်းမှာ ပန်ထားတဲ့ နှင်းဆီပွင့်လေးဆီသို့ ရောက်သွားလေသည်။ ဒီတစ်ခါ ပန်ထားတဲ့နှင်းဆီပွင့်က ပန်းရောင်။ ပန်းရောင်ဆိုတာ ချစ်ခြင်းရဲ့သင်္ကေတ။ ဒီပန်းကို ခွန်းက ကိုယ့်ကိုပေးမယ်တဲ့လား။ ကြားမိတဲ့ ကိုယ့်နားကိုယ်ပင် သရ မယုံချင်ပေ။

ဟုတ်ရဲ့လား…

ဒီစကားကိုပြောနေတာ ကိုယ်သိပ်ချစ်တဲ့ ခွန်းပါးစပ်က ဟုတ်ရဲ့လား။





"ဒါဆို…ခွန်းက ကိုယ့်ကို"

"ဘွားက ဖုန်းဆက်ပြောလို့ သူ ဒီလာမယ်ဆိုတာ သိတယ်လေ။ အဲဒါကြောင့် ခွန်း လာစောင့်နေတာပါ"

ခွန်းက ခေါင်းမှပန်းလေးကို ဖြုတ်လိုက်ရင်း ပြောလေသည်။

"ကိုယ်မေးတာ အဲဒါမဟုတ်ဘူးလေ…ခွန်း ကိုယ့်ကို"

"ရော့"

ပန်းလေးကို ခွန်းက သူ့လက်ထဲသို့ ထည့်ပေးပြီးလေလျှင်

"နောက်ဆို ခွန်း ဘယ်တော့မှ နှင်းဆီပန်းမပန်တော့ဘူး။ သိမ်းထားစရာ ပန်းပွင့်တွေများလာရင် တယုတယ တန်ဖိုးမထားတော့မှာစိုးလို့။ အဲဒါကြောင့် ဒီပန်းက ခွန်းခေါင်းမှာ နောက်ဆုံးအကြိမ် ခစားခွင့်ရတဲ့ ပန်းပဲ။ ပထမဦးဆုံးပန်တဲ့နှင်းဆီနဲ့ နောက်ဆုံးပန်တဲ့နှင်းဆီ နှစ်ပွင့်စလုံး 'ကို'ပဲ ပိုင်တယ်"

"ဘယ်လို"

"…………"

"ဘယ်လိုခေါ်လိုက်တယ် ခွန်း…ကို…ဟုတ်လား"

"နားမကြားဘူးလား"

ခွန်း မျက်စောင်းလေးထိုးပြီး တစ်ဖက်လှည့်သွားလေတော့ သရ…ထခုန်မတတ် ဝမ်းသာသွားလေသည်။

"ကိုယ့်ကို ခွန်းက 'ကို'လို့ ခေါ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား…ဝမ်းသာလိုက်တာ ခွန်းရယ်"

သရ…ခွန်းကိုယ်လေးကို ထွေးဖက်ထားလိုက်မိတော့သည်။ ဒီတစ်ခါ ခွန်း မရုန်းတော့ပါဘူး။ ကြည်ဖြူစွာနဲ့ပဲ ဒီရင်ခွင်ထဲကို ခေါင်းတိုးဝင်လိုက်တာပါ။ လက်သီးနဲ့လည်း မထိုးတော့ပါဘူး။ နှလုံးသားက လက်မခံဘူးလေ။ ဒီတစ်ခါ ထိရဲထိကြည့်။

ခွန်းကို သရနဲ့ဝေးအောင် လုပ်မယ်လို့ စိန်ခေါ်နေသလား မသိပါဘူး။ ခွန်း သူနဲ့ အဝေးမခံနိုင်ဘူးလေ။

"ခွန်း"

"…………"

"ခွန်း…ကိုယ့်ကို ချစ်တယ်ပေါ့နော်"

"ဟင့်အင်း"

"ဟင်…ဒါဆို"

"မြတ်နိုးတာ"

"ဟာ…ခွန်းရယ်"

စိတ်ထဲမှာ မချင့်မရဲဖြစ်သွားလေတော့ အနမ်းပန်းလေးတွေက တစ်ပွင့်ပြီးတစ်ပွင့် ဆင့်ကာဆင့်ကာခြွေ။ ဩော်…အချစ်ဆိုတာ ခုတော့လည်း နူးညံ့သိမ်မွေ့ခြင်းပေါ့လေ။

"ကိုယ်ကတော့ ခွန်းကို အရမ်းချစ်တယ်။ အရမ်းမြတ်နိုးတယ်…သိလား"

"ဟုတ်လား"

"ဟုတ်တာပေါ့…ဘာလဲ…မယုံဘူးလား"





"…………"

"ပြောလေ"

"ယုံပါတယ် ကိုရဲ…ခွန်းလည်း ကိုကို ချစ်တာပဲလေ"

"ခွန်းရယ်"

ဒီနေ့တော့ သရရင်မှာ ပန်းတွေမွှေးလို့ စမ်းရေလည်း အေးခဲ့ပါပြီလေ။

"အရမ်းချစ်တယ်"

ခွန်း ခေါင်းလေးညိတ်ပြီး သူ့ရင်ဘတ်ကို ခိုးနမ်းလိုက်မိသည်။ ယုယကို ချစ်ခဲ့ပါတယ်ဆိုတဲ့ ခွန်း…

အနှစ်နဲ့အကာကို ခွဲခြားတတ်ပါပြီလေ။တကယ့်အချစ်စစ်ဆိုတာ နူးညံ့သိမ်မွေ့လွန်းလှတယ်ဆိုတာ…

ပရိသတ်များကို ထာဝရ ချစ်ခင်လေးစားလျက်…

မိုးစက်ပွင့်

၇-၉-၂၀၁၆



www.burmeseclassic.com

www.burmeseclassic.com



### မိုးစက်ကဗျာ

မိုးတွေရွာတဲ့နေ့မှာ
ကဗျာဆန်တဲ့ ပန်းလေးပွင့်ခဲ့
ဝါဆိုဟာ ပျော်စရာ
ရာသီခွင်မှာ ပါခဲ့ဖူးတာပေါ့။
　　လေပြေမှာပျော်ပြီး
　　မုန်တိုင်းကိုမေ့
　　လေပြင်းတိုက်တဲ့နေ့မှာ
　　လွင့်စင်မျောပါခဲ့ရတယ်။
ဝေနေတဲ့ပန်းမကြွေဖို့
ခြွေယူလိုက်တဲ့ဝေဒနာ
ရင်မှာပွေ့ပိုက်ထားတဲ့
နောင်တမဲ့ သစ္စာဆူး
　　ထီးမပါ ဖိနပ်မပါ
　　ခေါင်မလုံ အကာမပါ
　　ခိုနားရာရပ်ဝန်း မဖြစ်နိုင်တော့
　　ဗလာရင်ခွင်ကို စွန့်ခွာပါ မိုး။

စွယ်တော်ရွက် (မန္တလေး)အား
အထူးကျေးဇူးတင်ပါသည်။

၂၀၁၆ ဒီဇင်ဘာတွင်
ဖတ်နိုင်ပါပြီ . . .

**မမသဒ္ဒါမောင်**
အသည်းကို အလျော်ပေးမယ်

**ကြယ်စင်မှူးဝေ**
အချစ်က တိမ်လို… မြူလို

**မိုးစက်ပွင့်**
ပန်းပေမို့ ကြွေမှာစိုးတယ်လေ

**အလင်းသစ်**
မမေ့နိုင်ဘူးကွယ်… ငယ်ချစ်ဆွေ

**မမသဒ္ဒါမောင်**
အသည်းကို အလျော်ပေးမယ်

**လှိုင်းကြာဖြူ**
ကြေကွဲပွင့်တို့ ငိုရှိုက်သံ